
www.burmeseclassic.com



သစ္စာမွန်စာပေ

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

# ရွှေဘဝင်

ခုနစ်ပြည်ထောင်

L လင်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၆ခုနှစ်၊ဇန်နဝါရီလ၊ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀)ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)<br>အမှတ်(၃၈)၊မလွှကုန်းလမ်း<br>ကျောက်မြောင်း၊တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင်(၀၀၆၅၁)<br>သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊<br>တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိမ် |
| ဖြန့်ချိရေး | - | သစ္စာမွန်စာပေ |
| အတွင်းဖလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |


BURMESE CLASSIC


၈၉၅.၈၃

ရွှေဘဝင်

စုနစ်ပြည့်ထောင်/ရွှေဘဝင်။-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၅။

၂၂၂-စာ၊ ၁၂×၁၈ စင်တီ။

(၁) စုနစ်ပြည့်ထောင်


www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်
၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

BURMESE CLASSIC

'ဆရာရောက်ပြီ'

ခရီးလမ်းတစ်လျှောက်လုံး အိပ်ပျော်လာသော လူတစ်ယောက်ကို ကားဒရိုင်ဘာက လှုပ်ပြီးနှိုးလိုက်သည်။

'ဆရာ သွားချင်တဲ့ ခုနစ်ပြည်ထောင်ရွာ အဝင်လမ်းပဲ'

ကားတံခါးကို မဖွင့်သေးဘဲ ဒရိုင်ဘာညွှန်ပြလိုက်သော နေရာကို မျက်လုံးပွတ်သပ်ပြီးကြည့်လိုက်မိ၏။ ကွင်းပြင်ကြီးအလယ်မှ ဖောက်လုပ်ထားသော မြေနီလမ်းတစ်ခု၊ ကွင်းပြင်ဆိုပေမယ့် လယ်ယာကွင်းပြင်တော့မဟုတ်။ မြေရိုင်းတွေပေါ်မှာ ချုံနွယ်တွေကွက်ကြားပေါက်ရောက်နေသော နေရာဖြစ်သည်။

'ကျေးဇူးပဲ‥ကားခဘယ်လောက်ပေးရမလဲ'

'ရပါတယ်ဆရာ… ဒီခရီးလမ်းကို တစ်ယောက်တည်း မသွားရဲတာ၊ ဆရာနဲ့တွေ့လို့ မောင်းလာရဲတာပါ၊ ကျွန်တော်က ကျေးဇူးတောင်တင်ရဦးမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'စကားမစပ် ခင်ဗျား ခုနစ်ပြည်ထောင်ကို ရောက်ဖူးလား'

'ရောက်ဖူးဖို့နေနေသာသာ စိတ်နဲ့တောင် မသွားရဲဘူး'

'ဘာဖြစ်လို့လဲ'

'တကယ်ကြောက်စရာကောင်းတဲ့ ခုနစ်ပြည်ထောင်ရွာပဲ ဆရာ၊ ကြောက်စရာကောင်းတာတွေပြောရရင် ပြောလို့ဆုံးမှာ မဟုတ်ဘူး၊ ဒါနဲ့ ဆရာက ဘာသွားလုပ်မှာလဲ'

'လူတစ်ယောက်ကိုလာပြီးရှာတာ'

'သွားတာတော့ ကြည့်ပြီးသွားဆရာရေ.. လူတစ်ယောက် အသက်ဟာ ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်လောက် တန်ဖိုးမရှိတဲ့နေရာဆိုတာလေးပဲ ပြောလိုက်ပါရစေ'

'ကျေးဇူးပဲဗျို့၊ ကျုပ်ဆိုတဲ့လူက မရဏာမင်းနဲ့ အရမ်းရင်းနှီးတဲ့လူဗျ'

'ဗျာ..'

'သူတို့ သတ်လည်း မသေနိုင်ဘူး..သွားပြီ'

ဒရိုင်ဘာက ထိုလူကို နားမလည်စွာကြည့်ပြီး ကားစက်နှိုးကာ ထွက်သွားလေတော့သည်။ ကားပေါ်မှဆင်းသွားသူ နာမည်က မီးတောက်ဒိုး...လုပ်ကိုင်သည့်အလုပ်က ကြေးစား သမားတစ်ဦး၊ လူသတ်ခြင်းအလုပ်ကလွဲပြီး တခြားသော အလုပ်တွေကို သူမလုပ်။ ယခုလည်း (၁၀)နှစ်ကျော် ပျောက်ဆုံးသွားသော လူတစ်ယောက်ကို ရှာဖွေရန် ရောက်ရှိလာခြင်း ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ဒိုး လာခဲ့ရသောနေရာမှာ အိန္ဒိယ-မြန်မာ နယ်စပ်ဒေသတစ်ခုဖြစ်သော နိုခေါဒေါ (တီးတိန်) နယ်နိမိတ် တစ်ခုထဲပင်။ လူနေမှုစရိုက်၊ ရိုးရာယဉ်ကျေးမှုတွေက မြန်မာနဲ့ အိန္ဒိယ ရောထွေးစွာရှိနေသော အရပ်ပင်ဖြစ်၏။

ကားပေါ်မှဆင်းပြီး တစ်နာရီနီးပါးလောက် နားခိုစရာ ကင်းမဲ့သော မြေနီလမ်းအတိုင်း လျှောက်လာခဲ့ရင်း ချောင်းတံတား တစ်ခုဆီသို့ရောက်ခဲ့သည်။

ချောင်းရေဆိုပေမယ့် နောက်ကျိနေသော ချောင်းရေမဟုတ်၊ ရေမှာကြည်လင်ပြီး အောက်ခြေထိမြင်နေရခြင်းကြောင့် မီးတောက်ဒိုး တံတားအောက်ကိုဆင်းကာ ကျောပေါ်မှ စစ်ကျော ပိုးအိတ်ကြီးကိုချပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လိုက်သည်။ ချောင်းရေကိုတော့ မသောက်ရဲသောကြောင့် မသောက်ဘဲနေ လိုက်သည်။

'ဟူး..ခုမှပဲ လန်းဆန်းသွားတော့တယ်'

တံတား၏နားမှာပေါက်နေသော ကုက္ကိုပင်ကြီးအောက် တွင် ထိုင်ချပြီး အမောဖြေကာ နားလိုက်စဉ်..

'ခွပ်...ခွပ်...ခွပ်..'

'ကယ်ပါဦး...'

'ဟင်...'

မြင်းခွာသံနှင့် အမျိုးသမီးတစ်ယောက်၏ အော်သံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရခြင်းကြောင့် ထိုင်နေရာမှထပြီး ကြည့်လိုက်သည်။ တံတားဘက်ဆီသို့ ဒုန်းစိုင်းပြေးလာနေသော မြင်းတစ်ကောင်၏ ကျောပေါ်မှာ မိန်းကလေးတစ်ဦး..မြင်းမှာ ကြောက်လန့်တကြားနှင့် ခြေဦးတည့်ရာကို ပြေးနေသော အခြေအနေ၊ မီးတောက်ဒိုး တံတားဘောင်ပေါ်သို့တက်ပြီး ပြေးလာနေသော မြင်းပေါ်သို့ ခုန်တက်ကာ မိန်းကလေးရော မြင်းဇက်ကြိုးကိုပါ ပိုင်နိုင်စွာ ကိုင်ထားကာ မြင်းကို ရအောင်ထိန်းပေမယ့် မြင်းမှာ ဘယ်လိုမှ ထိန်း၍မရနိုင်အောင် အရိုင်းစိတ်ဝင်နေပြီဖြစ်သည်။

'ခုန်ဆင်းပြီ..'

'အမေ့..'

'ဝုန်း...'

မြေပြင်ပေါ်သို့ နှစ်ယောက်လုံး လိမ့်ဆင်းသွားပေမယ့် သူမကို မီးတောက်ဒိုး ခါးမှ သိုင်းဖက်ပြီး အထိမနာအောင် ကာကွယ်ပေးလိုက်ရသည်။

'မင်း ဘာဖြစ်သွားသေးလဲ'

'ခြေထောက် ခေါက်သွားတယ်'

သူမကို လက်မောင်းမှ ဆုပ်ကိုင်ပြီးဆွဲထူပေးလိုက်သည်။

'လမ်းလျှောက်လို့ရော ရလား'

သူမ ခြေထောက်ကို စမ်းပြီးလျှောက်ပေမယ့်...

'အား..နာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဘာဆက်ပြီးလုပ်ပေးရမလဲ အမိ..'

'ဟို..ဟို...ထိပ်ထားကို ရွှေနားက ရွာထိ ပို့ပေးပါလား'

'ရပါတယ်.. ပွေ့သွားရမှာဆိုတော့ အရမ်းဝေးရင် မဖြစ်ဘူး'

'သိပ်မဝေးပါဘူး၊ နောက်ကနေ ထိပ်ထား လူတွေ လိုက်လာလောက်ပါပြီ'

'ကောင်းပြီလေ.. ခဏနေဦး၊ ကျုပ်ကျောပိုးအိတ် ယူလိုက်ဦးမယ်'

မီးတောက်ဒိုး ကျောပိုးအိတ်ကိုလွယ်ပြီး သူမကို ပွေ့မကာ တံတားပေါ်သို့ တက်လာခဲ့စဉ်...

'ဒိုင်း...'

'ဟင်..'

သေနတ်သံက သူတို့ဆီကို လာသည့်အသံမဟုတ်၊ မိုးပေါ်သို့ ထောင်ပြီးပစ်သောအသံနှင့်အတူ မြင်းစီးသမား (၁၀)ဦးလောက် သူတို့ကို ဝိုင်းရံထားသည်။

'အစ်ကိုလေး... သူ..သူက ထိပ်ထားလေးကို ကယ်တင်တဲ့သူပါ'

သူမ သူ့လက်ပေါ်မှဆင်းပြီး ရှေ့မှပိတ်ရပ်ကာ ရှေ့ဆုံးတွင် သေနတ်ကိုင်ထားသော လူကိုပြောနေခြင်းပင်..

'မင်း...ဘယ်ကလာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာပြည် အထက်ပိုင်းက လာတာ'

'ဘာလာလုပ်တာလဲ'

'ခြေဦးတည့်ရာ သွားနေတာ'

မီးတောက်ဒိုး တစ်ဖက်က ခပ်မာမာပြောနေသောကြောင့် သူ့ဘက်က ခပ်ပြတ်ပြတ်လေးပြောမိလိုက်သည်။

'မင်း ခုရောက်နေတဲ့နေရာကိုရောသိရဲ့လား'

'မြန်မာပြည်ထဲမှာတော့ သေချာတယ်'

'မင်းစကားသံက မာလှချည်လား..တယ်..'

'အစ်ကိုလေး..'

'ငါ့ညီမကို ကူညီထားတဲ့ကိစ္စလေးရှိလို့ မင်းသက်သာ သွားတယ်မှတ်၊ နောက်တစ်ခါဆုံလို့ မင်းခုလိုလေသံမျိုးဆိုရင် ကိုယ့်အလောင်းမြှုပ်ဖို့မြေကိုကိုယ်တိုင်တူးရမယ်၊ ဟိုကောင် ဂျာဝါး.. ညီမလေးကိုတွဲပြီး မင်းမြင်းပေါ်တင်လိုက်၊ ပြီးရင် မင်း မြင်းကြိုး ဆွဲပြီးခေါ်လာခဲ့..'

'ဟုတ်ကဲ့ သခင်လေး'

သူမ..သူ့ဘက်ကိုလှည့်ကြည့်ပြီးနောက်...

'သွားမယ်နော်.. ကျေးဇူးကိုမမေ့ပါဘူး'

'ကောင်းပါပြီ'

သူမကို ခေါ်ဆောင်သွားသော မြင်းကိုကြည့်ပြီး မီးတောက်ဒိုး ခရီးဆက်ခဲ့လေသည်။ မနက်ကတည်းက ဘာမှ မစားလာသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဗိုက်ထဲတွင် ဆာလောင်နေလေပြီ၊ ဤသို့ သောနေရာတွင် ထမင်းဆိုင်၊ စားသောက်ဆိုင်ဘယ်လိုမှ ရှိနိုင်မည်မဟုတ်။ ရွာလေး တစ်ရွာကို လှမ်းပြီးတွေ့လိုက်တော့ သူ့ ဗိုက်ကိစ္စကို အခြေအနေ ကြည့်ပြီး ရှင်းရတော့မည် ဖြစ်သည်။

ရွာထိပ်ဆီသို့ ရောက်လာခဲ့ပေမယ့် လူအရိပ်အယောင်ကို မတွေ့ရသောကြောင့် အံ့အားတော့ သင့်သွားသည်။ အိမ်တွေကို ကြည့်တော့ တံခါးအားလုံး ပိတ်ထားသည်။ မီးတောက်ဒိုး ရွာ ထဲဆက်ပြီး လျှောက်လာတော့…

'ဖြောင်း…'

'ဟင်..'

ခြံစည်းရိုးကြီးတစ်ခုကို ချိုးဖြင့်ခတ်ပြီးထွက်လာသော ကျွဲ ကြီးတစ်ကောင်….

'ဟာ…'

'သား…လူလေး…',

ကလေးငယ်တစ်ယောက်က ဖြတ်ပြီးအပြေး ကျွဲကြီးမှာ သူ့ပြေးလမ်းကြောင်းပေါ်က ကလေးငယ်ကို ချိုဖြင့်ခတ်မည်အပြု

'ဘုတ်..'

မီးတောက်ဒိုး… ကလေးငယ်ကို ပြေးပွေ့ကာ တစ်ဖက်သို့ လှိမ့်ဝင်လိုက်သည်။

'ဖြောင်း…ဝူး…'



www.burmeseclassic.com

www.burmeseclassic.com



ကျွဲကြီးမှာ အခဲမကျေသောဒေါသဖြင့် မီးတောက်ဒိုးကို ရန်မူရန် ပြင်ချိန်တွင် ကလေးငယ်ကို လုံခြုံသည့်နေရာတွင် ထား လိုက်ပြီး အနီးပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်တော့ လုံ သဖွယ်ချွန်ထားသော ဝါးလုံးရှည်တစ်ချောင်းကိုတွေ့ပြီး ဆုပ်ကိုင် လိုက်သည်။

'ဝူး…ဂီ…'

ကျွဲကြီး ချိုကိုဟန်ချက်ပြင်ပြီးပြေးဝင်လာသဖြင့် မီးတောက်ဒိုး မြေပြင်တွင် နောက်လှန်ချလိုက်ပြီး အပေါ်မှချိဖြင့် ဇော့မည့်ကျွဲကြီး၏ ရင်ညွန့်တည့်တည့်ကို ရိုက်သွင်းလိုက်သည်။

'ဝူ….အု…အူး…'

တစ်ချက်နှစ်ချက်ပဲ ရုန်းပြီးမြေပြင်တွင် ငြိမ်သက်သွား သည်။

ပုန်းနေသောကလေးငယ်လက်ကိုဆွဲကာ အပြင်သို့ပြန်ပြီး ထွက်လာတော့မှ ကလေး၏ ဖခင်ဆိုသူရောက်လာပြီး…

'ကျေးဇူးတင်ပါတယ် ဆရာလေးရယ်'

'ရပါတယ်ဗျာ..ကြုံကြိုက်သွားလို့ပါ'

ရွာထဲမှ လူတွေပါထွက်လာပြီး သေဆုံးနေသော ကျွဲကြီး ကို ကြည့်လိုက်၊ မီးတောက်ဒိုးကို ကြည့်လိုက်နှင့် တစ်ခုခုကို စိုးရိမ်နေသလို..

'ကူနောင်တာ..မင်းဘယ်လိုလုပ်မလဲ၊ သူတို့ကျွဲကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်ပြီ၊ ငါတို့ရွာတော့ မီးလောင်ပါပြီကွာ’

‘ခုလိုဖြစ်တဲ့ကိစ္စအတွက် ငါရှင်းပါမယ်၊ ငါ့သားလေး အသက်ကို ကယ်တဲ့ကျေးဇူးရှင် ဘာမှမဖြစ်စေရဘူး’

‘ကျွန်တော် မသိလို့မေးချင်တယ်’

‘ဘာမေးချင်တာလဲ ဆရာလေး’

‘ဒီကျွဲကြီးကို သတ်တာ အပြစ်ရှိနေလို့လား’

‘ရှိတယ် ဆရာလေး··ဒီကျွဲကြီးက ဒီနှစ်ကျွဲရိုင်းသတ်ပွဲမှာ အသုံးပြုမယ့်ကျွဲကြီး’

‘ကျွဲရိုင်းပွဲမှာ အသုံးပြုမယ့်ကျွဲဆိုရင်လည်း သေသေချာချာ လှောင်ထားပေါ့၊ ခုလို လွှတ်ထားတာ လူတွေအတွက် ဘယ်လောက် အန္တရာယ်များလဲ’

‘ဒီလိုအချိန်ဆိုရင် ရွာမှာ လူတွေမနေရဲတာ ဒီကျွဲကြီးကြောင့်ပါ ဆရာလေး၊ ကျွန်တော်တို့က ခြံမြေအလုပ်နဲ့ထမင်းစားနေရတဲ့သူဆိုတော့ အိမ်ကို ခွာပြီးမသွားနိုင်လို့ ခုလိုကြုံရတာပါ’

‘ခင်ဗျားဘာမှ စိတ်ထဲမှာ မထားနဲ့ ကျုပ်ကိစ္စကျုပ်ရှင်းမယ်’

‘ဆရာလေး··မလုပ်ပါနဲ့၊ ဒီကောင်တွေက မလွယ်ဘူး’

သူတို့စကားမဆုံးခင် မြင်း(၅)ကောင်နှင့်လက်နက် ကိုင်ဆောင်ထားသူတွေ ရောက်လာကြသည်။

‘ဘယ်ကောင်လဲ မဟူရာကို သတ်လိုက်တာ’



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သတ်တာပဲ၊ လူ့အသက်ကို ရန်ရှာလို့ ကာကွယ်တဲ့သဘောပါ'

'ဘာကွ..မင်းက ဘာကောင်မို့လို့ သတ်ရဲရတာလဲ'

'ကျုပ်ဘာကောင်မှမဟုတ်ဘူး၊ ကိုယ့်ကိုအန္တရာယ်ပေးမယ့်သူရှိလို့ တောင်းပန်လို့မရနိုင်လို့ သတ်ပစ်လိုက်တာ'

'တယ်..'

'ချောက်..ချောက်...ချောက်...'

မီးတောက်ဒိုးကို သေနတ်တွေနှင့်ဝိုင်းပြီးချိန်ထားလိုက်သည်။

'တစ်ယောက်တည်း ချိန်တာနဲ့လုံလောက်ပါတယ်၊ ဒီလောက်ကြီး မလိုအပ်ပါဘူး'

မီးတောက်ဒိုး ဘာမှမဖြစ်သလို ပြုံးလိုက်ပြီးပြောလိုက်သည်။

'ခေါ်ခဲ့စမ်းကွာ၊ သခင်လေးဆီ ခေါ်သွားရမယ်'

'ဟော့ကောင်..'

မီးတောက်ဒိုးကို ကြိုးတဝတ်ပြီး ခေါ်ဖို့ ဆင်းလာသောကောင်အနားသို့ရောက်လာ၍ ကြိုးတုပ်မည်အပြု...

'ဖြောင်း..'

'အင့်..'

'ဟင်...ဟော့ကောင်တွေ..'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ပစ်တဲ့ ကျည်ဆန်တွေ ငါ့ဆီထက် မင်းတို့ကောင်တွေဆီကို စုပြုပြီးရောက်သွားမှာနော်၊ ငါ့ဘက်က အနည်းဆုံး (၃) သက်လောက်တော့ ပြန်ပြီးခေါ်သွားမှာ၊ မယုံမရှိနဲ့'

မီးတောက်ဒိုး စကားကြောင့် ငနဲသားတွေ နည်းနည်းတော့ တွန့်သွားသည်။

'မင်းတို့ ခေါ်တဲ့နောက်ကို ငါလိုက်ခဲ့မယ်၊ ကြိုးတုပ်ပြီး ခေါ်တာမျိုးတော့ ဆောရီးပဲ၊ အလောင်းပဲ ရသွားမယ်မှတ်၊ မင်းတို့ ရှေ့ကနေသွား၊ ငါလိုက်ခဲ့မယ်'

'သွားမယ်'

'ခွပ်..ခွပ်..ခွပ်..'

မီးတောက်ဒိုး..မြင်းတွေနောက်က အေးဆေးစွာလိုက်ပါသွားသည်။ ရွာ၏အစွန်ဆုံးကိုရောက်တော့ ကျွန်းသစ်လုံးကြီးတွေဖြင့်တည်ဆောက်ထားသော ပျဉ်ထောင်အိမ်ကြီးကို ခမ်းနားစွာတွေ့လိုက်ရသည်။ ခြံအဝင်အထွက်လည်း တံခါးချပ်ကြီးတွေက တကယ်ပင် ထည်ထည်ဝါဝါပင်ရှိလှသည်။

'နေဦး...တံခါးဖွင့်စမ်း'

'ကျွိ...'

ကျွန်းတံခါးချပ်ကြီးပွင့်သွားသည်နှင့် ခြံဝန်းကြီးထဲသို့ ဝင်လာသည်။

'ဖုန်း..ဘာဖြစ်လာတာလဲ၊ ဩော်..ဘယ်သူမှားလဲမှတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်းကိုး… ပြောစမ်း ဒီကောင်ကိုဘာလို့ခေါ်လာတာလဲ'

'မဟူရာကြီးကို သတ်လိုက်ပြီ'

'ဘာ…ဘာပြောတယ်၊ မဟူရာကြီးကို ဘယ်သူက သတ်နိုင်လို့လဲ၊ ပေါက်ကရ မပြောနဲ့ ဖုံနူး'

'ကျွန်တော်မျိုး တကယ်ပြောတာ ၊ ဒီကောင် ဝါးချွန်နဲ့ထိုးသတ်တာ'

'မဖြစ်နိုင်ဘူး၊ မဟူရာလိုကောင်မျိုးကို ဝါးချွန်နဲ့ထိုးသတ်လို့ရတဲ့ကောင်မျိုးမဟုတ်ဘူး၊ ပြောစမ်း၊ သေနတ်နဲ့ပစ်လိုက်တာမဟုတ်လား၊ ဟေ့ကောင်…ပြောစမ်း'

'ကျုပ်ဘာမှ ပြောစရာမလိုပါဘူး၊ မင်းတပည့်တွေပဲ မေးကြည့်တာ ပိုပြီးမှန်မှာပေါ့ကွာ'

'တောက်…အေး…မင်းကတော့ သေနေ့စေ့ပြီ'

'မြန်မာပြည်ဟာ မင်းမဲ့နိုင်ငံမဟုတ်ဘူး၊ ဥပဒေမဲ့ လုပ်ချင်တိုင်းလုပ်လို့ရနေတယ်လို့ထင်ရင် မှားသွားမှာပေါ့'

'ငါတို့အတွက် ဥပဒေမလိုဘူး၊ ခုနစ်ပြည်ထောင်မှာ ငါတို့ရဲ့သြဇာပဲရှိတယ်၊ ကြာတယ်ကွာ၊ ဟိုတိုင်မှာ ကြိုးနဲ့ချည်ထားလိုက်'

'သခင်…လေး…'

'ဖုံနူး…မင်းဘာဖြစ်တာလဲ'

'ဒီကောင်…ဒီကောင်က ကြိုးချည်မခံဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ..ကွ'

'ကျုပ်ရဲ့ရာဇဝင်မှာ ကြိုးချည်ခံပြီး အရှုံးပေးတာမရှိဘူး၊ သေရင်တောင် ခပ်ရှင်းရှင်းပဲသေမယ်၊ သတ်ရဲရင်သတ်လိုက်'

'ဖြောင်း...ဖြောင်း...ဖြောင်း...တယ်ပြီးလာတဲ့ ကောင်ပဲ အေး..ကြိုက်သွားပြီ.., အဂ္ဂ'

'သခင်လေး'

'ဒီကောင်ကို မင်းဘယ်လက်သီးနဲ့သေတာကိုတွေ့ချင်တယ်'

'တွေ့စေရမယ် သခင်လေး'

လူ့ဘီလူးကြီးလားဟု ထင်မှတ်ရသော လူထွားကြီးတစ်ယောက် မီးတောက်ဒိုးရှေ့သို့ထွက်လာပြီးနောက်...

'ကဲ...သေစမ်းကွာ..'

'ဝိုး...ဖြောင်း..'

မီးတောက်ဒိုးကို ဒလစပ်ဝင်ပြီးထိုးသည်ကို အသာအယာရှောင်တိမ်းပြီး မျက်နှာဆီသို့ မီးတောက်ဒိုး တစ်ချက်ဖွဲ့ထိုးပေမယ့် ဘာမှမဖြစ်သလို..

'မင်းလက်သီးက ပန်းနဲ့ပေါက်သလိုပဲ'

'လက်သီးက ပန်းနဲ့ပေါက်တာဆိုရင် ဒီခြေထောက်ကို အရသာခံကြည့်လိုက်...လာပြီ..'

'ဝိုး..ဖြောင်း..ဖြောင်း..'



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ဒိုး လေထဲမှာ နှစ်ဆင့်ခုန်ပြီး ကန်ချလိုက်သဖြင့် နောက်သို့ ဟန်ချက်ပျက်ပြီးသွားပေမယ့် လဲတော့မသွား··

'ကဲ··ထပ်ပြီးလာပြီဟေ့··'

'ဒုတ်···အီး··'

လူထွားကြီးအရှိက်တည့်တည့်ဆီသို့ ခြေစုံဝင်ပြီး ကန်ချလိုက်သည်။ ဒီတစ်ခါတော့ အဂ္ဂ ဆိုသော လူထွားကြီး လှုပ်ပင်မလှုပ်နိုင်တော့။

'ပေးစမ်းသေနတ်'

'အစ်ကိုလေး··'

'ထိပ်ထား··မင်းဘာလုပ်ဦးမလို့လဲ'

'သူ့ကိုမသတ်ပါနဲ့'

'ထိပ်ထား··မင်းဝင်ပြီးမပါနဲ့နော်၊ ဒါအစ်ကိုလေးတို့ကိစ္စ'

'ထိပ်ထားဝင်ပြီး မပါလို့မရဘူး၊ သူက ထိပ်ထားအသက်ကို ကယ်ထားတဲ့သူ၊ ခု မဟူရာကိစ္စမှာလည်း သူက တမင်သတ်တာမှမဟုတ်တာ၊ သူ့အသက်ကို ရန်မူလို့လုပ်တာပဲ'

'ထိပ်ထား··မင်းသွားတော့'

'မသွားဘူး အစ်ကိုလေးကို ထိပ်ထားတားလို့မရရင် မယ်ဆီကို သွားပြီးပြောမယ်'

'ဟာ··ထိပ်ထား··'

သခင်လေးဆိုတဲ့သူ 'မယ်'ဆိုသောအမည်ကြောင့် ခပ်တွန့်



www.burmeseclassic.com

www.burmeseclassic.com



တွန့်ဖြစ်သွားပြီး…

'ဟော့ကောင်တွေ၊ ဒီကောင်ကို ပြန်ပြီးလွှတ်လိုက်၊ တောက်‥ မင်းနဲ့ငါ ထပ်ပြီးတွေ့ကြဦးမှာပေါ့'

'သေချာပါတယ်၊ ထပ်ပြီးတွေ့ကြမှာပါ'

မီးတောက်ဒိုး‥ခြံဝန်းကြီးထဲမှ ပြန်ပြီးထွက်လာခဲ့သော်လည်း ဒီညအတွက် သူ အိပ်ဖို့ကိစ္စက ဘာမှန်းမသိသေးပေ၊ ရွာထဲက လူတွေကရော သူ့ကို လက်ခံနိုင်ပါ့မလား၊ သခင်လေးဆိုသောလူ၏ ဩဇာအရှိန်အဝါကို သေမတတ်ကြောက်နေသောရွာတွင် သူနေဖို့မှာ သိပ်ပြီးတော့မဖြစ်နိုင်။

ရွာလမ်းအဲတိုင်းလျှောက်လာရင်း…

'ဆရာလေး‥'

'ဩော်‥ကိုကျော်နောင်တာ'

မီးတောက်ဒိုးကို သစ်ပင်ကွယ်မှထွက်ပြီးခေါ်လိုက်သော ကျော်နောင်တာ တစ်ယောက် ဘေးပတ်ဝန်းကျင်ကို မျက်လုံးကစားပြီး….

'ဒီဘက်လာ ဆရာလေး‥'

သစ်ပင်ကြီးတစ်ဖက်တွင်ရှိသော ချိုင့်ကြီးထဲသို့ဆင်းခဲ့ပြီး လျှိုလမ်းအတိုင်းလျှောက်လာခဲ့ကြသည်။

'ဆရာလေးကို သူတို့ပြန်ပြီးလွှတ်ပေးလိုက်တာလား'

'ဟုတ်တယ်လေ‥ဘာလဲ‥ခင်ဗျားက အံ့ဩနေလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဆရာလေး… သူတို့ရဲ့ မဟူရာကျွဲရိုင်းကြီးကို သတ်ဖို့မပြောနဲ့၊ စေ့စေ့တောင် ဘယ်သူမှ မကြည့်ရဲဘူး'

'သူတို့သတ်လို့ရတဲ့သူ၊အနိုင်ကျင့်လို့ရတဲ့သူကိုပဲ ရမှာပေါ့ဗျာ··'

'ခု··ဆရာလေးဘယ်ကိုသွားမလို့လဲ'

'ဘယ်သွားရမှန်းတော့ မသိသေးဘူး၊ အိပ်ဖို့နေရာတစ်ခုတော့ရှာနေတာအမှန်ပဲ'

'ဒါဆိုရင်ဘာမှတွေးပူမနေနဲ့၊ အိပ်ဖို့ကိစ္စ ကျွန်တော် တာဝန်ယူတယ်'

'ဖြစ်ပါ့မလား ကူနောင်တာ'

'ဘာလို့မဖြစ်နိုင်တာလဲ ဆရာလေး··'

'ဒီရွာက သခင်လေးဆိုတဲ့လူ ရန်မူမှာကို ခင်ဗျားမကြောက်ဘူးလား'

'ကြောက်တာတော့အမှန်ပါ၊ ဒါပေမယ့် ကိုယ့်ရဲ့ကျေးဇူးရှင်ပေါ်မှာတော့ ကြောက်တာတစ်ခုတည်းနဲ့တော့ ဥပေက္ခာမပြုနိုင်ဘူးဆရာလေး··'

'ကောင်းပြီလေ·· ခင်ဗျားဘက်က ရင်ဆိုင်ဝံ့တယ်ဆိုရင်တော့ ကျေးဇူးတင်ပါတယ်'

'ဪ·· ဒါနဲ့ ဆရာလေးနာမည်က ဘယ်လိုခေါ်လဲ'

'မီးတောက်ဒိုး··'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...မီးတောက်ဒိုးနဲ့ မီးလျှံတော့ တွေ့ကြပြီပေါ့'

'မီးလျှံဆိုတာ ဘယ်သူ့ကိုပြောတာလဲ'

'သခင်လေးနာမည်က မီးလျှံမင်းခေါင်လို့ခေါ်တယ်'

'သူက ဘာမို့လို့ သခင်လေးလို့ခေါ်ရတာလဲ'

'ဆရာလေးက ခုရောက်နေတဲ့ရွာတွေနဲ့ပတ်သက်ပြီး ဘာမှ မသိသေးဘူးလား'

'မသိသေးဘူး'

'အိမ်ရောက်မှပဲ ပြည့်စုံအောင်ပြောပြတာပေါ့'

တောင်ကြားလျှိုလမ်းကလေးအတိုင်း လျှောက်လာကြပြီး သိပ်မကြာ...စိုက်ခင်းလေးနှင့်အိမ်ကလေးတစ်လုံးကိုတွေ့လိုက်ရသည်။

'အမာရေ...အမာ..'

'ဘာလဲ ကူ..ဩော်...ညှော်သည်ပါ ပါလာတာကိုး၊ တက်...တက်...'

တဲလေးပေါ်တွင် သင်ဖြူဖျာချပ်လေးကို ခင်းပေးလိုက်ပြီး

'ဩော်..ကျွန်မတို့က ကျေးဇူးရှင်ကို သခင်လေးတို့က ဖမ်းဆီးသွားလို့ စိတ်ပူနေတာ၊ သတ်များပစ်လိုက်ပြီလားလို့၊ ဒါကြောင့် ကူကိုလိုက်ပြီး စုံစမ်းခိုင်းရတာ၊ ဘုရားကယ်ပေလို့ ပဲ'

'ဆရာ...သူက ကျွန်တော့်နေး နာရှာမာလို့ခေါ်တယ်၊ အမာ..ဆရာလေးနာမည်က မီးတောက်ဒိုးတဲ့၊ ဆရာလေး ညနေစာ



www.burmeseclassic.com

www.burmeseclassic.com



ရောစားပြီးပြီလား’

‘မစားရသေးဘူး’

‘အမာ··စီစဉ်လိုက်ကွာ၊ ငါပါတစ်ခါတည်းစားမယ်၊ သား လေးရော’

‘ရွာထဲက သူ့အဘွားအိမ်မှာနေခဲ့တယ်’

‘ကူနေ့ာင်တာ၊ ကျုပ်ရေချိုးချင်တယ်’

‘ရတယ် ဆရာလေး၊ ဟိုရှေ့မှာ ရေတွင်းလေးရှိတယ်၊ သွားပြီးချိုးလေ၊ ကျွန်တော်လိုက်ပြီးပြမယ်’

မီးတောက်ဒိုး ရေချိုးပြီး ခရီးတစ်လျှောက်လုံးပန်းလာ သမျှ တွေကို ရှင်းလင်းအောင်ပြုလိုက်သည်။ သူ့အတွက်ကတော့ ခြေ ကုတ်တစ်ခုကိုရရှိ ခဲ့လေပြီမဟုတ်လား။ ညနေစာထမင်းစားပြီး စိုက်ခင်းလေးတွင်ဆောက်ထားသော ဝါးကွပ်ပျစ်လေးပေါ်တွင် ဝိုင်းဖွဲ့ထိုင်ရင်း···

‘ဒီနားမှာ ရွာက ခုနစ်ရွာရှိတယ် ဆရာလေး၊ ဒီမှာ ခုနစ်ရွာ ကို သူကြီးတစ်ဦးတည်းက အုပ်ချုပ်တယ်လေ’

‘တစ်ခုတော့ ကြားဖြတ်မေးချင်တယ်’

‘မေးပါ ဆရာလေး’

‘ဒီမှာရှိတဲ့လူတွေရဲ့ နာမည်က တိုင်းရင်းသားနာမည်တွေ မှည့်ပြီး သခင်လေးဆိုတဲ့လူကျတော့ မတူဘူးနော်’

‘ဒါက ဒီလိုဆရာလေးရဲ့၊ ခုအုပ်ချုပ်တဲ့ သူကြီးက ဒီရွာ



www.burmeseclassic.com

www.burmeseclassic.com



ကို သီပေါဘုရင်ပါတော်မူပြီးနောက်ပိုင်းမှ ရောက်လာတဲ့ မင်းမျိုးမင်းနွယ်တွေလို့ပြောတာပဲ၊ သူတို့ရောက်လာတုန်းက စစ်သည်တွေနဲ့ဆိုတော့ ဒီရွာလေးကို သူတို့က ထိန်းသိမ်းပြီးအုပ်ချုပ်လာတာ ခုချိန်ထိပဲဆိုပါတော့၊ ဒါကြောင့် ဒီနယ်မြေက တိုင်းရင်းသားနာမည်တွေနဲ့ မတူဘဲ သီးသန့်မှည့်ထားခဲ့ကြတာ၊ သူကြီး အမည်က မဟာစည်သူမင်းခေါင်၊ သူ့မှာ သား(၃)ယောက်၊ သမီး (၁) ယောက်ရှိတယ်၊အကြီးဆုံးသားက နဂါးမင်းခေါင်၊ အလတ်ကောင်က ရက္ခမင်းခေါင်၊ အငယ်ဆုံးသား ဒီရွာအပါအဝင် ရွာ(၃)ရွာကို အုပ်ချုပ်ရတဲ့ မီးလျှံမင်းခေါင်ဆိုတာပဲ'

မီးတောက်ဒိုး ကယ်ခဲ့သူက အငယ်ဆုံးသမီးပင်ဖြစ်မည်။

'သူ့သမီးနာမည်ကရော'

'ထိပ်ထား စန္ဒာကေရီလို့ခေါ်တယ်၊ မောင်နှမတွေထဲမှာ လူလှသလောက် စိတ်ထားလှတဲ့ မင်းသမီးလေးပါ'

'သားကြီး(၂)ယောက်က ရွာ(၄)ရွာကို (၂)ရွာစီအုပ်ချုပ်ပြီး သားငယ်ကြတော့ ရွာ(၃)ရွာတောင်အုပ်ချုပ်နိုင်းတာဘာသဘောလဲ'

'အရင်က ဒီလိုမဟုတ်ဘူးဆရာလေး၊ တစ်ယောက်ကို (၂) ရွာစီအုပ်ချုပ်ရပြီး သူကြီးက တစ်ရွာထဲက စီမံကွပ်ကဲတယ်လေ၊ အလတ်ကောင် ရက္ခမင်းခေါင်က အိန္ဒိယဘက်ကို ပညာသင်ဆိုပြီး မနှစ်ကမှ ထွက်သွားတာ၊ ဒါကြောင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သုံးရှာစီ အုပ်ချုပ်ရတာ..'

'ကျုပ်…မီးလျှံမင်းခေါင်အိမ်မှာ 'မယ်'ဆိုတဲ့နာမည်တစ်ခု ကို ကြားလိုက်တယ်၊ သူက ဘယ်လိုပတ်သက်လဲ'

'မယ်ဆိုတာ မယ်မယ်ဒေဝီနန်းကိုပြောတာပါ ဆရာလေး၊ သူကြီးရဲ့အစ်မတော်ပါ၊ သိပ်ပြီးစွမ်းတာ၊ မြွေနဲ့ပတ်သက်ပြီး အစွမ်းထက်တယ်၊ သူကြီးတောင် 'မယ်'ကို့ကြောက်ရတယ်၊ 'မယ့်'အချစ်ဆုံးက ထိပ်ထားလေးပဲ ဆရာလေး..'

မီးတောက်ဒိုး လွတ်မြောက်ရေးအတွက် ထိပ်ထားဆိုသူ 'မယ်'နှင့်ခြောက်ပြီး ပြောခဲ့၍ မီးလျှံ လွှတ်ပေးရသည်ကို သဘော ပေါက်လိုက်သည်။

'ဒီရွာတွေကို အစိုးရဘက်က မလာဘူးလား'

'လာတော့လာကြတယ် ဆရာလေး၊ မြို့နဲ့ သိပ်ပြီးဝေး တော့ အရောက်အပေါက်နည်းတယ်၊ ဒါပေမယ့် အုပ်ချုပ်ရေး ပိုင်းကိုတော့ ရောက်တဲ့အခါမှာ ဥပဒေအတိုင်းလုပ်ကိုင်ဖို့ မှာခဲ့ ပေမယ့် စစ်တပ်ရှိတဲ့အချိန်လောက်ပဲ ဥပဒေအတိုင်းလုပ်ကြတာ၊ စစ်တပ်ထွက်ခွာသွားပြီဆိုရင် သူတို့အုပ်ချုပ်တဲ့အတိုင်းနေကြရ တယ်'

'သူတို့လက်နက်ကို ခုလိုပဲ ကိုင်ဆောင်ထားတာလား'

'ဟုတ်တယ် ဆရာလေး၊ ပြည်သူ့စစ်ဆိုပြီး ခေါင်းစဉ်တပ် ကြတယ်၊ ရွာလုံခြုံရေးအတွက် ဇန်းပြပြီး သူတို့လုပ်ချင်တာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ၊ သူတို့မှာက တပည့်တွေလက်နက်တွေရှိနေတော့ ဘယ်သူ့မှ မကျေနပ်လည်း ခေါင်းငုံ့ခံနေရတယ်၊ တကယ် ကြောက်ဖို့ကောင်းတဲ့ လူတွေပါ ဆရာလေးရယ်၊ ကျွန်တော့် တစ်သက်မှာ သူတို့နဲ့ပြန်ပြီး အန်တုရဲတဲ့လူဆိုလို့ ဆရာလေးတစ်ယောက်ကိုပဲ တွေ့ဘူးတာပါ'

'ကျုပ်က လူတစ်မျိုး၊ မတရားဘူးထင်ရင် ဘယ်လိုအရာကြီးပဲဖြစ်ဖြစ် ခေါင်းငုံ့ပြီးဘယ်တော့မှ မပေးဘူး၊ အသက်ချင်းထပ်ပြီး စိန်ခေါ်တတ်တယ်'

'အင်း… ကျွန်တော်တို့ရွာခုနစ်ရွာအတွက် သူရဲကောင်းတစ်ဦးရောက်လာပြီထင်တာပဲ၊ ဆရာလေးက အလည်သက်သက်လား'

'ကိစ္စတစ်ခုနဲ့လာတာပါ'

'ဒီမှာကြာဦးမှာလား'

'ပြောလို့မရဘူး၊ လူတစ်ယောက်ကိုရှာရမှာဆိုတော့ ကြာရင်ကြာသွားနိုင်တယ်'

'ဆရာလေးရှာဘာ ဘယ်သူလဲ'

'နာမည်ပြောရင်တော့ ခင်ဗျားတို့သိမှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီမှာ နာမည်တစ်မျိုးနဲ့ နေချင်နေမှာ၊ တစ်ခုတော့ပြောနိုင်တယ်၊ တိုင်းရင်းသားထဲကတော့မဟုတ်ဘူး မြန်မာတစ်ယောက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



"ဒီခုနှစ်ရွာမှာ မြန်မာဆိုလို့ သူကြီးမိသားစုလောက်ပဲရှိတာပါ"

'တဖြည်းဖြည်းချင်းတော့ ရှာရမှာပေါ့ဗျာ'

'ဆရာလေး…ကျွန်တော်တို့ဆီမှာ ပျော်သလောက်နေပါ၊ ဘာမှ အားမနာနဲ့နော်'

'ကျေးဇူးတင်ပါတယ်ဗျာ၊ မီးလျှံတို့ဘက်က ခင်ဗျားကို ဘယ်လိုဆက်ဆံမလဲဆိုတဲ့ပေါ်မှာ အခြေအနေကြည့်ပြီးတော့ နေတာပေါ့'

'အရင်ကတော့ သခင်လေးဆိုတာနဲ့ ဒူးတောင်တုန်တယ်၊ ခု နည်းနည်းသတ္တိရှိလာသလိုပဲ၊ ဆရာလေးအားကိုးနဲ့တူတယ်'

'ကြောက်ခြင်းတရားဆိုတာ ကြောက်တတ်တဲ့ စိတ်ကြောင့်ဖြစ်ပေါ်ခဲ့တာပါ၊ ကြောက်သင့်တဲ့အရာ မကြောက်သင့်တဲ့အရာတွေကို ခွဲခြားပြီး သတ္တိရှိမယ်ဆိုရင် အနိုင်ကျင့်တဲ့လူတွေကို ရင်ဆိုင်ဝံ့လာမှာပါ'

'ဆရာလေး ပြောသလိုပဲ ကြိုးစားရမှာပေါ့၊ ကဲ‥ဆရာလေး‥ အိပ်ကြစို့၊ ခရီးကပန်းလာတာမဟုတ်လား၊ ဒီတဲမှာ စိတ်ချပြီးသာအိပ်'

'ခင်ဗျားတို့ကရော'

'အနောက်ဘက်မှာ နွားတွေပါစောင့်ရင်း သွားအိပ်နေရတာ၊ ဆရာလေး အိပ်ချင်ရင် အိပ်လို့ရပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ . . . ကျေးဇူးပဲ'

တဲလေးပေါ်သို့တက်ပြီး ခင်းကျင်းပေးထားသော အိပ်ရာလေးပေါ်မှာ ခြေပစ်လက်ပစ်အိပ်ပစ်လိုက်တော့သည်။

✤ ✱ ✣ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

မီးတောက်ဒိုး·· ရွာလေးသို့ရောက်ခဲ့သည်မှာ (၃) ရက် မြောက်ခဲ့လေပြီဖြစ်၏။

သူလုပ်ဆောင်ရမည့်ကိစ္စအတွက် နယ်မြေဒေသအခြေအနေ ကို လေ့လာရင်း ဓလေ့စရိုက်လေးတွေကိုတော့ သဘောပေါက်မိ သလိုဖြစ်လာခဲ့သည်။

ကူနောင်တာကလည်း တတ်နိုင်သည့်ဘက်က ကူညီပြီး သတင်းရှာဖွေပေးသည်။

'ဒိုးရေ···ဒိုး··'

'ကူ···ကျုပ်ဒီမှာ'

မီးတောက်ဒိုး ထိုင်နေသော စိုက်ခင်းလေးတစ်ဖက်ဆီ လေးဆီသို့ ကူနောင်တာနှင့်လူတစ်ယောက် လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘော်ဒူးဝါး··သူက ငါပြောတဲ့ မီးတောက်ဒိုးဆိုတာပဲ'

'ဟုတ်ကဲ့··ကျွန်တော် ဘော်ဒူးဝါးပါ'

'တွေ့ရတာဝမ်းသာပါတယ် ဘော်ဒူးဝါး'

'ကူတာ ပြောပြလို့ ဒိုးအကြောင်းကိုသိပြီးပါပြီ'

'ဒိုးကို ဒူးဝါးနဲ့မိတ်ဆက်ပေးရတာ တခြားကြောင့်တော့ မဟုတ်ဘူး၊ ဒီကောင်က ခုနစ်ပြည်ထောင်မှဆိုးလေ၊ ရှာခုနစ်ရှာကို ပတ်ပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေတာ၊ သတင်းစုံတယ်၊ ဒိုးသိချင်တဲ့ကိစ္စကို သူ့ဆီက သိနိုင်တယ်'

'ဒါဆိုရင်တော့ အဆင်ပြေတာပေါ့ ဒူးဝါးရေ··'

'ဒိုးက ဘာသိချင်တာလဲ မေးလေ··· သခင်လေးဆိုတဲ့ မိစ္ဆာကောင်တွေကိုပြန်ပြီး အန်တုတဲ့သူဆိုရင် ကျွန်တော်တို့က ဘုရားလိုတောင် ကိုးကွယ်ချင်တာ'

'ဒီလောက်တောင်ပဲလား'

'တကယ်ပြောတာ ဒိုး···ဒီကောင်တွေ လုပ်သမျှကိုခံနေရတာကြာပြီ၊ လူအင်အား ငွေအင်အား လက်နက်အင်အားနဲ့ မိုလ်ကျနေတာ၊ ဘယ်လိုမှ မယှဉ်နိုင်လို့ ခေါင်းငုံ့ပေးနေရတာ၊ အစိမ်းလိုက်တောင် ဝါးစားချင်တယ်'

'မီးလျှံမင်းခေါင်နဲ့ပတ်သက်ပြီးတော့ မကျေနပ်မှုတွေ တော်တော်များများရှိနေလား'

'ရှိတာမှ ရှာခုနစ်ရှာလုံးနီးပါးပဲ၊ သူတို့ပေးစာတမ်းစာကို



www.burmeseclassic.com

www.burmeseclassic.com



စားပြီးခွေးလိုကိုက်တဲ့ကောင်တွေတော့ ရှိတယ်၊ အလကားကောင်တွေ လုပ်ကိုင်စားသောက်ချင်စိတ်မရှိဘဲ သူများခိုင်းတာကို အဟုတ်ကြီးမှတ်ပြီးလုပ်နေကြတာ'

'ဒီကောင်တွေကို ပြန်ပြီး အန်တုဖို့ကတော့ ကျုပ်ဒီမှာ အနေကြာမယ်ဆိုရင်တော့ တစ်ခုခု ကြိုးစားကြည့်တာပေါ့'

'ဒိုးသိချင်တာကို မေးပါ'

'လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ဦးကျော်လင်းအောင်ဆိုတဲ့လူတစ်ယောက် ဒီဘက်ရွာတွေကိုရောက်လာဘူးလား'

'နေဦး..ဒီနာမည်တော့မသိဘူး၊ ခုနှစ်ပြည်ထောင် (၁) မှာတော့ လူတစ်ယောက်ရောက်နေတာ (၁၀)နှစ်နီးပါးလောက်ရှိပြီထင်တယ်၊ ဒိုးပြောတဲ့နာမည်တော့မဟုတ်ဘူး၊ သူ့ကိုခေါ်တာ အိုက်ကိုတဲ့၊ ပြည်မသားတစ်ယောက်ပဲ၊ အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ မျက်နှာရဲ့ဘက်ဘက်ခြမ်းမှာ ဒဏ်ရာအမာရွတ်တစ်ခုရှိတယ်'

'ဒူးဝါးပြောတဲ့ အရပ်ရှည်ရှည် အသားဖြူဖြူဆိုတဲ့အချက်ကတော့ ဟုတ်တယ်၊ မျက်နှာမှာတော့ အမာရွတ်မပါဘူး'

'ဒါဆိုရင် လွဲနေပြီထင်တယ်'

'အမာရွတ်မပါတာလေးနဲ့တော့ လွဲပြီလို့ မယူဆနိုင်ဘူး၊ ဒီအမာရွတ်က (၁၀)နှစ်အတွင်းမှာ ရနိုင်တာပဲ၊ ခင်ဗျားပြောတဲ့ ခုနှစ်ပြည်ထောင်(၁)က နှစ်ခုရှိလား'

'မရှိဘူး ဒိုး...ဒီလူက အိန္ဒိယဘက်ကို တစ်ခါတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တော့ သွားတယ်'

'ရွာသူကြီးနဲ့ ပတ်သက်လား'

'ပတ်သက်သလားမဟုတ်ဘူး၊ ပတ်သက်နေတာ၊ ဒီလူ လုပ်ကိုင်နေတဲ့ကိစ္စတွေက ရွာသူကြီးရဲ့ကိစ္စတွေပဲ'

'ဒူးဝါး‥ဒီလူပြန်ရောက်ချိန်လေးတော့ ကျုပ်ကိုအကြောင်း ကြားပေးပါဗျာ‥'

'စိတ်ချပြီးသာနေပါ၊ ရောက်တယ်ဆိုတဲ့သတင်းကြားတာနဲ့ အကြောင်းကြားလိုက်မယ်၊ ကူတာ‥မင်း‥ထိပ်ထားလေး မွေးနေ့ အတွက် အခွန်ငွေပေးပြီးပြီလား'

'မပေးရသေးဘူး'

'သွားပြီး ပေးလိုက်ဦး'

'ထိပ်ထားလေးဆိုတာ စန္ဒာကေရီကိုပြောတာလား'

'ဟုတ်တယ်‥ဒီး‥အသက် (၁၈)နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပ ကြမှာ၊ ခုနစ်ပြည်ထောင်ရွာလေးရဲ့ အစည်ကားဆုံးပွဲတော်တစ်ခု ဆိုရင် မမှားဘူး'

'ဘယ်နေ့လဲဗျ'

'ခုလာမယ့် လပြည့်နေ့ည'

'သိပ်ပြီးမလိုတော့ဘူး၊ သန်ဘက်ခါပေါ့၊ ဘာတွေလုပ်ကြ သလဲ'

'ရွာခုနစ်ရွာလုံး ဆီမီးတွေထွန်းကြ၊ ဆိုပွဲ ကပွဲလုပ်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



ရွာတိုင်းရွာတိုင်းမှာ အကျွေးအမွေးတွေကို လုပ်ကြတယ်'

'တစ်နေ့တည်း လုပ်တာလား'

'တစ်ရွာကိုတစ်ရက်.. (၇)ရက်တိတိဆိုရမှာပေါ့၊ ဒီနှစ် ထိပ်ထားလေးက ကျုပ်တို့ရွာကနေ စမှာလေ၊ အင်း...ဒိုး... ထူးခြားတာလေးတစ်ခုတွေ့ရမယ်'

'ဘာများလဲ'

'ထိပ်ထားလေးကို သိပ်ချစ်တဲ့ 'မယ်'ရဲ့မြွေအလမ္မာယ် ပြပွဲလေ... မြွေကို ဘယ်လောက်နိုင်လဲဆိုတာတွေ့ရမယ်'

'ခွပ်...ခွပ်...ခွပ်..'

အဝေးမှ မြင်းခွာသံတွေကို ကြားလိုက်သဖြင့် တဲအပြင်သို့ထွက်ကြည့်တော့ လူ(၃)ယောက် မြင်းကိုယ်စီနှင့်လာနေသည်။

'ကူနောင်တာ..ဟေ့ကောင်..ကူနောင်တာ..'

'ဘာလဲ..နာကူး'

'မင်းအိမ်ညေ့သည်လက်ခံထားတယ်ဆို..'

'ဟုတ်တယ်..ငါ့ရဲ့ကျေးဇူးရှင်မို့ လက်ခံထားတာ'

'မင်းလက်ခံထားချင်လို့ ရမလားကွ၊ ခွင့်ပြုချက်လိုတယ်'

'မင်းတို့ဆီ ခွင့်ပြုချက်တောင်းရင်လည်း ပေးမှာမဟုတ်လို့ လာပြီးအကြောင်းမကြားတာ'

'ကူနောင်တာ..မင်းစကားကို ခုပြင်ပြောစမ်း'

'ပြင်ပြောစရာမလိုပါဘူး၊ ကူနောင်တာ ပြောတယ် အမှန်



www.burmeseclassic.com

www.burmeseclassic.com



ဲဟာ၊ မြန်မာလူမျိုးတစ်ယောက် မြန်မာပြည်ထဲမှာနေတာပဲကွာ၊ ရေးကြီးခွင်ကျယ်လုပ်လို့၊ နိုင်ငံတော်ကထုတ်ပေးထားတဲ့ မှတ်ပုံတင်ပါတယ်'

မီးတောက်ဒိုး မနေသာသောကြောင့် ဝင်ပြီးပြောရတော့သည်။

'မင်းကိုယ်မင်း လူစွာလုပ်မနေနဲ့၊ လှံဖျားကို ဒီနေ့မှသွေးလာတာ၊ သွေးမသောက်ရသေးဘူး'

'ဒါဆိုလဲ ဝင်ပြီးတိုက်လိုက်ပေါ့'

'ဒီလောက်တောင် ချိုထနေတဲ့ကောင် လာပြီဟေ့'

'အွတ်…'

မြင်းပေါ်မှ ခုန်ဆင်းပြီး မီးတောက်ဒိုးကို တိုက်ခိုက်ဖို့ ပြင်လိုက်သည်နှင့် နောက်ထပ်နှစ်ယောက်ပါ ဆင်းလာသဖြင့်

'မင်းတို့က (၃)ယောက်လုံးပြိုင်တူတိုက်ခိုက်မှာလား၊ ဒီလောက်ကြီးကတော့ သိပ်ပြီးလူမြင်မကောင်းဘူးထင်တယ်'

'မင်းနဲ့တစ်ယောက်ချင်း ယှဉ်ဖို့ ..ဟေ့ကောင်ကွေ့ နောက်ဆုတ်နေစမ်း'

'ဒါဆိုရင်တော့ ရပြီ..'

'ရရင်လာပြီဟေ့'

'ဗိုး…'

လှံကို စက်ဝိုင်းသဏ္ဍာန်ကစားပြီး မီးတောက်ဒိုးဆီသို့ ဝင်ပြီး တိုက်ခိုက်ပေမယ့် ယိရောက်မှုမရှိလှပေ၊ ကြာတော့နောလူး



www.burmeseclassic.com

www.burmeseclassic.com



လက်ပန်းကျချင်သလိုဖြစ်လာသောကြောင့်…

'ဒီလောက်ဆိုရပြီ…ရော့..'

'ဖြောင်း..အင့်…အီး..'

နာလူးလက်ထဲကလှံနှင့် နာလူးကို ပြန်ပြီးရိုက်ချလိုက်သည်။ နာလူးနောက်ဘက်သို့လဲကျသွားသလို မီးတောက်ဒိုး လက်ထဲမှာ လှံကို ဆုပ်ကိုင်လျက်..

'မင်းလှံဖျားက ဘယ်သူ့သွေးမှ မသောက်ချင်ဘူးတဲ့၊ သူ့သခင်သွေးကို သောက်ချင်တာကွ'

'ဒိုင်း..ချွင်…'

သေနတ်ကျည်က လှံဖျားကို ထိမှန်သွားပေမယ့် မီးတောက်ဒိုး လက်ထဲက လှံက လွတ်မသွားဘဲ သေနတ်ကျည် လာရာကို ပစ်ဖို့ကြည့်လိုက်တော့ သခင်လေးနှင့် သူ့နောက်လိုက်အဖွဲ့ (၁၀)ဦး သေနတ်ကိုယ်စီနှင့်

'လူစွမ်းကောင်းပဲကွ၊ ကြိုက်တယ်.. ဒီတစ်ခါ ကျည်ဆံကိုရှောင်ကြည့်ဦးဟေ့..'

'ဒိုင်း..'

'အ…'

မီးတောက်ဒိုး ဘေးဘက်သို့ တိမ်းပြီးရှောင်ပေမယ့် ကျည်ဆန်က ပေါင်ကိုရှပ်ပြီးထိသွားသည်။

'လာပြီ..နောက်တစ်ချက်..'



www.burmeseclassic.com

www.burmeseclassic.com



'ရှိ…'

'ဟာ…'

မီးလျှံမင်းခေါင် ပစ်ဖို့ပြင်သည်နှင့် လေထဲသို့ မြွေနက်ကြီးတစ်ကောင် ဝဲပြီး ပြုတ်ကျသွားသောကြောင့် ဆက်ပြီးမပစ်ရဲဘဲ မြင်းပေါ်မှ အားလုံး အောက်သို့ဆင်းကာ ဒူးထောက်နေကြသည်။

'မီးလျှံ…ငါ့သမီးမွေးနေ့ပွဲအချိန်မှာ သွေးထွက်သံယိုကိစ္စတွေကို မလုပ်ရဘူးဆိုတာ မင်းမသိဘူးလား'

'သိ…သိပါတယ်…မယ်…ခု…ဒီကောင်က ခုနစ်ပြည်ထောင်ကို ရိုင်းပျလွန်းလို့ပါ'

'တော်စမ်း…ငါတို့ရောက်နေတာကြာပြီ အားလုံးကိုမြင် တယ်'

'မယ်'ဘေးတွင် စန္ဒာကေရီက ရပ်လျက်… ရှိုးရှိုးယဉ်ယဉ်လေးဝတ်ဆင်ထားပေမယ့် သူမအလှက ပေါ်လွင်နေသည်။ 'မယ်'ကတော့ ကတ္တီပါအနက်ခြုံလွှာကြီးကို ခြုံလျက် သစ်နက်တုတ်ကောက်ကြီးကိုင်ကာ တည်ငြိမ်ပြီးကြောက်စရာကောင်းသော မျက်လုံးအစုံနှင့်ကြည့်နေသည်။

'မင်းတို့သွားကြတော့… ဟိုကောင် နာလူး…'

'ဗျာ…မယ်…မယ်…'

'မင်းအပြစ်…မင်းသိတယ်နော်'

'သိပါတယ် မယ်…'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ..မင်းအပြစ်အတွက်ဘာလုပ်ရမယ်ဆိုတာကို ငါ့သမီးကိုမေးပြီးမှ အပြစ်ပေးမယ်'

'ကျွန်တော်..တောင်းပန်ပါတယ်'

'မင်းငါ့ကို တောင်းပန်လို့မရဘူး၊ ညွှန့်သည်က ခွင့်လွှတ်ရင် မင်းသက်သာမယ်၊ မောင်ရင် ပြောကြည့်ပါ..'

'ကျွန်တော် ခွင့်လွှတ်ပါတယ်..'

'မင်း..ကြားတယ်နော်'

'ဟုတ်ကဲ့..'

'သွားတော့...'

မီးလျှံမင်းခေါင်တို့ အားလုံးထွက်သွားပြီးနောက်...

'မယ်..သမီးပြောတဲ့သူလေ..'

'မောင်ရင့်နာမည်..'

'ဒိုး...ပါ'

'သမီးလေးရဲ့အသက်ကို ကယ်ခဲ့တဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ပြီးတော့ ငါ့ရဲ့ တူသားတွေက ရန်မူတာကိုလည်း တောင်းပန်ပါတယ်'

'ရပါတယ် 'မယ်'၊ ကျွန်တော့်ဘက်က သူတို့ပေါ်မှာ ရန်မူဖို့မရှိပါဘူး၊ သူတို့ရန်ပြုတာကို ရှောင်လို့မရနိုင်လို့ ရင်ဆိုင်ရတာပါ..'

'မောင်ရင်.. ခုနစ်ပြည်ထောင်ကို အလည်သဘောသက်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့. . မရောက်ဖူးတဲ့ဒေသမို့လာခဲ့တာပါ'

မီးတောက်ဒိုး အဖြစ်မှန်ကိုမပြောချင်သဖြင့် တမင်လွှဲ ပြောလိုက်သည်။

'ကောင်းပြီလေ. . ခုနစ်ပြည်ထောင်မှာ မင်းလွတ်လပ်စွာနေပါ၊ မင်းကိုဘယ်သူမှ အန္တရာယ်မပြုစေရဘူး'

'ကျေးဇူးတင်ပါတယ် 'မယ်''

'သမီး. .သွားမယ်. .'

'ဟုတ်ကဲ့. .ကိုဒိုး. . . ထိပ်ထားမွေးနေ့ပွဲကို ဖိတ်ခေါ်ပါတယ်'

သူမဆီမှ အဖြူရောင် ပဝါလေးကို လှမ်းပေးပြီးထွက်သွားတော့သည်။

မီးတောက်ဒိုး ပဝါဖြူလေးကို ကိုင်ပြီးဘာမှ နားမလည်သလို ဖြစ်နေပြီး. . .

'ကူနောင်တာ. .ဒါ ဘာသဘောလဲ'

'ဒိုး. . ဒီပဝါလေးပေးတာ ထိပ်ထားရဲ့အထူးဖိတ်ကြားခြင်းကို ခံရတဲ့သဘောပဲ'

'ဩော်. . .'

နှင်းဆီရနံ့လေး သင်းဝေနေသောပဝါဖြူလေးကို ဆုပ်ကိုင်ရင်း. . .

✣ ✱ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

လပြည့်နေ့ညရဲ့ အောက်တွင် တစ်ရွာလုံး ရောင်စုံမီးပုံး လေးတွေဖြင့် လင်းလက်နေသည်။ ရွာလမ်းမပေါ်တွင် ရွာသူ ရွာသားတွေက သွားကြ လာကြ ပျော်မြူးနေသည်ကိုတွေ့နေရ သည်။

'ဒိုးရေ…ဘယ်လိုလဲ··မျက်စိနောက်နေပြီလား··'

'မနောက်ပါဘူးဗျာ··ဒီရွာကိုရောက်တဲ့နေ့ထဲက ခုလို ရွာ သူရွာသားတွေကို အများဆုံးတွေ့ရတာ ဒီနေ့ပဲရှိသေးတယ်'

'ထိပ်ထားလေးပေါ်မှာ ရွာသူရွာသားတွေက ချစ်ကြတယ်၊ သူ့မွေးနေ့ရောက်ပြီဆိုရင် ဘာအလုပ်တွေပဲရှိရှိ ထားခဲ့ပြီးရွာကို အရောက်ပြန်ခဲ့ကြတာပဲ၊ ငါတို့ရွာတင်မဟုတ်ဘူး၊ နောက်ရွာတွေ လည်း ဒီလိုပဲ စည်ကားတာ··'

ကူနောင်တာနှင့်စကားပြောလိုက် တခြားကိုငေးလိုက်နှင့် လျှောက်လာခဲ့ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် သတိထားမိတာ တစ်ခုရှိတယ်'

'ဘာများလဲ ဒိုး..'

'အရက်သောက်ပြီး ရမ်းကားတဲ့သူ တစ်ယောက်မှမတွေ့ဘူး၊ အရင်နေ့တွေဆို မီးလျှံရဲ့တပည့်တစ်ယောက် နှစ်ယောက် ရွာထဲမှာသောင်းကျန်းတာကိုတွေ့ရသေးတယ်'

'ဒိုးရယ်...ဒီလိုနေ့မျိုးမှာ သောင်းကျန်းခဲ့ရင် ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်သွားမှာပေါ့၊ သောက်ရင်တောင် ခိုးသောက်ပြီး နေရတာ၊ လမ်းပေါ်ထွက်ပြီး သောင်းကျန်းလို့ကတော့ မနက်ဖြန်ဆိုရင် အလောင်းပဲ တွေ့ရမှာ၊ လွန်ခဲ့တဲ့(၅)နှစ်လောက်က ထိပ်ထားလေးမွေးနေ့မှာ မီးလျှံရဲ့တပည့် ဇမဲဆိုတဲ့ကောင်အပါအဝင် (၃)ရောက်က နောက်ဘက်ရွာမှာ မူးပြီးရွာကမိန်းကလေးတစ်ဦးကို အဓမ္မပြုဖို့လုပ်တာ..ဟို..'မယ်'သိသွားပြီး ဘယ်လိုသတ်ခဲ့သလဲတော့ မသိဘူး၊ မနက်ကျတော့ (၃)ယောက်လုံး မဲပြာပြီးသေနေတာကိုတွေ့ရကတည်းက ခုလိုနေ့မျိုးဆို လှုပ်တောင်မလှုပ်ဝံ့တော့ဘူး'

'မယ်က တယ်ပြီးစွမ်းပါလား ကူ..'

'စွမ်းလို့.. မီးလျှံတို့ကြောက်ရတာပေါ့၊ သူ့အဖေ သူကြီးကိုတောင် သိပ်ပြီးကြောက်တာမဟုတ်ဘူး၊ ဟိုရှေ့က ခြံဝန်းကြီးကို မှတ်မိလား'

'အင်း..'



www.burmeseclassic.com

www.burmeseclassic.com



မီးစက်ကြီးကိုနှိုးပြီး တစ်ခြံလုံးမီးတွေ ထွန်းညှိထားသော မန္တလေးကရီမွေးနေ့ပွဲလေးကိုတွေ့လိုက်ရသည်။ ခြံဝသို့ရောက်တော့

'ဘယ်သွားမလို့လဲ'

ခြံတံခါးဝတွင် ရပ်စောင့်နေသော လူထွားကြီးနှစ်ယောက်မှ မီးတောင်ဒိုးတို့ကို ရှေ့မှ ပိတ်ရပ်ပြီးမေးနေလေ၏။

'မွေးနေ့ပွဲလာတာ'

'ဘာကွ..ရာရာစစ မင်းတို့က ဘာကောင်တွေမို့ ဒီလိုပွဲမျိုးကို တက်ရတာလဲ မဝင်ရဘူး'

'ကောင်းပြီ.. တားမြစ်တာက မင်းအပိုင်းပဲ ငါတို့ဘက်က ဖိတ်ကြားတာကို ရခဲ့တယ်၊ ပေးမဝင်ရင်တော့ ပြန်ကြရတာ ပေါ့၊ ဒါက မင်းတို့ သခင်မ ဖိတ်ကြားထားတဲ့ ဖိတ်ကြားလွှာ'

'ဟာ...'

အဖြူရောင်ပဝါလေးကို ထုတ်ပြပြီး မီးကောက်ဒိုးတို့ (၂)ဦး ပြန်မည်အပြု...

'ဟာ...နေပါဦးဗျာ၊ ကျွန်တော်ကမသိလို့တားတာ၊ ဝင်ကြပါ'

အစောင့်က ပဝါဖြူလေးကို မြင်သည်နှင့်ပုံစံက ပြောင်း သွားတော့သည်။

'ပဝါဖြူကိုမြင်တာ သူတို့ပထွေးမြင်တာထက်တောင် ကြောက်နေပါလား ကူ'

'သူတို့ပထွေးကမှ အပြစ်ပေးရင် သက်သက်သာသာရှိ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ထိပ်ထားလေးရဲ့အထူးညွှန်ကို ပေးမဝင်ရင် ခွေးမသားတွေ အနည်းဆုံး သူကြီးမြေကျင်းထဲမှာ တစ်လလောက် ရောက်သွားမယ်'

'ကူ..ကျုပ်မသိလို့မေးပါရစေ'

'မေးလေ'

'သူကြီးက ရာဇဝတ်မှုကျူးလွန်တဲ့သူတွေကို မြို့ရဲစခန်းကို မပို့ဘဲ ခုလိုချုပ်ထားတာပဲလား'

'ရွာသားထဲက ရာဇဝတ်မှုကျူးလွန်ရင်တော့ မြို့က အချုပ်ကိုရောက်တယ်၊ သူ့သားနဲ့ပတ်သက်တဲ့ကောင်တွေကတော့ မြေကျင်းထဲမှာ အများဆုံး(၅)ရက်လောက်ထားပြီး ပြန်လွှတ်တာပဲ၊ ရာဇဝတ်မှုကျူးလွန်သူဆိုလို့ သူ့သားရဲ့အပေါင်းအပါတွေပဲ ကျူးလွန်တာ များပါတယ်'

'ဪ...'

'ဖတ်..'

အမှတ်မထင် ရောက်လာသော သံမဏိစက္ကြာလေးကို မီးတောက်ဒိုး လှမ်းပြီးဆုပ်ကိုင်လိုက်သည်။ မီးတောက်ဒိုးသာ လျင်မြန်မှုမရှိပါက လည်ပင်းတွင် စိုက်ဝင်ပြီးအသက်ဘေးတိ ကြုံနိုင်သည်။

'ကူ..သတိထား'

မီးတောက်ဒိုး ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ကစား



www.burmeseclassic.com

www.burmeseclassic.com



ပြီးကြည့်လိုက်တော့ ပန်းချုံကြီးဘက်မှ ချောင်းမြောင်းဖစ်ခတ်နေခြင်းဖြစ်သည်။ စန္ဒာကေရီ၏မွေးနေ့မှာ ရုတ်ရုတ်သဲသဲ မဖြစ်စေလိုသောကြောင့် မသိချင်ယောင်ဆောင်ပြီးထွက်လာခဲ့ကြသည်။

'ဝို...'

'ကူ...ဟာ..'

'အာ...ဒိုး..'

မီးတောက်ဒိုး..ကူနောင်တာကို လှမ်းပြီးတွန်းလိုက်ပေ မယ့် စကြာလေးက ကူနောင်တာလက်မောင်းတွင် စိုက်ဝင်သွားသည်။

'ကဲကွာ...ဒီလောက်တောင်ဖြစ်နေတာ'

'ဝို...အား..'

ချုံထဲမှ လူ၏အသံနက်ကြီးကြောင့် ခြံထဲတွင်ရှိနေသော လူတွေ၏ အကြည့်တွေရောက်ရှိလာသည်။

'ကိုဒိုး..'

'ထိပ်ထား..'

ထိပ်ထားအပြေးကလေးရောက်လာပြီး...

'ဘာဖြစ်တာလဲ ကိုဒိုး..'

'ဘာဖြစ်လဲဆိုတာတော့ မသိဘူး၊ ခြံထဲဝင်တာနဲ့ ခုလို လုပ်ကြတာပဲ၊ ငါတော့ မထိဘူး၊ ကူကတော့ လက်မောင်းထိသွားပြီ'

'ဘာ...တောက်...မိုက်ရိုင်းလိုက်တာ၊ ဒါနဲ့ ထိပ်ထားပေါ် အမြင်ရှင်းပါနော်'



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်ထား‥ကျုပ်ဘယ်လိုမှ မမြင်ပါဘူး'

'ကျေးဇူးတင်ပါတယ်၊ ခဏလေးနော်၊ ကူ့အတွက် ဆေးအိတ်သွားယူဦးမယ်'

'ကောင်းပြီ ထိပ်ထား'

ချုံထဲတွင် ဒဏ်ရာနှင့် အမှောင်ထုထဲကိုပြေးဝင်းသွားသည်ကိုတွေ့ပေမယ့် မသိချင်ယောင်ဘဲ ဆောင်နေလိုက်သည်။

ကူနောင်တာကို ဆေးထည့်ပတ်တီးစည်းပေးပြီးမှ ညှိခံသည့်နေရာလေးတွင် ထိုင်တော့သည်။ မီးတောက်ဒိုး‥ ထိုင်ပြီးသိပ်မကြာ မွေးနေ့ပွဲ အစီအစဉ်ကိုဆက်ပြီးကြေညာတော့သည်။

'ပထမ အစီအစဉ်ကတော့ မွေးနေ့ရှင်ရဲ့ အထူးလက်ဆောင်ကို ကံထူးရှင်ရွေးချယ်မှာဖြစ်ပါတယ်'

မိုးပျံဖူဖောင်းကြီး(၃)လုံးအောက်တွင် စက္ကူအိတ်လေးတစ်ခုကို ကြိုးဖြင့်ဆွဲပြီး ကြိုးရှည်ရှည်ဖြင့်တင်လွှတ်လိုက်သည်။ ပြီးမှ လေသေနတ်တစ်လက်ကိုယူလာပြီး…

'လေသေနတ်ကို ကျည်(၅)တောင့်သုံးခွင့်ရှိပြီး ပစ်ချနိုင်သူက ထိပ်ထားလေးရဲ့မွေးနေ့လက်ဆောင်ကို ရမှာ ဖြစ်တယ်၊ ဒီအတွက် ပစ်ပိုင်ခွင့်ရှိတဲ့သူဟာ (၅)ဦးထဲဖြစ်တာမို့ မဲလိပ်နှိုက်ပြီးတော့ ပစ်ရမှာဖြစ်ပါတယ်'

ငွေဖလားကြီးတစ်လုံးနှင့် လူ(၂)ယောက် ထမ်းယောက်ဏ



www.burmeseclassic.com

www.burmeseclassic.com



လေသေနတ်ကိုကိုင်ပြီး တစ်ယောက်က မဲလိပ်ထည့်ထားသည့် ဖလားကိုကိုင်ကာ တစ်ဝိုင်းချင်းလိုက်ပြီး မဲလိပ်နှိုက်ခိုင်းသည်။ တချို့က မဲပေါက်ပေမယ့် ပစ်ချက်မမှန်ကြနှင့်၊ မီးတောက်ဒိုးတို့ ဝိုင်းကိုရောက်သူက…

'ကဲ…နှိုက်မယ်'

ငွေဖလားကိုင်သည့် မီးလျှံတပည့်က သိပ်ပြီးမကျေနပ်သည့်အသံနှင့်ငွေဖလားကို ထိုးပေးသဖြင့် မီးတောက်ဒိုး နှိုက်လိုက်သည်။ မီးတောက်ဒိုးပစ်ခွင့်ရတဲ့ မဲလိပ်ကို ရသောကြောင့် လေသေနတ်နှင့် မီးပုံးပျံဖောင်းကို ပစ်ခွင့်ရသွားသည်။

'ရှေ့…ပစ်နိုင်ပြီ'

မီးတောက်ဒိုး…လေသေနတ်ကို သေချာစွာကိုင်တွယ်ပြီး မပစ်ခင် အချိန်အဆကိုလုပ်ပြီးမှ ကျည်ကိုထည့်သည်။

'ဖောင်း…ဖောင်း…'

'ဟာ…'

ဝေဟင်ထက်မှာ ပထမဆုံး မီးပုံးပျံဖောင်း တစ်လုံးတော့ ထိမှန်သွားသည်။

'ဖောင်း…ဖောင်း…'

စန္ဒာကေရီ… မီးတောက်ဒိုးကို ခပ်လှမ်းလှမ်းမှကြည့်ပြီး ဆုတောင်းပေးနေသလိုပင်၊ တတိယအလုံးအတွက် လေသေနတ်ကို သေချာစွာချိန်ပစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



'ဖောင်း…'

ကျည်က လွဲချော်သွားသည်။ လွဲချော်ရသည့်အကြောင်းရင်းကတော့ ဗူဖောင်းကြီးစကို ဆွဲပြီးနှိမ့်လိုက်သလို ဖြစ်ခြင်းကြောင့်ပင်။

မီးတောက်ဒိုး… စတုဗ္ဗမြောက်ကျည်ဆန်ကို ထည့်ပြီး ဗူဖောင်းဆီသို့ချိန်ပြီး လျှင်မြန်စွာပစ်ချလိုက်သည်။

'ဖောင်း…ဖောင်း..'

'ဟယ်…ရှီး…ဖြောင်းဖြောင်း…'

ပထမဆုံးထွက်ပေါ်လာသော လက်ခုပ်သံမှာ စန္ဒာကေရီ လက်ခုပ်သံပင်ဖြစ်သည်။ ဗူဖောင်းလေးပေါ်မှာ ချည်နှောင်ထားသော စာအိတ်က အောက်သို့ပြုတ်ကျသွားသည်ကို ကူနောင်တာ ပြေးကောက်ပြီး မီးတောက်ဒိုးဆီကို ယူလာခဲ့သည်။

'ဒိုး…ရော့..'

စာအိတ်ထဲမှာ ဘာမှထည့်ထားခြင်းမရှိဘဲ စာခေါက်လေးတစ်ခုသာတွေ့ရသဖြင့် ဖောက်ကြည့်ပြီး ဖတ်လိုက်တော့….

*သင်…ကြိုက်နှစ်သက်ရာတစ်ခုကို*

*ထိပ်ထားဆီက တောင်းဆိုနိုင်ပါတယ်…*

*စန္ဒာကေရီထိပ်သား*

မီးတောက်ဒိုး စာခေါက်လေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင် အိတ်ကပ်ထဲကိုထည့်ပြီး သူမကို လှမ်းကြည့်တော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကိုလာနေသည်။

'ကိုဒိုး…ဘာတောင်းဆိုချင်လဲ..ပြောကြည့်ပါ'

'ကျုပ်တောင်းဆိုတာကို ထိပ်ထားက ပေးမယ်ဆိုပါတော့'

'ထိပ်ထားက ကတိတည်တတ်ပါတယ်'

'ကောင်းပြီလေ…ခုတော့ ဘာမှမတောင်းဆိုချင်ပါဘူး၊ နောက်မှပဲ တောင်းဆိုပါ့မယ်'

'အများရှေ့မှာ ဘာမှမတောင်းဆိုဘူးဆိုရင် မကောင်းပါဘူး၊ တစ်ခုခုကို တောင်းဆိုလိုက်ပါ ဒိုး..'

'ခုတောင်းဆိုတာ မွေးနေ့ရှင်ရဲ့ ကတိအတွက် စပေါ်ယူတဲ့ သဘောလို့ပဲထားလိုက်မယ်'

'ကောင်းပါပြီရှင်..'

'ထိပ်ထား ရင်ဘတ်ပေါ်က နှင်းဆီပွင့်လေးပဲ ယာယီ လက်ဆောင်ပေးလိုက်ပါ'

ထိပ်ထား…သူမ ရင်ဘတ်ပေါ်က နှင်းဆီပွင့်လေးကို ဖြုတ်ပြီးပေးလိုက်သည်။

'ဒိုး…'

'ဘာများလဲ ထိပ်ထား'

'မနက်ဖြန် နှင်းဆီဖြူချောင်းနံဘေးကစောင့်ပါ'

'ဘယ်အချိန်လဲ'

'မနက် (၇)နာရီလောက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့…ကောင်းပါပြီ'

စားပွဲဝိုင်းလေးဘေးမှ ထိပ်ထားပြန်ပြီးထွက်သွားပြီး ကျွေးမွေးညှိခံသည်ကို စားသောက်ကာ နှုတ်ဆက်ပြီးပြန်တော့ ထိပ်ထား ခြံဝထိပ်ထိလိုက်ပို့ပေးသည်။ ခြံအပြင်ကိုရောက် တော့မှ

'ဒိုး…ခင်ဗျားကတော့ ဟုတ်နေပြီ'

'ဘာဟုတ်တာလဲ'

'ဘာဟုတ်ရမလဲဗျ၊ ထိပ်ထားလေးနဲ့အတော့်ကိုအဆင်ပြေ နေတာလေ'

'ဒါလား…ကူ… ထိပ်ထားနဲ့ခုလို ရင်းနှီးခွင့်ကို ယူရတာ ဒီနယ်မှာ ကျုပ်အတွက် နေမှုထိုင်မှုနဲ့အန္တရာယ်တွေကို ရှောင်ရှားနိုင်မယ်မဟုတ်လား၊ ပြီးတော့ ထိပ်ထားလေးဟာ ခင်မင်ဖို့ ကောင်းတဲ့ မိန်းကလေးတစ်ဦးပါ'

ရွာထဲမှာတော့ လူတွေက မီးလင်းထိပျော်ရွှင်ပွဲတွေကို ကျင်းပနေသည်ကိုတွေ့နေရသည်။

'ကူ…ဟိုနေရာလေးက အေးချမ်းတယ်၊ သွားပြီးထိုင်ရအောင်'

'ကောင်းသားပဲ၊ ဒီမှာနားဦး…မျက်စိနောက်တယ်'

လရောင်အောက်တွင် လှမ်းပြီးတွေ့နေရသော ကန်ရေပြင် စပ်နားက မြက်ခင်းပေါ်တွင် ထိုင်လိုက်သည်။

'ကူ… နှင်းဆီဖြူချောင်းဆိုတာ ဘယ်နားမှာလဲ'

'ကျုပ်တို့ရွာနဲ့အနောက်ရွာကြားမှာ ရှိတဲ့ချောင်းလေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ နှင်းဆီဖြူချောင်းလို့ခေါ်တာလဲ'

'ဒဏ္ဍာရီထဲက စကားလို့ပြောရမှာပဲ၊ ဟိုအရင်တုန်းက နတ်သမီးတစ်ပါး ရေဆင်းချိုးတဲ့ချောင်းလေးတဲ့·· ဒီနတ်သမီးကို အိန္ဒိယအယူအရ နှင်းဆီဖြူနတ်သမီးလို့ခေါ်ဝေါ်ကြတယ်၊ ဒါကြောင့် ခုချိန်ထိ နှင်းဆီဖြူချောင်းဆိုပြီး တွင်ရစ်နေတာပဲ၊ ဒီချောင်းလေးရဲ့ထူးခြားချက်ကတော့ ချောင်းဟာ အမြဲကြည်လင်ပြီး ရေက နှင်းဆီရနံ့သင်းလေးတွေ ရှိနေတယ်၊ ပြီးတော့ အရမ်းကို သာယာတယ်၊ ဒီး··မနက်ကျရင်သွားမှာလား'

'ထိပ်ထားက ချိန်းမှတော့ သွားရမှာပေါ့ဗျာ၊ သူ ကျုပ်ကို တစ်ခုခုပြောချင်တဲ့ ပုံပဲ'

'သွားတာတော့ သွားပါ၊ သခင်လေးတို့ရဲ့ရန်ကိုလည်း သတိထားပြီးသွား၊ ဩော်··· ပြောရဦးမယ်၊ ဒီးသတိထားမိလား၊ ထိပ်ထားလေးမွေးနေ့ပွဲမှာ လာကြတဲ့ ကောင်တွေလေ'

'သတိထားမိတာပေါ့ဗျာ၊ ကျုပ်ကို အစိမ်းလိုက်ဝါးစားချင်တဲ့မျက်လုံးတွေထဲမှာ အနောက်တိုင်းဝတ်စုံကို ဝတ်ထားတဲ့ ကုလားကပြားတစ်ယောက်ကို ပိုပြီး သတိထားမိတယ်'

'ဒီကောင့်နာမည်က ဂင်ဂျာလို့ခေါ်တယ်၊ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနယ်စပ် ဘူးသီးတောင် မောင်တောဘက်မှာနေတာလေ၊ ဘာလုပ်လဲဆိုတာတော့ မသိဘူး၊ အဖေက မြန်မာ၊ အမေက ဘင်္ဂလားသူလေ'



www.burmeseclassic.com

www.burmeseclassic.com



'သူက ထိပ်ထားနဲ့ဘယ်လိုပတ်သက်လဲ'

'ထိပ်ထားအစ်ကိုကြီးဆုံး နဂါးမင်းခေါင်နဲ့သူငယ်ချင်းလေ၊ ထိပ်ထားကို မနှစ်က လက်ထပ်ဖို့တောင်းရမ်းထားတာ'

'ဪ..'

'ထိပ်ထားက ခုထိတော့လက်မခံသေးပါဘူး၊ ဒီကောင်ကတော့ အတင်းကိုဖြစ်နေတာ၊ ထိပ်ထားမွေးနေ့တိုင်း ဘယ်သူမှမွေးနေ့လက်ဆောင်ဆိုတာရသွားတယ်မရှိဘူး၊ ဒီး..မင်းကကံထူးရှင်ပဲဟေ့၊ တော်လည်းတော်တယ်ကွာ၊ ချီးကျူးပါတယ်'

'ရှပ်...ရှပ်.....ရှပ်..'

အနောက်ကျောပြင်ဘက်မှ ခြေသံတွေကြောင့် လှည့်ကြည့်လိုက်တော့ ဂင်ဂျာနှင့် မီးလျှံတပည့်(၃)ယောက်ကိုတွေ့လိုက်ရသည်။

'ဟေ့ကောင် မင်းနဲ့စကားပြောချင်တယ်'

ခေါ်သံက ရင့်သီးသောကြောင့်....

'မင်းနဲ့ပြောရမယ့်စကား ငါ့မှာမရှိဘူး၊ မင်းကိုလည်းမသိဘူး'

'မင်းမသိပေမယ့် ငါက သိတယ်'

'မင်းသိတာ မင်းအပိုင်းပဲ၊ ငါကတော့ ဘာမှ မပတ်သက်ဘူးလို့ထင်တာပဲ'

'မင်းမပတ်သက်ဘူးဆိုရင် ထိပ်ထားနဲ့ခပ်ကင်းကင်းနေ'

'တယ်ပြီးဟုတ်ပါလား... ငါဆိုတဲ့ကောင်ကို အမိန့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့မရဘူး၊ ထိပ်ထားနဲ့မပတ်သက်ရဘူးလို့ပြောရအောင်၊ မင်းက ထိပ်ထားနဲ့ ပတ်သက်နေတဲ့လူမို့လို့လား'

'ဟုတ်တယ်..ထိပ်ထားနဲ့ပတ်သက်နေတဲ့သူ'

'ထိပ်ထားကိုမေးကြည့်ဦးမယ်၊ မင်းစကားကို ယုံလို့မဖြစ်ဘူး'

'ဘာကွ..မင်းက..'

ဂင်ဂျာ သေနတ်ထုတ်ပြီးချိန်ထားလိုက်သည်။

'မင်းသေနတ်ထဲက ကျည်ဆန် အပြင်ကိုထွက်လို့ရတယ်ဆိုရင် ထွက်လိုက်လေ'

'ဆရာဂင်..ဒီနေ့ ပြဿနာမလုပ်နဲ့၊ 'မယ်'သိသွားရင် သေမင်းပြည်ကိုရောက်သွားမယ်၊ ဟိုကောင်တွေတောင် ခုလေးတင် 'မယ့်'လက်ချက်နဲ့သွားပြီ'

ဘေးမှပြောလိုက်သော စကားကြောင့် ဂင်ဂျာ သေနတ်ကို ပြန်ပြီးသိမ်းလိုက်ပြီး..မီးတောက်ဒိုးကို စိုက်ကြည့်ကာ...

'မင်း သိပ်ပြီးကံကောင်းသွားတယ်မှတ်'

'မင်းလည်း ကံကောင်းသွားတယ်မှတ်ပါ'

'ဘာ..'

'မင်းသေနတ်ထဲက ကျည်ဆံမထွက်ခင် မင်းရင်ဝမှာ အရသာ သိပ်ရှိတဲ့ အရာလေးတွေအရင်ရောက်သွားမယ်ဆိုတာ သိထားဦး'



www.burmeseclassic.com

www.burmeseclassic.com



'တောက်··မင်းနဲ့ထပ်ပြီးတွေ့ဦးမယ်'

'ငါကလည်း စောင့်နေမှာပါ'

ဂင်ဂျာ မကျေနပ်သော ခြေလှမ်းတွေနှင့်ပြန်ပြီးထွက်သွားလေသည်။

'ဒိုးရေ··· ခင်ဗျားကတော့ ရန်သူတစ်ယောက်ထပ်ပြီးတိုးသွားပြန်ပြီ'

'ဘယ်တတ်နိုင်မလဲဗျာ·· ကိုယ့်ဖက်က ဖိတ်ခေါ်တာမှမဟုတ်တာ၊ သူတို့က ရောက်လာတော့လည်း ကြိုဆိုလိုက်တာပေါ့'

'ဒိုးနဲ့ ကူ··'

'ဒူးဝါး··

'ဟူး···မောလိုက်တာ'

'ဘယ်လိုဖြစ်လာတာလဲ'

ဒူးဝါး သူတို့ဘေးတွင် ဝင်ပြီးထိုင်ကာ ခဏမျှ အမောဖြေပြီး···

'ဟိုကောင်ဂင်ဂျာတို့ ဒိုးကိုလိုက်ရှာနေတာကို သတင်းရပြီး ငါလိုက်ရှာနေတာ၊ ခုမှပဲတွေ့တယ်'

'မင်းအဘတွေက ပြန်သွားပြီ'

'ငါတွေ့လိုက်တယ်၊ ဒါကြောင့်ဘာတွေဖြစ်ခဲ့ပြီလဲဆိုပြီး ပြေးလာရတာ··ဘာမှမဖြစ်ဘူးမဟုတ်လား'

'ထိပ်ထားမွေးနေ့ရက်ဆိုတော့ ဒီကောင်တွေ ပါးစပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဟန်ရေးပြသွားကြတာ'

'ဂျောင်ဆိုတဲ့ကောင်ကို သူကြီးရွာထိပ်တိုင်မှာ ကြိုးတုပ်ပြီးထားတာတွေ့တယ်၊ ဘာတွေလုပ်သလဲဆိုတာ စုံစမ်းတော့ ဒိုးကိုလုပ်ကြလို့ဆို..'

'ဟုတ်တယ်..ကျုပ်ကိုမထိဘူး၊ ကူကတော့ လက်မောင်းထိသွားတယ်'

'ဒီကောင်တော့သေချာတယ်၊ မနက်လောက်ဆို 'မယ်' လက်ချက်နဲ့ သေမှာပဲကွာ'

'ငါတော့ မထင်ဘူး'

'ဘာလို့လဲ ကူ..'

'ဂျောင်ဆိုတဲ့ကောင်က မီးလျှံတပည့်အရင်းကြီးလေ၊ သူကြီးက 'မယ်'ကျေနပ်အောင်သာ လုပ်ပြတာကွ'

'ဟုတ်မှာပါ၊ ဒါကြောင့်လဲ ဒီကောင်တွေ တစ်နေ့ထက်တစ်နေ့ပိုပြီး သောင်းကျန်းနေတာ'

'ဒူးဝါး..ကျုပ်စုံစမ်းခိုင်းတဲ့သတင်းဘာထူးလဲ'

'ပြန်မရောက်သေးဘူး ဒိုး၊ နောက်ထပ်သိတဲ့ကိစ္စတော့ရှိတယ်'

'ဘာများလဲ'

'ဒိုး..စုံစမ်းခိုင်းတဲ့လူက အိမ်ထောင်ရှိတယ်'

'ဟင်..'



www.burmeseclassic.com

www.burmeseclassic.com



'အိန္ဒိယသူတဲ့၊ ကလေးတောင်ရှိတယ်လို့သိရတယ်'

'ဒီသတင်းသေချာလား'

'သေချာသလောက်ပဲ ဒိုး.. ကျုပ်ထပ်ပြီးတိကျအောင် စုံစမ်းပေးပါ့မယ်၊ ခုသိရတာနဲ့သူဆီက ကြားရသလောက်ကတော့ သေချာဖို့ များပါတယ်'

မီးတောက်ဒိုး ထိုလူကိုပြန်ပြီးခေါ်ဆောင်ဖို့ကတော့ အခက်အခဲရှိနေပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် သူ့ဘက်က တာဝန်အရတော့ ခေါ်ဆောင်သွားနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။

'ရွာထဲသွားကြရအောင်'

'သွားလေ...ဒါနဲ့ 'မယ်'ရဲ့မြေပြပွဲက ဘယ်တော့လဲ'

'နောက်ဆုံးရွာကျမှ ဒိုး..'

'တစ်ရွာနဲ့တစ်ရွာ သွားကြည့်လို့ရရဲ့လား'

'ရပါတယ်၊ မနက်ဖြန်မနက်တောင် ကျုပ်မလိုက်နိုင်ဘူး၊ ဒူးဝါးကိုသာ ခေါ်သွားတော့'

'ဒိုး..ကျုပ်နဲ့သွားမယ်'

'ကောင်းပြီလေ...'

✣ ✱ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

ဒူးဝါးကိုအဖော်အဖြစ်ခေါ်လာပြီး နှင်းဆီဖြူချောင်းဆီသို့ လာခဲ့သည်။

'နေရာလေးက တကယ်ကို စိတ်ကူးယဉ်လို့ကောင်းတဲ့ နေရာလေးပဲ'

'သိပ်ဟုတ်တာပေါ့ ဒိုးရယ်၊ ထိပ်ထားက ဘာတွေစိတ်ကူးယဉ်ချင်လို့ ဒီနေရာကို ခေါ်သလဲမှမသိတာ...'

'ဒူးဝါး...ပေါက်ကရတွေလျှောက်ပြီးပြောမနေနဲ့၊ ထိပ်ထား ခေါ်ရတဲ့အကြောင်းရင်းတစ်ခုခု ရှိမှာကွ'

စမ်းချောင်းတစ်ဖက်ဆီမှ မှိုင်းပျပျရွာလေးတစ်ရွာကို လှမ်းပြီးတွေ့လိုက်သည်။

'ဒူးဝါး..ဟိုမှာမြင်နေရတဲ့ရွာလေးက ခုနစ်ပြည်ထောင် ရွာစုထဲကပဲလား'

'ဟုတ်တယ်ဒိုး...၊ ရွာစဉ်(၃)ဆိုတဲ့ ရွာလေးပဲ၊ ဒီည



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားမွေးနေ့ကို ကျင်းပမှာ အဲဒီရွာလေးပဲ'

'မီးလျှံ အုပ်ချုပ်ရတဲ့ ရွာထဲမှာပါလား'

'မပါဘူး..ဒီရွာကို နဂါးမင်းခေါင်သခင်ကြီးက အုပ်ချုပ်တာ၊ ဒိုး....ဒီညသွားမယ်ဆိုရင်တွေ့ရမှာပါ'

'ခွပ်..ခွပ်..ခွပ်..'

မြင်းခွာသံကြောင့် စကားပြောတာကိုရပ်ပြီး အသံကြားရာဘက်သို့ကြည့်လိုက်သည်နှင့် စန္ဒာကေရီနှင့်မိန်းကလေး အဖော်တစ်ဦး လာနေသည်ကိုတွေ့လိုက်ရ၏။

မီးတောက်ဒိုးတို့အနားရောက်မှ မြင်းပေါ်က ဆင်းလာပြီး

'ခင်ဦးငယ်...မင်းနဲ့ဒူးဝါးက ခပ်လှမ်းလှမ်းမှာသွားနေပေး'

'ဟုတ်ကဲ့ ထိပ်ထား'

ခင်ဦးငယ်နှင့်ဒူးဝါးတို့ထွက်သွားပြီးနောက်..

'ဒိုး...ဟိုရေတမာပင်ကြီးနားမှာ စကားပြောကြရအောင်'

'ကောင်းပြီလေ'

ချောင်းနံဘေးတွင် ပေါက်နေသော ရေတမာပင်အောက် မြစ်ဆုံကြီးတွင် အတူထိုင်လိုက်ကြပြီးနောက်...

'ဒိုးဆိုတာ နာမည်အရင်းပဲလား'

'မဟုတ်ပါဘူး.. မီးတောက်ဒိုးဆိုတာ မိတ်ဆွေ သူငယ်ချင်းတွေက ခေါ်နေတဲ့နာမည်လေးတစ်ခုပါ၊ တို့နာမည်အရင်းက ဆန္ဒမှူးလို့ခေါ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်တားနာမည်အပြည့်အစုံတော့ ဒိုးသိပြီးပြီနေမှာပေါ့'

'သိပြီးပါပြီ…စန္ဒာကေရီထိပ်ထားမဟုတ်လား'

'ဟုတ်ပါတယ်‥ဒီအမည်က ခုနစ်ပြည်ထောင်ရွာမှာခေါ်ကြတဲ့ နာမည်လေးပါ၊ ထိပ်ထားအမည်အရင်းက သျှီဒီဒီ…နာမည်တွေမိတ်ဆက်လို့ပြီးပြီဆိုတော့ ပြောချင်တဲ့စကားကိုပြောတော့မယ်'

'ပြောပါထိပ်ထား'

'ခု ထိပ်ထားပြောမယ့်စကားဟာ ဒိုးအတွက်သိပ်ကိုအရေးကြီးတယ်၊ ခုနစ်ပြည်ထောင်ရွာမှာ (၇)ရက်ပြည့်ပြီးတာနဲ့ ဒိုးကိုအစ်ကိုလေးတို့အဖွဲ့က အပြတ်ရှင်းကြတော့မှာသေချာတယ်'

'တို့လည်း သဘောပေါက်ထားပါတယ်'

'သူတို့ကို အန်တုရဲတဲ့လူဆိုတာ ခုနစ်ပြည်ထောင်ရွာမှာမရှိ စေရဘူးလို့ သတ်မှတ်ထားတာ'

'ဒါဟာ ဗိုလ်ကျစိုးမိုးမှုတစ်ခုဖြစ်မနေဘူးလား ထိပ်ထား'

'ဗိုလ်ကျရုံတင်မကဘူး၊ အနိုင်ကျင့်မှုလည်းပါပါတယ်‥ခက်တာက ထိပ်ထားအနေနဲ့ ရွာသူရွာသားတွေကို အတတ်နိုင်ဆုံး ကယ်တင်နေပေမယ့် ခုနစ်ရွာလုံးထိ မကာကွယ်နိုင်ဘူး၊ ပြီးတော့ အဖေနဲ့အစ်ကိုတွေရဲ့လုပ်ရပ်တွေဆိုတော့ ဝင်ပြောပိုင်ခွင့်မရှိဘူး'

''မယ်'ကိုကြောက်ရတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



"'မယ်' ကိုကြောက်ရတယ်ဆိုတာ 'မယ်' ဂူအပြင်မှာထွက်ပြီးနေတဲ့အချိန်ပါပဲ'

'ထိပ်ထားပြောတာ တို့နားမရှင်းဘူး'

'ဒီလိုဒိုးရဲ့..'မယ်'က ဂူထဲမှာ တရားကျင့်ကြံပြီးနေတာများတယ်၊ တရားကျင့်ကြံတယ်ဆိုတာ ဗုဒ္ဓဝါဒလို နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်တဲ့ကျင့်စဉ်မဟုတ်ဘူး၊ အိန္ဒိယ ဆာဒူးကြီးတွေရဲ့မှော်ကျင့်စဉ်တွေကို ကျင့်နေတာ၊ တစ်နှစ်မှာ တစ်လလောက်ပဲ အပြင်ကိုထွက်တာ၊ ထိပ်ထား ဘယ်လိုလုပ်ပြီး အဖေနဲ့အစ်ကိုတွေကို တားမြစ်နိုင်မှာလဲ၊ ခု...ဒိုးကိုထိပ်ထားလာပြီးတွေ့တာ ဒိုး..ခုနစ်ပြည်ထောင်မှာ ကြာဦးမှာလားဟင်'

'ပြောလို့မရဘူးထိပ်ထား၊ ကြာဖို့ကတော့များတယ်'

'ဒိုး... ထိပ်ထားစပ်စုတာတော့မဟုတ်ဘူးနော်၊ ဒိုးဒီကိုလာတာအကြောင်းတစ်ခုခုတော့ရှိမှာပါ၊ ပြောသင့်တယ်ဆိုရင် ပြောပါ၊ မပြောသင့်ရင်မပြောပါနဲ့'

'တို့လာတဲ့ကိစ္စက လူတစ်ယောက်ကိုလာပြီးရှာတာပါ'

'ခုတွေ့ပြီလား'

'သတင်းတော့ကြားပါပြီ၊ လူကိုတော့မတွေ့ရသေးဘူးထိပ်ထား'

'ထိပ်ထား..ဘာအကူအညီပေးရမလဲ'

'ထိပ်ထား အဖေဆီမှာရောက်နေတဲ့ အိုက်ကိုနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားဘယ်လောက်ထိသိထားလဲ'

'အိုက်ကိုကို··ထိပ်ထား အစ်ကိုလတ် ရက္ခမင်းခေါင် တောထဲက ကယ်လာခဲ့တာ၊ ဒီတုန်းက အိုက်ကိုမျက်နှာမှာ ဒဏ်ရာကြီးနဲ့လေ'

'ဘယ်လောက်ကြာပြီလဲထိပ်ထား'

'အယ်··(၉)နှစ် (၁၀)နှစ်လောက်တော့ရှိပြီ၊ ထိပ်ထားတောင် ခပ်ငယ်ငယ်ပဲရှိသေးတာ'

'အိုက်ကိုဆိုတာ သူ့အမည်အရင်းလား'

'ဒါတော့ ထိပ်ထားမသိဘူး၊ အိုက်ကိုနဲ့ပတ်သက်နေလို့လား'

'တို့ရှာနေတဲ့လူဟာ အိုက်ကိုဖြစ်နေမလားဘဲ၊ သူနဲ့တွေ့ပြီးမှ အဖြေမှန်ကိုသိရမှာပဲ'

'သူက 'အိန္ဒိယဘက်မှာရောက်နေတယ်၊ ဟိုမှာက အိမ်ထောင်ရှိတယ်၊ ဖေဖေ့ဆီကို အကြောင်းကိစ္စရှိမှလာတတ်တာ၊ ဒီလထဲမှာတော့ လာစရာရှိသေးတယ်၊ ဟိုတစ်နေ့က အစ်ကိုကြီးနဂါးမင်းခေါင်ကို ဖေဖေ မှာနေတာ ထိပ်ထားကြားလိုက်တယ်၊ အိုက်ကိုရောက်မလာမချင်း ဒိုးရွာပေါ်မှာနေလို့မဖြစ်ဘူး၊ ဒိုး ဘယ်လိုစဉ်းစားထားလဲ'

'တို့က ဒီနယ်မြေကို မကျွမ်းကျင်ဘူး၊ ဒူးဝါနဲ့တိုင်ပင်ပြီး ရှောင်နိုင်သလောက်တော့ ရှောင်ရမှာပဲ၊ မရှောင်နိုင်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



တော့ မတတ်နိုင်ဘူး ထိပ်ထားရယ်'

'ထိပ်ထား ဒိုးအတွက် ကူညီနိုင်သလောက်ကူညီပါ့မယ်'

'ကျေးဇူးတင်ပါတယ်ထိပ်ထား၊ တို့ကြောင့် ထိပ်ထားတို့ မောင်နှမကြားမှာ ပဋိပက္ခတွေဖြစ်တာကိုတော့ မဖြစ်စေချင်ဘူး'

'ထိပ်ထားတို့ ပဋိပက္ခဖြစ်နေခဲ့တာ ကြာခဲ့ပါပြီဒိုး၊ ထိပ်ထား အတွက်ထည့်ပြီးမစဉ်းစားပါနဲ့၊ ဒိုးသာအန္တရာယ်ကင်းအောင်နေ ပါ၊ ဒိုး..ရှေ့..'

'ဟင်...'

ထိပ်ထားလက်ထဲတွင် ဟန်းဆက်ကလေးတစ်လုံးကိုလှမ်း ပြီးပေးလိုက်သည်။

'ထိပ်ထား အိန္ဒိယကို အလည်ရောက်တုန်းက ဝယ်လာတဲ့ စက်ကလေးပါ၊ အဝေးစကားပြောစက်လေ၊ တစ်ယောက်ချင်းပဲ ပြောလို့ရတယ်၊ ခုထိပ်ထားတို့ ရွာ(၇)ရွာလောက်တော့ စကားပြော လို့ရတယ်၊ ဒိုးဘက်က လှမ်းပြီး ပြောစရာရှိရင် ပြောလို့ရသလို၊ ထိပ်ထားဘက်က ပြောစရာရှိရင်လည်း ပြောရတာပေါ့၊ ယူထား နော်..'

ထိပ်ထားလှမ်းပြီးပေးသော ဟန်းဆက်လေးကို ယူပြီး သိမ်းထားလိုက်သည်။

'ထိပ်ထား သွားမယ်နော်.. မြင်းလျှောက်စီးမယ်ဆိုပြီး ထွက်လာတာ'



www.burmeseclassic.com

www.burmeseclassic.com



'သွားတော့ထိပ်ထား… ဪ်··ထိပ်ထားကိုပြောစရာ တစ်ခုကျန်သေးတယ်'

'ဘာများလဲ ဒိုး··'

'တို့ကို ဂင်ဂျာဆိုတဲ့လူက လာပြီးခြိမ်းခြောက်နေတယ်'

'ဘာ…တောက် ဒီလူ··'

ထိပ်ထားမျက်နှာတွင် တင်းမာသွားပြီး…

'ဒိုး…ဒီလူနဲ့ထိပ်ထား ဘယ်လိုမှ မပတ်သက်ဘူး အလကား…မျိုးမစစ်ကောင်··သူနဲ့ပတ်သက်ပြီး ဒိုးဘာမှ ခေါင်းထဲမှာမထားပါနဲ့နော်'

'မထားပါဘူး ထိပ်ထား'

မြင်းလေးပေါ်ပြန်တက်ပြီး ထိပ်ထားနှင့်ခင်ဦးငယ်တို့ ပြန်ပြီးထွက်သွားလေသည်။

'ဒိုး…အခဆင်ပြေလား'

'လာပြန်ပြီ… ခင်ဗျားစကားကဘာလဲဗျ၊ ကျုပ်နဲ့ထိပ်ထားက ခင်မင်မှု သက်သက်အဆင့်ပဲရှိတယ်'

'ကျုပ်ပြောတာလဲ ခင်မင်မှုအခြေအနေပါ'

'ခင်မင်မှုအခြေအနေဆိုတာတောင် ခုမှ သံယောဇဉ်ရဲ့ အစ ပဲရှိသေးတာ'

'ဘာတွေပြောသွားလဲ…ဒိုး··',

'သူ့အစ်ကို မီးလျှံမင်းခေါင်က ကျုပ်ကို ထိပ်ထား မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ အပြတ်ရှင်းမယ်ဆိုတာကို ပြောသွားတာ'

'သိပ်ပြီးသေချာတဲ့ ကိစ္စပဲ'

'ဟင်… ဒူးဝါး… ဒီမှာနေဦး'

ခပ်လှမ်းလှမ်းသစ်ပင်ကွယ်တွင် လူရိပ်တစ်ခုကိုလှမ်းပြီး တွေ့လိုက်သဖြင့် ဒိုး သစ်ပင်ကြီးနားသို့အသာကပ်သွားပြီး…

'ဟေ့ကောင်‥ထွက်ခဲ့စမ်း'

'ကျုပ်‥ကျုပ်‥ကို မသတ်ပါနဲ့ဗျာ‥'

သစ်ပင်ကွယ်မှ လူတစ်ယောက်ထွက်လာသည်။

'ဒူးဝါး‥သူ့ကိုသိလား'

'သိတယ်‥စောထူးသာ‥မင်းဘာလိုက်ပြီးလုပ်တာလဲ'

'ကျွန်တော့်ကို သခင်လေးက ဒီကဆရာနောက်ကိုလိုက်ပြီး ကြည့်ခိုင်းထားလို့‥မလုပ်ချင်ဘဲလုပ်နေရတာပါ'

'သူတို့လူတွေကို ဘာလို့မချောင်းခိုင်းတာလဲ'

'သူတို့လူတွေဆိုရင် ရိပ်မိသွားမှာကြောက်လို့ ကျွန်တော့်ကို ရောနှောပြီး လိုက်ချောင်းခိုင်းတာပါ၊ လုပ်ချင်လို့မဟုတ်ပါဘူး၊ သူတို့ကို မလွန်ဆန်ရဲလို့ပါ'

'စောထူးသာ‥ခင်ဗျားတကယ်ပဲ သူတို့ခိုင်းတာကို မလုပ်ချင်တာလား၊ ကျုပ်တို့ရှေ့မှာမို့ပြောနေတာလား'

'တကယ်ပါ ဆရာရယ်၊ သူတို့နဲ့မလွဲသာမရှောင်သာလို့ ပတ်သက်နေရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ‥ ကျုပ်တို့အချင်းချင်းကြားမှာ ညီညွတ်ရင် သူတို့ဘာပဲခိုင်းခိုင်း အလိုက်သင့်သာပြောဆိုပေါ့ဗျာ'

'စောထူးသာ…ခုကိစ္စကိုမင်းပြန်ပြီးပြောမှာလား'

'ပေါက်ကရ ဒူးဝါးရယ်‥ ထိပ်ထားလေးနဲ့ပတ်သက်တဲ့ကိစ္စဆိုရင် ပိုပြီးတောင်ဝေးသေး‥'

'မင်းကတိတည်နော်'

'ဒူးဝါး…ခုကိစ္စကို သခင်လေးသိသွားရင် မင်းငါ့ကိုလာပြီးသတ်လှဲ့ကွာ၊ ငါ့ကိုယုံစမ်းပါ'

'ယုံပါတယ် စောထူးသာ၊ ပြန်ကြရအောင်၊ သခင်လေးဆိုတဲ့ကောင်ကိုတွေ့ရင် ငါတို့ နှင်းဆီဖြူချောင်းနားကိုလာတယ်ဆိုတာကိုတော့ပြောလိုက်ပါ၊ တခြားအကြောင်းတော့မပြောနဲ့'

'စိတ်ချပါ… ဆရာတို့နဲ့မတွေ့ဘဲ ကျွန်တော် သခင်လေးနဲ့တွေ့ခဲ့ရင်လည်း ပြန်ပြီးပြောပြမှာမဟုတ်ပါဘူး၊ [illegible] ခုလောက်တော့ အကူအညီတောင်းချင်တယ်'

'ဘာများလဲ စောထူးသာ'

'သခင်လေးအပါအဝင် ရွာသူကြီးရဲ့မတရားမှုတွေကိုရပ်တန့်သွားအောင်လုပ်ပေးပါလား'

'လုပ်ပေးချင်ပါတယ်၊ ဒါပေမယ့် ကျုပ်တစ်ယောက်တည်းလုပ်လို့မရဘူး၊ အားလုံးညီညွတ်ဖို့တော့လိုအပ်တယ်'

'ရွာခုနစ်ရွာမှာ သူတို့ကိုဆန့်ကျင်ချင်တဲ့လူငယ်တွေရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ..'

'ဒီလိုလုပ်လေ…ကျုပ်နဲ့ပေးပြီးတွေ့ပေးပါလား'

'ကျွန်တော် စီစဉ်ပြီးရင်အကြောင်းကြားလိုက်မယ်'

'စောထူးသာ..ခင်ဗျားက အရင်ပြန်နှင့်တော့၊ ကျုပ်တို့နောက်မှလိုက်ခဲ့ကြမယ်၊ တဖြည်းဖြည်းတော့ ကြိုးစားကြတာပေါ့၊ သူတို့က လူအင်အား၊ လက်နက်အင်အားကောင်းတော့ ကိုယ့်ဘက်က တန်းတူရင်ဘောင်တန်းနိုင်ဖို့အတွက်တော့ အချိန်ယူပြီး ပြင်ဆင်ရမှာပေါ့..'

'အားကိုးပါရစေ ဆရာ..'

'ကျုပ်ဘက်က လုပ်ပေးနိုင်သလောက်ကြိုးစားသွားမှာပါ'

စောထူးသာနှင့်လူချင်းခွဲပြီး ရွာဘက်ဆီသို့ပြန်ပြီးလျှောက်လာခဲ့ကြတော့သည်။

'ဒီးကတော့ လာခဲ့တဲ့ကိစ္စကတခြား၊ လုပ်နေတဲ့ကိစ္စကတခြားတော့ဖြစ်နေပြီနော်'

'ဘာတတ်နိုင်မလဲဗျာ၊ ကောင်းမွန်တဲ့ကိစ္စတစ်ခုကို လုပ်ကိုင်ရတာပဲဟာ၊ ဂုဏ်ယူရမှာပေါ့'

'ဂုဏ်ယူတာထက် အသက်အန္တရာယ်ကတော့နီးတယ်'

'ဘာလဲ..ခင်ဗျားက ဒီပွဲမှာ မပါချင်လို့လား'

'ဟာ..မဟုတ်ရပါဘူး၊ အစထဲက ဒီကောင်တွေကို ပြန်ပြီးချချင်နေတာ၊ ဘယ်လိုမှ မမျှလို့ခေါင်းငုံ့နေရတာ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒိုးနဲ့အတူ သေသေရှင်ရှင် ရင်ဆိုင်မှာပါ'

မီးတောက်ဒိုး...ဘော်ဒူးဝါး ပခုံးလေးကိုဖက်ပြီး ရယ်မောလိုက်တော့သည်။

✣ ✱ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

ဘော်ဒူးဝါးနှင့်အတူ ရုပ်ဖျက်ပြီး မွေးနေ့ပွဲကျင်းပသည့် ဒုတိယ ရွာဆီသို့ နွားလှည်းတစ်စီးဖြင့်ထွက်လာခဲ့သည်။

'ဒိုးက ခုကျတော့လည်း တကယ့်တိုင်းရင်းသားရုပ်ပဲ၊ နာဂ လေးကျနေတာပဲ'

'ခက်တာက စကားအခက်အခဲရှိတယ်၊ ကျုပ်က ဘာ တစ်ခွန်းမှနားမလည်ဘူး'

'ဒီအတွက်တော့ ဒိုး ကျုပ်အရိပ်အကဲကိုကြည့်ပြီးသာနေ လိုက်'

လပြည့်ကျော်တစ်ရက်ည၏ လမ်းကလေးအတိုင်းလာခဲ့ ကြရင်း ရွာထိပ်ဆီသို့ရောက်တော့···

'ရပ်စမ်း··'

သေနတ်ကိုင်ဆောင်ထားသော လူ(၃)ယောက်က နွားလှည်း



www.burmeseclassic.com

www.burmeseclassic.com



ကို တားသဖြင့် ရပ်ပေးလိုက်သည်။

'မင်းတို့နှစ်ယောက်တည်းလား'

'ဟုတ်တယ်'

'ဘယ်မှာလဲ ဆက်ကြေး'

'ပါ..ပါတယ်၊ ဒီမှာ ဆရာတို့အတွက် မီးတောက်အရက်'

'ဟင်..မဆိုးဘူး၊ လာတဲ့ကောင်တွေထဲမှာ မင်းအတော်ဆုံးပဲ၊ သွားတော့..နေ...နေဦး'

'ဘာများလဲဆရာ'

'ဟို...မြို့ကကောင်ကိုတွေ့မိလား'

'မတွေ့မိဘူး.. ဘာဖြစ်လို့လဲဆရာ'

'ဒီကောင်ကို တို့သခင်ကြီးက ရွာထဲပေးမဝင်ဖို့မှာထားတယ်၊ ဝင်တာနဲ့ဘယ်သူမှ မသိအောင်အပြတ်ရှင်းခိုင်းထားတယ်'

'ဟုတ်လား..သွားမယ်နော်'

နွားလှည်းလေးကို ရွာထဲကအိမ်တစ်အိမ်မှာဝင်ထားပြီး ရွာလမ်းအတိုင်းလျှောက်လာတော့ တစ်ရွာလုံးလင်းထိန်ပြီးစည်ကားနေသည်။

'ဒီ....ဒီ..'

'ဟင်..'

အိတ်ကပ်ထဲမှ ထိပ်ထားလေး၏ဟန်းဆက်လေး ခေါ်သံကြောင့် လူတွေနှင့်ခပ်ဝေးဝေးနေရာသို့ သွားကာ ..ထောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဒိုး..ဘယ်ကိုရောက်နေလဲ'

'ရွာထဲကိုရောက်နေပြီ'

'ဟင်..ဘယ်လိုဝင်လာတာလဲ၊ ဒိုးကို မဝင်ရအောင် ဘက်စုံတားထားတာ'

'ရုပ်ဖျက်ပြီးဝင်လာတာလေ'

'ဒိုး..'

'ပြောပါထိပ်ထား'

'သတိမလစ်စေနဲ့နော်..ထိပ်ထား ရွာထဲကိုလာဦးမှာပါ'

ထိပ်ထားဆီမှ စကားပြောရပ်သွားပြီး စက်ပါ၀ိတ်လိုက်သောကြောင့် တစ်စုံတစ်ယောက်လာနေသဖြင့် ပိတ်လိုက်သည်ဟု ထင်မှတ်လိုက်သည်။

ရွာထဲမှာ ရှိသည့် ကခုန်ပွဲတွေနှင့်စားသောက်စရာများကို လိုက်လံစားရင်း အိမ်ကြီးတစ်လုံးနားသို့ရောက်ခဲ့ကြသည်။

'ဒိုး...ဒါ..နဂါးမင်းခေါင်ရဲ့အိမ်ကြီးပဲ'

'တယ်ပြီးခန့်ညားပါလား'

'ဟုတ်တယ်လေ'

အိမ်ကြီးအဝင်အထွက်တွင် အစောင့်တွေ ချထားသဖြင့် မီးတောက်ဒိုးတို့(၂)ယောက် အိမ်ကြီးထဲသို့ဝင်ဖို့မလွယ်ပေ။

'ဒိုး..ဟိုမှာသွားပြီးထိုင်ကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသားပဲ'

အပင်အိုကြီးအောက်တွင်ရှိသော ခုံတန်းလျားလေးပေါ်သို့ထိုင်ပြီး လူတွေသွားလာမှုတွေကို ကြည့်နေမိသည်။

'ဟာ…ဟိုမှာ ထိပ်ထားတို့ထွက်လာကြပြီ၊ ရွာထဲသွားကြမလို့နဲ့တူတယ်၊ ဘေးမှာလည်း အစောင့်တွေက မနည်းပါလား'

'ဒူးဝါးရေ..အဝေးကပဲငေးကြတာပေါ့'

စန္ဒာကေရီ၏ ညအလှကလေးကို လှမ်းပြီးကြည့်ရင်း ရင်ထဲမှာဝေဒနာလေးတစ်ခု ရောက်ရှိခဲ့သလို ခံစားမိပေမယ့် ဆူးများပိုင်းရံထားသော ပန်းတစ်ပွင့်ကို ခူးဖို့ရန် မလွယ်သလို သူ့တာဝန်က ရှိသေးသည်။

ဒိုးက ကတိတစ်လုံးကို ဘယ်တော့မှမဖျက်ချင်သူ… ပြီးတော့ သူ့ကို ယုံကြည်၍ ခိုင်းစေခဲ့သောအလုပ်ပေါ်မှာ တာဝန်ကျေချင်သူ၊ သူကကြေးစားတစ်ယောက်ဖြစ်ပေမယ့် ကတိနှင့် သစ္စာတရားပိုင်းပေါ်မှာတော့ အစွန်းအထင်းမခံနိုင်ပေ၊ ထိပ်ထားခုနစ်ပြည်ထောင်ရွာလေး..ကိစ္စထက် သူ့မှာအရေးတကြီးခေါ်ဆောင်ရမည့်လူတစ်ယောက်ကိစ္စကပိုပြီးအရေးကြီးသည်။

ထိပ်ထားတို့အဖွဲ့တွေ အဝေးကိုရောက်တော့မှ နောက်ကနေလိုက်ခဲ့ကြသည်။ လူတွေက ပထမရွာထက်ပိုများပြီး ရွာလမ်းပေါ်တွင် ရှုပ်ထွေးနေသောကြောင့် တိုးဝှေ့ပြီးလာခဲ့ကြသည်။

'ဖောင်း..ဖောင်း..ဖောင်း..'



www.burmeseclassic.com

www.burmeseclassic.com



မီးရှူးမီးပန်းတွေ ဖောက်ပြီးအော်ဟစ်သံတွေက ဆူညံ ပွက်လောရိုက်သွားပြီးနောက်····

'ဝုန်း···'

'ဟာ···'

'ဟင်···'

ပေါက်ကွဲသံကြီးတစ်ခုကြောင့် လူတွေ အော်ဟစ်ပြေးလွှားကုန်တော့သည်။ ရွာ၏အပြင်ဘက်ဆီမှဖြစ်သည်။

'ဒူးဝါး··'

'ဒါ···ဒါ···သူပုန်အဖွဲ့တွေဖြစ်မယ်။ ဒါဆိုရင်တော့ တိုက်ပွဲတော့ဖြစ်ပြီ'

ဘော်ဒူးဝါး စကားပင်မဆုံးလိုက်ပေ။ သေနတ်သံတွေ ပေါ်ထွက်လာပြီး အပြန်အလှန်ပစ်ခတ်သံတွေကြောင့် တစ်ရွာလုံး ရှုပ်ထွေးသွားလေသည်။ မီးတောက်ဒိုးတို့ နှစ်ယောက် လူတွေပြေးလွှားနေသည့်ကြားမှ ရုန်းထွက်ပြီး ထိပ်ထားနောက်ကိုလိုက်ခဲ့ကြသည်။

'ခွပ်···ခွပ်···ခွပ်···'

ရွာထဲသို့ မြင်းတွေဒုန်းစိုင်းပြီးဝင်လာကာ···

'စန္ဒာကေရီကို ရအောင်ခေါ်ခဲ့ကြ'

ရှေ့ဆုံးမြင်းသံမားက သူ့လူတွေကို အော်ဟစ်အမိန့်ပေးသံကြောင့် စန္ဒာကေရီအတွက် မီးတောက်ဒိုး စိုးရိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုထိ ရှာဖွေ၍မတွေ့သောကြောင့် သူ့အိတ်ထဲကစက်ကို သတိရသွားပြီးခေါ်ကြည့်လိုက်သည်။

'ထိပ်ထား'

'ဒိုး..'

'ခုဘယ်ကိုရောက်နေလဲ၊ ဘယ်မှာလဲ'

'ထိပ်ထားကို သူပုန်တွေဝိုင်းထားတယ်၊ အစ်ကိုကြီး တပည့်တွေလည်း ပြေးကုန်ပြီ'

'ဟင်..'

'ထိပ်ထားတို့ ဖလျှန်ပင်အိမ်နားမှာ ဘယ်လိုမှ ထွက်လို့မရဘူး'

'ထိပ်ထား..တို့ရောက်အောင်လာခဲ့မယ်'

'ဒိုး..'

ဒိုး...စက်ကိုပြန်ပိတ်ပြီး...

'ဒူးဝါး..ဖလျှန်ပင်အိမ်ဆိုတာဘယ်နားမှာလဲ'

'ရှေ့နားက ကုန်းအဆင်းမှာ'

'သွားကြရအောင်'

ဒူးဝါးနှင့်အတူ ထိပ်ထားပိတ်မိနေသော နေရာဆီသို့ပြေးလာခဲ့ကြသည်။

'ဒိုင်း..ဒိုင်း..'

'ဒီကောင်တွေ မရှိတော့ဘူး၊ တဲထဲကိုဝင်ပြီးခေါ်ခဲ့ကြတော့'



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လုပ်သူမှ အမိန့်ပေးလိုက်သောကြောင့် သူပုန် (၃)ယောက် တဲထဲသို့ဝင်သွားသည်။

'ဒိုင်း…အား‥'

တဲထဲမှ ပစ်ခတ်လိုက်သဖြင့် (၃)ယောက်ထဲမှတစ်ယောက် ကျသွားပြီး ကျန်(၂)ယောက်ဆက်ပြီးမဝင်ရဲဘဲ နေရာယူကာ တဲထဲသို့ ပစ်လေသည်။ တဲဆီမှ နောက်ထပ် သေနတ်သံဆက်ပြီး ထွက်မလာတော့ချေ။

နောက်မှ (၂)ယောက်ထပ်ပြီး အင်အားဖြည့်ကာ တဲနားသို့ ကပ်ချိန်တွင် မီးတောက်ဒိုးတို့(၂)ဦးတဲနောက်ဘက်ဆီသို့ ရောက်နေလေပြီ။

'အေးအေးဆေးဆေးလိုက်ခဲ့ စန္ဒာကေရီ'

'မလိုက်ဘူး…မလိုက်ဘူး'

'ရှင်တို့ ကျွန်မ ထိပ်ထားနားမကပ်နဲ့နော်'

'အလဲ့…ဘေးက အခြွေအရံလေးကလည်း တယ်ပြီးနိပ်သတိုး‥အဆင်ပြေတာပေါ့၊ ဆွဲခေါ်ခဲ့ကွာ'

တဲထဲသို့ အတင်းဝင်ပြီးဆွဲခေါ်သည်နှင့်…

'ဖြောင်း…အင့်‥'

'ဟင်…ဒိုး‥'

ပထမဆုံးကောင်ကို ခြေစုံကန်လိုက်ပြီး ဒုတိယကောင်ကို အမြန်ဆုံးတိုက်ခိုက်ချိန်တွင် အပြင်မှ နှစ်ကောင်မှာ ဒုပါး တုတ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချက်ကြောင့်မှောက်သွားလေပြီ။

'ကဲ..ခွပ်...အား'

သေနတ်ရှည်တစ်လက်ကို ကောက်ယူပြီး လဲနေသည့် သူပုန်ကို သေနတ်ဒင်နှင့်ရိုက်ချလိုက်သည်။

'ဒိုး...ဟိုမှာ ဝင်လာကြပြီ'

'ဒူးဝါး..မင်း ၊ထိပ်ထားတို့ကိုခေါ်သွားပြီးထွက်နှင့်၊ ငါ ခံပစ်ပြီးလိုက်ခဲ့မယ်'

'ဒိုး..'

'ထိပ်ထား ဘာမှ မစိုးရိမ်နဲ့၊ တို့ဘာမှမဖြစ်ဘူး၊ နောက်က နေလိုက်ခဲ့မယ်'

ထိပ်ထား နောက်ဆံတင်းစွာနှင့်လိုက်ပါသွားသည်။

'ဒိုင်း..ဒိုင်း...ဒိုင်း...'

မီးတောက်ဒိုး တစ်ယောက်ချင်း ပစ်ချလိုက်သောကြောင့် သူပုန်အဖွဲ့တွေ ဆက်ပြီးမဝင်ရဲတော့ဘဲ ပိုင်းပြီးပစ်ခတ်တော့သည်။

တစ်ယောက်နှင့်အများ ပစ်ခတ်ရသလို အခြေအနေ မကောင်းသဖြင့် တဲနောက်ဘက်ဆီသို့ထွက်ခဲ့ပြီး ထိပ်ထားတို့ နောက်ကို လိုက်ခဲ့ရတော့သည်။

'ဝုန်း...'

သူပုန်တွေက တဲကြီးကို လက်နက်ကြီးနှင့်ပစ်ခတ်ပြီး မီးရှို့ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒူးဝါး··'

'ဘာလဲ ထိပ်ထား'

'ဟိုမှာ တဲကြီးမီးလောင်သွားပြီ၊ ဒိုးသေပြီထင်တယ်'

'သူ···မသေနိုင်ပါဘူး'

'ဒီလောက်ကြီး ပေါက်ကွဲတာ မသေဘဲ နေပါ့မလား'

ထိပ်ထား မျက်ဝန်းတွင်မျက်ရည်လေးတွေပင်ဝိုင်းသွားသည်။ ထိပ်ထားကို အားပေးစကားပြောနေရပေမယ့် ဘော်ဒူးဝါးလည်း ဒိုးအတွက် စိတ်ထဲမှာမကောင်းမိပေ။ သူတို့ အားကိုးသည့် သူရဲကောင်းတစ်ဦး ကျဆုံးသွားမှာကို လွန်စွာနှမြောနေမိသည်။

'ဟင်···ဟိုမှာ··ဟိုမှာ··'

'ဒိုး···'

ထိပ်ထား···စိတ်ကိုလွှတ်ပြီး မီးတောက်ဒိုးဆီသို့ပြေးသွားမိသည်။

'ဒိုးဘာမှ မဖြစ်ဘူးနော်'

'အချိန်မီလေး ထွက်မိလို့၊ နို့မို့ဆိုရင် အရိုးတောင်ရမှာ မဟုတ်ဘူး၊ ခု ဘယ်ကိုဆက်ပြီးသွားမှာလဲ'

'ရွာထဲပြန်ပြီးဝင်လို့တော့ မဖြစ်နိုင်ဘူး၊ သူပုန်တွေ ခုလောက်ဆို ရွာထဲကိုဝင်စီးထားလောက်ပြီ၊ အရှေ့ဘက်ရွာကိုပဲ သွားကြမယ်'

'ထိပ်ထား··'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ ဒိုး..'

'မင်းအစ်ကိုကြီးရော လွတ်ပါ့မလား'

'လွတ်မှာပါ.. သူတို့က ခုလိုပွဲတွေကို နွဲနေကျပါ'

ညရဲ့အလင်းဖျော့ဖျော့အောက်မှာ ထိပ်ထား မရည်ရွယ်ဘဲ ဒိုးလက်မောင်းလေးကိုဆုပ်ကိုင်ပြီးလိုက်ပါလာခဲ့မိသည်။

'ဒိုး...ထိပ်ထားခြေထောက်တွေ နာလာပြီ'

'ဒူးဝါးရေ... လုံလုံခြုံခြုံနားရမယ့်နေရာမရှိဘူးလား'

'ရှိတယ်..ရှေ့နားမှာ အင်္ဂလိပ်လက်ထက်က တိုက်ပျက်ကြီးတစ်ခုရှိတယ်၊ အဲဒီမှာ နားပေါ့'

ဘော်ဒူးဝါးခေါ်ဆောင်သည့် တိုက်ပျက်ကြီးဆီသို့ဝင်သွားကြပြီး အခန်းတစ်ခုတွင် ဝင်ကာနေလိုက်ကြသည်။

'မနက်အလင်းထွက်တော့မှပဲ သွားကြမယ်၊ ဒီတစ်ညတော့ ဒီမှာအိပ်ကြတာပေါ့'

'ရွာထဲမှာ ဘယ်လောက်အလောင်းတွေထပ်နေပြီလဲမသိဘူး 'မယ်'ရော.. လွတ်ပါ့မလား'

'ထိပ်ထားရယ်...'မယ်'က စွမ်းတာပဲ လွတ်မှာပါ'

တိုက်ပျက်နံရံလေးကိုမှီပြီး အပြင်ကိုနားစွင့်ပြီးနေလိုက်ကြတော့သည်။

တိုက်အိုကြီး၏အပြင်ဘက်မှာတော့ လရိပ်၏အလင်းအပိုင်းအစတွေ ဖြာကျလျက်...



www.burmeseclassic.com

www.burmeseclassic.com



'ဒိုး..'

တိုးညှင်းစွာပေါ်ထွက်လာသည့် ထိပ်ထားခေါ်သံကြောင့်

'ထိပ်ထား ဘာပြောချင်လဲ ပြောလေ'

'ထိပ်ထား 'မယ်'ကို စိတ်ပူနေတယ်၊ တစ်ခုခုများဖြစ်နေပြီလားမသိဘူး၊ စိတ်ထဲမှာ တစ်မျိုးခံစားနေရတယ်'

'ထိပ်ထား အစ်ကိုကြီးလည်း ကာကွယ်ပေးမှာပေါ့'

'ထိပ်ထား မထင်ဘူး ဒိုး..'

'ဘာဖြစ်လို့လဲ'

'အရှင်းဆုံးပြောရရင် 'မယ်'ကို သူတို့က သိပ်ပြီးတော့ ကျေနပ်ကြတာမဟုတ်ဘူး၊ မလွှဲသာမရှောင်သာလို့သာ ကြည့်နေရတာ၊ 'မယ်' လူ့လောကကြီးမှာမရှိလေ ကောင်းလေပဲ..ဟူး'

ထိပ်ထား စကားပြောရင်း သက်ပြင်းပူလေးမွှေကို မှုတ်ထုတ်လျက်...

'ရှပ်...ရှပ်...'

မီးတောက်ဒိုး...အပြင်ဘက်မှ ခြေသံတစ်စုံကို နားစွင့်မိပြီး...

'ဒူးဝါး..ခင်ဗျား ထိပ်ထားတို့နဲ့နေခဲ့၊ ကျုပ်အပြင်ထွက်ပြီး အခြေအနေကို ကြည့်မယ်'

'အင်း..'

အခန်းလေးထဲမှ ခြေသံလုံ့စွာနှင့်အပြင်သို့ထွက်ကာ ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည့် နေရာဆီသို့ အမှောင်ကိုကွယ်ပြီးကြည့်လိုက်မိ သည်။

လူတစ်ယောက် သဏ္ဍာန်တစ်ခုက တိုက်ကြီးထဲသို့ ဝင်လာလေသည်။

မီးတောက်ဒိုးနားရောက်သည်နှင့်...

'ဟော...အီး..'

လည်ပင်းကို လက်ဖြင့်သိုင်းဖက်ပြီး ညှစ်ထားလိုက်သည်။

'အား...သေပါပြီ၊ ကျုပ်..ကျုပ်လူကောင်းပါ'

'ဘယ်သူလဲ'

'စောထူးသာ...'

'ဟင်..'

ဒိုး..လက်ကို ဖြေပေးလိုက်ပြီး....

'စောထူးသာ..ဘယ်လိုဖြစ်တာလဲ'

'ဟာ...ဆရာဒိုး... ဟူးတော်ပါသေးရဲ့ဗျာ၊ တွေ့ရလို့၊ ကျုပ် ဆရာဒိုးတို့ (၄)ယောက် ဒီဘက်ကိုထွက်လာတာကို မြင်လို့ လိုက်လာတာ'

အခန်းလေးထဲရောက်မှ...

'စောထူးသာ..ရွာအခြေအနေဘယ်လိုလဲ'

'ရွာတစ်ရွာလုံးတော့ မီးလောင်တိုက်ခံသွားရပြီ'

'ဟင်..'

'ဟာ..'



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်ထားအစ်ကို နဂါးမင်းခေါင်တို့အဖွဲ့က ဘာမှ မလုပ်နိုင်ဘူးလား'

'ပြန်ပြီးတိုက်ဖို့ဝေးရော.. ဘယ်ကနေ လစ်သွားသလဲ တောင်မသိဘူး၊ ရွာသူရွာသားတွေနဲ့ 'မယ်'ကို ဖမ်းထားတယ်'

'ဘာ...'

'ရှင်...'

'ဒီမနက် နဂါးမင်းခေါင်နဲ့ထိပ်ထားက သူတို့ဆီ လာပြီး အဖမ်းမခံရင် အားလုံးကို သတ်ပစ်မယ်ဆိုပြီးပြောနေတာကို ကြားကြားချင်း ဆရာဒိုးတို့နောက်ကို လိုက်လာတာ'

'ဒိုး...ဘယ်လိုလုပ်မလဲ..'မယ်'ကို ကယ်ပါဦး'

''မယ်'က ဘာလို့အဖမ်းခံရတာလဲ၊ 'မယ်'အစွမ်းနဲ့ ဘယ်လိုမှ အဖမ်းခံရစရာမရှိဘူး'

ခင်ဦးငယ်စကားကြောင့် ထိပ်ထားတစ်ချက်တွေဝေသွားပြီးနောက်....

'ဒါ...အစ်ကိုကြီး..လက်ချက်ပဲဖြစ်ရမယ်..'

'အစ်ကိုကြီးလက်ချက် ဟုတ်လား'

'ဟုတ်မယ်..အစ်ကိုကြီး 'မယ်'သောက်မယ့် အအေးခွက်ထဲကို တစ်ခုခုထည့်လိုက်တာ ထိပ်ထားတွေ့လိုက်တယ်၊ ဒီတုန်းက အမှုမဲ့အမှတ်မဲ့နဲ့နေလိုက်မိတာ၊ 'မယ်'ကို အစ်ကိုကြီး မလုပ်ကြံရဲဘူးဆိုတာတော့ ထိပ်ထားသိတယ်၊ သူဘာကြောင့်လုပ်ခဲ့သလဲ



www.burmeseclassic.com

ဆိုတာတော့ မသိဘူး’

‘ထိပ်ထားပြောတဲ့စကားအရဆိုရင်··ခု‘မယ်’ကို သူပုန်တွေ မိသွားတာ မေ့နေတုန်း ဖမ်းမိသွားတာ’

‘ဒါတွေထားဦး··‘မယ်’နဲ့ရွာသားတွေကို ဘယ်လိုကယ်ရမလဲဆိုတာကို မနက်မိုးမလင်းခင် စဉ်းစားမှဖြစ်မယ်၊ ကျုပ်တို့ခု (၅)ယောက်ထဲနဲ့တော့ ဝင်ပြီးကယ်လို့မရဘူး···စောထူးသာ’

‘ပြောလေ··ဆရာဒိုး’

‘ခင်ဗျား လူငယ်တွေကို အချိန်မီ စုလို့ရမလား’

‘ညတွင်းချင်း သွားပြီး စုမယ်ဆိုရင်တော့ မနက်ဆို မီမယ်’

‘ဒါဆို ဒီလိုလုပ်ဗျာ၊ ကျုပ်နဲ့ထိပ်ထားလေးက ဒီကောင်တွေဆီသွားပြီး အချိန်ဆွဲထားမယ်၊ ခင်ဗျားတို့အချိန်မီရောက်အောင်လာပြီး အနီးကပ်လှုပ်ရှားမယ်’

‘ကောင်းပြီလေ·· ကျုပ်နဲ့ ဒူးဝါး··ခုသွားမယ်’

‘ဒါဆိုသွားကြတော့··’

စောထူးသာနှင့်ဘော်ဒူးဝါးတို့ထွက်သွားပြီး မီးတောက်ဒိုးလက်ထဲက သေနတ်ကို သေချာစွာ ချိန်ဆလိုက်သည်။

‘ဒိုး··’

‘ထိပ်ထား ဘာမှ စိတ်မပူနဲ့၊ တို့လက်တွေက ထိပ်ထားအတွက် အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးမှာပါ’

မီးတောက်ဒိုး··သေနတ်ကို တင်းကျပ်စွာဆုပ်ကိုင်ပြီး

www.burmeseclassic.com



နောက် သူ့ရင်ထဲမှာ ပုံရိပ်တစ်ခုက ထင်ဟပ်လာခဲ့သည်။

'သူငယ်ချင်းဖေလတ်..ငါ..မင်းကိုပေးထားတဲ့ကတိကို မတည်နိုင်တာကို ခွင့်လွှတ်ကွာ..'

'ဒိုး..ဘာတွေပြောနေတာလဲဟင်'

'တို့သူငယ်ချင်းကို တောင်းပန်နေတာပါ'

'ဘာလို့လဲ ဒိုး..'

'တို့သေနတ်ကို ပြန်ပြီးကိုင်ခဲ့ရလို့ပါ၊ သူငယ်ချင်းတစ်ယောက်ကြောင့် သေနတ်မကိုင်တော့ဘူးလို့ ဆုံးဖြတ်ပြီး ကတိပေးခဲ့ဘူးတယ်၊ ဒီတုန်းက အရှေ့တောင်အာရှ သေနတ်ပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုယူခဲ့တဲ့နှစ်လေ၊ ကဲပါလေ.. ဒီအကြောင်းတွေကို ထိပ်ထားးသိချင်တယ်ဆိုရင် နောက်မှပြောပြမယ်'

ညဉ့်ယံလေးက နက်လာခဲ့ပြီမဟုတ်လား...။

❖ ✵ ✣ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

နံနက်ဆီသို့ကူးပြောင်းမည့် အလင်းရောင် ဖျော့ဖျော့လေး ပေါ်ထွက်ချိန်တွင်…

'အစ်ကိုဒိုး…'

'ဘာလဲ ခင်ဦးငယ်'

'ကျွန်မ…အစ်ကိုဒိုးကို သေနတ်တစ်လက် ပေးချင်တယ်၊ ဒီသေနတ်ဟာ ကျွန်မအစ်ကိုမုဆိုးဘဝတုန်းက ပစ်ခဲ့တဲ့သေနတ်တစ်လက်ပါ၊ သူက ခုတော့ ရဟန်းဘောင်ကိုဝင်သွားပါပြီ၊ သူ့သေနတ်ကို ဘယ်သူ့လက်ထဲမှ မအပ်ချင်လို့ မြှုပ်ခဲ့တယ်၊ အစ်ကိုဒိုးအတွက် အသုံးဝင်မယ်လို့ထင်တယ်'

'ရရင်တော့ ကောင်းတာပေါ့၊ ခု သေနတ်က သိပ်ပြီးမဝေးဘူး၊ သွားယူရမှာ အရမ်းဝေးလား ခင်ဦးငယ်'

'မဝေးဘူး…အစ်ကိုဒိုး…ရွာအစွန်က သချိုင်းကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ'

'ခုသွားမယ့်လမ်းနဲ့ရော အဆင်ပြေပါ့မလား'

'ပြေပါတယ်'

'ဒါဆိုရင် သွားကြမယ်၊ မိုးလင်းတာနဲ့ ရွာထဲကိုဝင်နိုင်အောင်ပြင်ဆင်ရမယ်'

တိုက်ပျက်ကြီးထဲမှ ထွက်ခဲ့ကြပြီး ခင်ဦးငယ်ခေါ်ဆောင်သော သင်္ချိုင်းဟောင်းကြီးဆီသို့လာခဲ့ကြတော့သည်။

'ဟိုသင်္ချိုင်းကြီးပဲ အစ်ကိုဒိုး..'

သင်္ချိုင်းဟောင်းကြီးထဲကိုရောက်တော့ ခင်ဦးငယ် ညောင်အိုပင်ကြီးနားသို့သွားကာ...

'ဒီနေရာပါ..'

'ဒုတ်..ဒုတ်..ဒုတ်...'

မီးတောက်ဒိုး မြေကြီးတွေကို တူးဆွပြီး ဖယ်ထုတ်တော့ အဝတ်ဖြင့် သပ်သပ်ရပ်ရပ်ထုတ်ထားသော ရိုင်ဖယ်သေနတ်တစ်လက်နှင့်ကျည်ဆန်တွေကို တွေ့လိုက်ရသည်။

'တကယ်ကောင်းတဲ့သေနတ်ပဲ ခင်ဦးငယ်'

'ဒီသေနတ်ကို အိန္ဒိယမုဆိုးတစ်ဦးက လက်ဆောင်ပေးသွားခဲ့တာ'

မီးတောက်ဒိုးရလိုက်သောသေနတ်မှာ ဒိုးစိတ်ကြိုက်သေနတ်ပင်ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်ထား...တို့ပြောသလို ရွာထဲကို ခင်ဦးငယ်နဲ့ဝင်သွား၊ တို့နောက်ကနေ တစ်ယောက်ချင်းဖြိုမယ်၊ ဒူးဝါးတို့ရောက်တာနဲ့ ဒီကောင်တွေကို ပိတ်ပြီးတိုက်မယ်'

ရွာထိပ်နားကိုရောက်သည်နှင့် ထိပ်ထားနှင့်ခင်ဦးငယ်ကို ရှေ့မှသွားခိုင်းပြီး ဒိုး လူယောင်ဖျောက်ကာ နောက်မှလိုက်ပါလာခဲ့တော့သည်။

'ဗိုလ်ကြီး..ဟိုမှာလာနေပြီ'

'သမီး...သမီးရယ်..ဘာလို့လာတာလဲ၊ ခုလှည့်ပြီးပြန်စမ်း'

'မယ်..'

'ဒီအသွားကြီး ပါးစပ်ပိတ်စမ်း'

'နင်တို့ ငါ့ကို သတ်ချင်သတ်လိုက်၊ ငါ့သမီးလေးကို ဒုက္ခမပေးနဲ့'

'မယ်'ကိုကြိုးဖြင့်တုပ်နှောင်ပြီး တိုင်တစ်ခုမှာ ချည်နှောင်ထားသည်။

'ဟိုကောင်ကရော မလာဘူးလား'

'ခုထိ အရိပ်အယောင်မတွေ့သေးဘူး ဗိုလ်ကြီး'

'နင်တို့ ဒီကောင့်ကို စောင့်လို့တော့ အပိုပဲ၊ ဘယ်တော့မှ လာမှာမဟုတ်ဘူး၊ အလကားကောင်'

'ဗိုလ်ကြီး ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ တာဝန်က ထိပ်ထားလေးကိုအရခေါ်သွားမယ်၊ ...ီးရင် ရှာကဆက်ကြေးတွေကိုယူသွားဖို့ပဲ၊ သွားပြီးခေါ်စမ်း'

'ဟုတ်ကဲ့..'

သူပုန်ဗိုလ်မှ ထိပ်ထားကိုသွားပြီးခေါ်ဖို့ တပည့်(၂)ယောက် ...ို လွှတ်လိုက်သောကြောင့် ထိပ်ထားဆီသို့အလာတွင်...

'ဒိုင်း..ဒိုင်း..'

'အား...အီး..'

ကျည်ဆန်က ဘယ်ကလာမှန်းမသိဘဲ သူပုန်(၂)ယောက် ...မြေပြင်တွင် ခွေကျသွားတော့သည်။

'တောက်...ဟော့ကောင်တွေ အမြန်သွားပြီးခေါ်စမ်း..'

နောက်ထပ် နှစ်ယောက်ပြေးပြီးလာပေမယ့် ပထမ(၂) ...ယောက်လိုပင် ရှေ့ကိုမရောက်ခင် ကျသွားသောကြောင့် သူပုန် ...ိုလ် တွန့်သွားပြီး...

'ဒီမှာတွေ့လား..ဒီအဘွားကြီးအသက်ကို နှမြောရင် ...ထွက်ခဲ့ မထွက်ရင် အပစ်ပဲကွ'

'ဒိုင်း..'

'ဟာ..ဘုတ်..'

သူပုန်ဗိုလ်လက်ထဲမှ သေနတ်အောက်သို့ လွှတ်ကျသွား ...သည်။

'ဟော့ကောင်..မင်းထပ်ပြီး လှုပ်တာနဲ့ ငါ့ကျည်ဆန်က



www.burmeseclassic.com

www.burmeseclassic.com



မင်း နဖူးဆီမှာ ဝင်သွားမယ် မင်းသဘောပေါက်'

မီးတောက်ဒိုး ··ထိပ်ထားတို့ဘေးတွင် ဝင်ရပ်ပြီး သူပုန်ဗိုလ်ကိုချိန်ရွယ်ထားလိုက်သည်။

'ဟင်··မင်း··အား··ကျွတ်··ကျွတ်··'

သူပုန်ဗိုလ်လက်မှ သွေးများစီးကျနေပြီး မလှုပ်ရှားရဲဘဲ ငြိမ်သက်စွာရပ်နေသည်။

'မင်းကောင်တွေကို မြင်းပေါ်တက်ခိုင်းပြီး ပြန်ဖို့ပြင်ခိုင်းလိုက်··'

'ဟေ့ကောင်တွေ တက်ကြစမ်း'

မြင်းပေါ်သို့ အားလုံးတက်ပြီးနောက်···

''မယ်'နဲ့ရွာသားတွေကို ထပ်ပြီးလွှတ်လိုက်'

ဒိုးစကားအတိုင်း သူပုန်ဗိုလ် လုပ်ပေးနေရသည်။ 'မယ်' ထိပ်ထားနားရောက်တော့မှ···

'ထိပ်ထား··'မယ်'ကိုခေါ်ပြီးသွားတော့'

'ဟုတ်··'

'ဒိုင်း··အား··ချောက်··'

မြင်းပေါ်မှ တစ်ယောက်က ဒိုးတို့ဆီကို အမှတ်မထင် လှမ်းပစ်ဖို့ပြင်လိုက်သောကြောင့် အမြန်ဆုံးပစ်ပြလိုက်ပြီး သူပုန်ဗိုလ်ကို ပြန်ချိန်ထားလိုက်သောကြောင့် ဘယ်သူမှ ထပ်ပြီးမလှုပ်ဝံ့တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ နောက်ထပ် ငါလူကိုမပစ်ချင်တော့ဘူး၊ တို့ရွာလမ်းကနေ ထွက်ဖို့လုပ်တော့..'

'ဝုန်း…ဒိုင်း…ဒိုင်း..'

သေနတ်သံတွေ ဆက်တိုက်ထွက်ပေါ်လာပြီး သူပုန်အဖွဲ့ ၏ ပိတ်ဆို့ပစ်ခတ်သံများပေါ်ထွက်လာတော့သည်။

'ပြေး…ဆုတ်…'

သူပုန်ဗိုလ်မှ အော်ဟစ်အမိန့်ပေးပြီး ရွာနောက်ဘက်လမ်း အတိုင်းဆုတ်သွားလေတော့သည်။ တိုက်ပွဲမှာလည်း အဆုံးသတ် သွားလေပြီ။

'မောင်ရင်ကို အရမ်းကျေးဇူးတင်ပါတယ်'

'ရပါတယ် မယ်'

ရွာသူရွာသားတွေက သူပုန်အလောင်းတွေကို ရှင်းလင်း သလို ရွာသူရွာသားတွေထဲက ဒဏ်ရာရသူတွေကို 'မယ်'မှ ဆေးကုသပေးနေစဉ်….

'ခွပ်..ခွပ်…ခွပ်..'

ရွာထဲသို့မြင်းတွေနှင့်ဝင်လာသူက နဂါးမင်းခေါင်နှင့် ရွာ သူကြီးတို့အဖွဲ့ပင်ဖြစ်သည်။

'မယ်..ဘာမှမဖြစ်ဘူးနော်၊ ကျွန်တော်တို့က အချိန်မီ လာ တာ၊ ကံကောင်းသွားတယ်မှတ်၊ နို့မို့ဆိုရင် တစ်ကောင်မှတောင် ကျန်မှာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းပါးစပ်ပိတ်စမ်း၊ နဂါး မင်းနဲ့ငါ စာရင်းရှင်းရမယ်'

'မယ်'

'မမရယ်…သားကြီးလည်းတတ်နိုင်သလောက် ခုခံခဲ့တာ ပဲ၊ ဒီကောင်တွေက အင်အားကောင်းလို့ခံလိုက်ရတာပါ'

'မင်းခေါင်…နင့်သားဘက်က ကာကွယ်မနေနဲ့တော့၊ နင့်သားကြောင့် ငါအဖမ်းခံရတာ နင်သိလား'

'ဟင်.. ကျွန်တော်ဘာလုပ်မိလို့လဲ'

'နင် ငါ့ကိုဆေးခတ်ခဲ့တယ်မဟုတ်လား'

'ဟာ..မ…မ..ဟုတ်ရပါဘူး၊ ကျွန်တော်ဒီလိုမလုပ်ရဲပါဘူး'

'ဟုတ်ပါတယ် မမရယ်…သားကြီးက မမအပေါ်မှာ ဒီလောက်ထိ လုပ်ရဲတဲ့သတ္တိမရှိပါဘူး'

'မယ်..ခု..တရားမမှုဘက်ကိုပြောင်းပြီးအားထုတ်နေပြီ မဟုတ်လား၊ စိတ်ကိုလျှော့လိုက်ပါတော့'

ထိပ်ထားပြောစကားကြောင့် 'မယ်' နဂါးမင်းခေါင်နဲ့ သူကြီးတို့ကို စေ့စေ့ကြည့်ကာ…

'နင် သိပ်ပြီးကံကောင်းသွားတယ်၊ ငါ့ရဲ့စိတ်တွေ သတိလက်လွတ်ဖြစ်သွားတာကို သမီးလေး သတိပေးလို့၊ ငါဟာ မြွေတွေနဲ့လူသတ်တဲ့အလုပ်တွေကို သမီးလေးမွေးနေ့ညက အားလုံးစွန့်လွှတ်ပြီး ဗုဒ္ဓတရားမမှုတွေကို ကျင့်ကြံတော့မယ်လို့ သစ္စာပြု



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီ…မင်းခေါင်'

'ပြောပါမမ'

'ဒီရွာနဲ့ ငါတို့ကိုကယ်ခဲ့တာ ဟောဒီကသူငယ်ပဲ'

'ဟုတ်ကဲ့..'

သူကြီးမင်းခေါင် 'မယ်'ရှေ့တွင်ဟန်လုပ်ပြီး ပြုံးပြကာ မီးတောက်ဒိုးပခုံးလေးကို ပုတ်ရင်း…

'ကျေးဇူးတင်ပါတယ် မောင်ရင်'

'ရပါတယ် သူကြီး..ကြုံကြိုက်သွားလို့ပါ'

'မင်းခေါင်…မင်းသားတွေကို မင်းမှာထားပါ၊ ဒီကလေးကို အန္တရာယ်မပြုပါနဲ့လို့'

'ကျွန်တော် မှာထားပါ့မယ်'

'မယ်နဲ့ထိပ်ထား.. ကျွန်တော့်ကို ခွင့်ပြုပါဦး..'

'ဒိုး..'

ထိပ်ထားမှ ဒိုးတို့ရွာတွင်နေဖို့ပြောမယ်ဆိုသည်ကို သိလိုက်ပေမယ့် ကောက်ကျစ်စဉ်းလဲသော မြွေခွေးပိုင်နက်တွင် မနေချင်သောကြောင့် လက်ကာပြပြီး ကျောခိုင်းထွက်လာခဲ့သည်။

'မင်း..ခဏနေဦး'

နဂါးမင်းခေါင်…. ဒိုးဆီကိုလိုက်လာပြီးခေါ်လိုက်ခြင်းကြောင့် ရပ်ပြီးကြည့်လိုက်သည်။

'မင်း ခုလိုကူညီလို့ မင်းကို ကြည်ဖြူမယ်လို့ဟာမထင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ မင်းနဲ့တွေ့ဦးမှာပါ'

'ကျုပ်ဘက်ကလည်း တွေ့ချင်သူကိုမရှောင်ပါဘူး'

'သိပ်ကြိုက်တဲ့စကားပဲ၊ ခုနှစ်ပြည်ထောင်မှာ မင်းအတွက် လှပတဲ့ဓာတ်လမ်းလေးရှိမှာမဟုတ်ဘူး၊ အထူးသဖြင့် ငါ့ညီမ ထိပ်ထားကို မင်းပိုင်ဆိုင်ဖို့ဆိုတာ ဘယ်တော့မှ မစဉ်းစားနဲ့၊ မင်းသွားတော့'

နဂါးမင်းခေါင်...ထိပ်ထားလေးနှင့်ပတ်သက်ပြီး ပြော လိုက်သည့် စိန်ခေါ်မှုကတော့ မီးတောက်ဒိုးအတွက် စဉ်းစား မရသောအကြောင်းအရာတစ်ခုကို ခေါင်းထဲသို့ထည့်ပေးလိုက် သလိုဖြစ်နေသည်။

ထိပ်ထားနှင့်သူတို့၏ သံယောဇဉ်ကြိုးလေးက အဖြူရောင် လေးရှိသည်ကို အရောင်ပြောင်းလဲဖို့ ဖိအားပေးလိုက်သည်နှင့်တူ နေလေပြီ။

✤ ✱ ✣ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

ရွာတွင် သူကြီး၏သား(၃)ယောက်နှင့်သူ၏အဖွဲ့က လွဲပြီး ဘယ်သူမှ လက်နက်ကိုင်ဆောင်ခွင့်မရှိသောကြောင့် မီးတောက်ဒိုး သေနတ်ကို သိမ်းယူလိုက်သည်။

'ဒိုး...ဒါသက်သက် သိမ်းတာပဲ'

'သိမ်းပါစေ ဒူးဝါးရာ၊ သေနတ်မရှိလည်း ကျုပ်အတွက် တုန့်လှုပ်စရာမရှိပါဘူး'

'ရွာသူရွာသားတွေကတော့ ဒီကောင်တွေပေါ်မှာ မကျေနပ် မှုတွေက ပေါက်ကွဲတော့မယ်'

'စောထူးသာ၊ သိပ်ပြီးဆန္ဒမစောနဲ့ဦး၊ ခုမှ ကျုပ်တို့ဘက် က ပြင်ဆင်ရတုန်းဆိုတော့ သူတို့လုပ်နေတာကို သည်းခံပြီးနေ ဦး၊ ဒါနဲ့လက်နက်တွေရှာဖွေပြီး စုဆောင်းထားတဲ့ကိစ္စရော အဆင် ပြေလား'



www.burmeseclassic.com

www.burmeseclassic.com



'ပြေတယ်ဒိုး…သေနတ်တွေက (၁၀)လက်လောက်တော့ ရထားပြီ၊ ကျည်ဆန်ကတော့ နည်းနေတယ်'

'တဖြည်းဖြည်းချင်းစုဆောင်းရမှာပေါ့၊ ဒီကြားထဲ မပေါက်ကြားဖို့တော့ သတိထားရမယ်'

'ကိုဒိုး…ကိုဒိုး…'

'ဟင်…အမာ'

ကူနောင်တာဖနီး အပြေးကလေးရောက်လာသဖြင့်…

'ဘာဖြစ်တာလဲ အမာ'

'ဟို…ကူကို မီးလျှံတို့ဖမ်းသွားပြီ'

'ဘာ…ဘာကြောင့်ဖမ်းတာလဲ'

'သူတို့ကိုဆန့်ကျင်ဖို့ လူစုတယ်ဆိုပြီး ဖမ်းသွားတာ၊ ခုသတ်ကြတော့မယ်'

'ဘယ်ကိုခေါ်သွားတာလဲ'

'အနောက်သချိုင်းဇရပ်မှာ'

'ဒူးဝါး…ကျုပ်လိုက်သွားမယ်'

'ကျုပ်တို့ပါ လိုက်ခဲ့မယ်'

သုံးယောက်သားအနောက်ဘက်သချိုင်းဆီသို့ထွက်လာခဲ့ချိန်က ညနေစောင်းနေလေပြီ။ အနောက်ဘက်သချိုင်းဆီမှာတော့

'ကူ…ခွေးကောင်…မင်းတို့လူစုတွေ ဘယ်မှာလဲပြောစမ်း'

'မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကဲကွာ…မသိဦး'

'ရှန်း…ရှန်…ရှန်…'

မီးလျှံမီးခေါင်၏ ကြာပွတ်ရိုက်ချက်ကြောင့် ကူနောင်တာ ကျောပြင်တွင် သွေးချင်းချင်းနီလေသည်။

'မင်းတို့ခေါင်းဆောင်ကဘယ်သူလဲ'

'မသိဘူး'

'တယ်…ဒီကောင်တော့'

'ဆရာမီးလျှံ…ကြာပါတယ်၊ ရှင်းလိုက်တော့ ဒါမှရွာထဲ ကကောင်တွေ သဘောပေါက်သွားမှာ'

'ကူ…မင်းကိုနောက်ဆုံးထပ်မေးမယ်၊ မင်းတို့ခေါင်း ဆောင်ဘယ်သူလဲ'

'ငါပဲ..'

'ဟင်..မင်း..'

မီးတောက်ဒိုး အေးအေးဆေးဆေးပဲထွက်လာခဲ့သည်။

'မင်းက ငါတို့ကို တော်လှန်ဖို့လုပ်တာ နိုင်ငံတော်ကိုဆန့် ကျင်တာပဲဆိုတာ သိလား'

'မင်းတို့ပါးစပ်က နိုင်ငံတော်ဆိုတဲ့စကားလုံးကိုမသုံးပါနဲ့၊ ဒါသက်သက် အလွဲသုံးစားလုပ်တာ၊ အသုံးချတာ၊ မင်းတို့ငါးပိ ရပ်က သူပုန်တွေထက်ဆိုးတယ်၊ အစိုးရရဲ့ပေးအပ်တဲ့တာဝန်ကို ကိုယ့်အတွက်လုပ်နေတဲ့ကောင်တွေ'



www.burmeseclassic.com

www.burmeseclassic.com



'ချောက်…ချောက်…ချောက်…'

မီးတောက်ဒိုးကို မီးလျှံတပည့်တွေက သေနတ်တွေနှင့်ချိန်ရွယ်ထားလိုက်ကြသည်။

'မင်းရောက်လာတော့ တစ်ခါတည်းရှင်းရတာပေါ့ကွာ၊ ဘယ်လိုသေချင်လဲပြော၊ ဒီတစ်ခါတော့ မင်းကံကောင်းစရာမရှိတော့ဘူး'

'ငါ့ကိုသတ်လို့လွယ်ကူမယ်ထင်ရင်တော့ သတ်ကြည့်လေ'

'စကားလုံးကတော့ ကြီးပါ့ကွာ··ပေးစမ်းသေနတ်'

မီးလျှံ··သူ့ဘေးက တပည့်ဆီမှ သေနတ်ကိုယူပြီး ဒိုးကိုချိန်ရွယ်တော့သည်။ မီးတောက်ဒိုးလက်တွင် ဓားမြှောင်ကို အသင့်အနေအထားပြင်ထားလိုက်ပြီး…

'ကဲ··သေစမ်းကွာ'

'ဒိုင်း··ဗိုး··အား'

သေနတ်သံနှင့်အတူ မီးတောက်ဒိုးလက်ထဲမှဓားက မီးလျှံရင်ဝဆီသို့ စိုက်ဝင်သွားပြီး မီးတောက်ဒိုးက ဘေးဘက်သို့ လိမ့်ဆင်းသွားသည်။

'ဒိုင်··ဒိုင်း··ဒိုင်း··'

နောက်ထပ်သေနတ်ကျည်ဆန်တွေက ဆက်တိုက်ပေါ်ထွက်လာပြီး မီးတောက်ဒိုးကို ပစ်ခတ်ချိန်တွင် ဒူးဝါး၏ မြားပစ်ချက်တွေကလည်း မီးလျှံတပည့်(၃)ယောက်ကျပြီး (၃)ယောက်



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမှ ပြေးထွက်သွားကြတော့သည်။

'ဒိုး…မီးလျှံတော့သွားပြီ'

'စိတ်မကောင်းပါဘူး…သူ့ဘက်က ကိုယ့်အသက်ကို ရန်ပြုတော့မှတော့ မဖြစ်မနေ ကာကွယ်လိုက်ရတာပဲ'

'ကျုပ်တို့တော့ ဝရမ်းပြေးဘဝကိုရောက်ပြီ'

'သေချာတယ် ဒူးဝါး…ခုနစ်ပြည်ထောင်မီးကတော့ ခုမှ စပြီးလောင်တော့တာပဲဟော့၊ သူကြီးနဲ့သူ့အစ်ကိုတွေကတော့ ကျုပ်တို့ကို အပြတ်ရှင်းတော့မှာသေချာတယ်'

'ဒါတွေထားတော့…ခု ဘယ်ကိုသွားပြီးခိုအောင်းမယ်ဆိုတာနေရာရှာပေတော့…'

'ဒူးဝါး…မင်းက နယ်မြေကျွမ်းတယ်၊ ဘယ်ကိုလစ်ကြမလဲ၊ ရွာနဲ့ အရမ်းဝေးတဲ့နေရာတော့ မဖြစ်ဘူး'

'ငါတို့ ဆူးတောင်ဘက်မှာဆိုရင် ခိုအောင်းလို့ရမယ်၊ ဒီမှာက ကျောက်တောင်တွေနဲ့ဆိုတော့ နေရာကောင်းသလို ဒီကောင်တွေ လိုက်လာရင်လည်း ရှင်းလို့ကောင်းတဲ့နေရာ'

'ကူ…မင်းဓနီးကို နောက်မှပဲ ဆက်သွယ်တော့၊ ဒီကောင်တွေ မလာခင် သွားကြရအောင်'

မီးတောက်ဒိုး၊ ကူနောင်တာ၊ စောထူးသာနှင့်ဘော်ဒူးဝါးတို့ ခုနစ်ပြည်ထောင်၏ ဝရမ်းပြေး(၄)ဦးဖြစ်သွားခဲ့လေပြီ။

'ထိပ်ထားအတွက် စိတ်မကောင်းပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒိုးရာ.. ထိပ်ထားလည်းသိနေပါတယ်၊ သူ့အစ်ကိုတွေ မတရားအနိုင်ကျင့်မှုတွေက ဘယ်လောက်ထိ ဆိုးဝါးနေသလဲဆိုတာကို သူသဘောပေါက်မှာပါ'

'သဘောပေါက်နိုင်ပါစေလို့ပဲ ဆုတောင်းရမှာပေါ့ ဟင်'

ထိပ်ထားပေးထားသော ဟန်းဆက်ကလေး သူ့ဆီမှာ မပါလာသောကြောင့် သူမနှင့်ဆက်သွယ်ရန် ခက်ခဲသွားလေပြီ။

'သွားရမယ့်နေရာက ဝေးသလား ဒူးဝါး'

'ခြေလျင်သွားရင်တော့ မိုးချုပ်လောက်မှရောက်မယ်၊ မြင်းနဲ့ဆိုရင်တော့ အဆင်ပြေမယ်'

'ခွပ်..ခွပ်..ခွပ်..'

'ဟာ..မြင်းခွာသံတွေ'

'ဒီကောင်တွေ လိုက်လာပြီနဲ့တူတယ်'

သစ်ပင်ကွယ်ဆီမှာ နေရာကိုယ်စီယူပြီး မီးလျှံတို့ဆီမှ ရထားသော သေနတ်တွေရှိနေသဖြင့် ရင်ဆိုင်ဖို့အခက်အခဲမရှိ။ သူတို့ဘက်လာနေသော မြင်းတွေကိုကြည့်လိုက်တော့ အဖွဲ့လိုက်မဟုတ်၊ မြင်းသုံးကောင်နှင့်လာနေခြင်းဖြစ်သည်။

'မီးလျှံတပည့်တွေ..ကောန့် သူကြီးဆီကို သတင်းသွားပြီးပို့တာဖြစ်မယ်'

'သေချာလောက်တယ်'

'ဘယ်လိုလုပ်မလဲ ဒိုး'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့အတွက် မြင်းလိုအပ်နေတော့ အနီးကပ်ရှင်းမယ်'

'ကောင်းပြီ..'

မြင်း(၃)ကောင်အနားသို့ရောက်သည်နှင့်...

'ဒိုင်း..ဒိုင်း..ဒိုင်း..'

အနီးကပ်ပစ်ချလိုက်ပေမယ့် သုံးယောက်လုံးလက်မောင်း၊ ပေါင်တို့လောက်တွင်သာ ဒဏ်ရာရသွားပြီး မြင်းပေါ်မှပြုတ်ကျသွားလေတော့သည်။

'မင်းတို့ကို သေအောင်မသတ်ချင့်ဘူး၊ မင်းတို့ဆရာကြီးတွေကို သတင်းရောက်အောင်တော့ပို့လိုက်၊ မင်းတို့အတွက်နေဝင်ချိန်ကိုရောက်ပြီမှတ်..'

'သွားကြမယ် ဒူးဝါး..'

မီးလျှံတပည့်တွေဆီမှ သေနတ်တွေပါ ယူပြီး မြင်းသုံးကောင် လူ(၄)ယောက်နှင့် ဆူးတောင်တန်းဆီသို့ ခရီးဆက်ခဲ့ကြတော့သည်။ အနောက်ဘက်ဆီမှ နေဝန်းကြီးက ဝင်စပြုနေလေပြီ..မဟုတ်လား။

'ကူ...'

'ဘာလဲဒိုး...'

'အိမ်က ဇနီးလေးကိုလွမ်းနေပြီလား'

'ခုချိန်မှာ လွမ်းစိတ်တွေထက် ဒီကောင်တွေအသက်ကို နုတ်ပစ်ချင်တဲ့စိတ်ပဲရှိတယ်၊ ကျုပ် ခန္ဓာကိုယ်ပေါ်ကဒဏ်ရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တိုင်း ဘယ်လိုမှ မငေ့ကျနိုင်ဘူး ဒိုးရေ…'

မှောင်စပြုနေသော တောတန်းလေးထဲသို့ စတင်ပြီးဝင်သွားခဲ့တော့၏။

✤ ✱ ✣ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

မီးတောက်ဒိုးတို့ ဆူးတောင်တန်းကြီးရှိ ကျောက်ဂူလေးတွင် ခိုအောင်းနေသည်မှာ (၃)ရက်မြောက်ခဲ့လေပြီ။ သတင်းအခြေအနေကို စုံစမ်းဖို့အတွက် ဒူးဝါး မနက်ထဲက ထွက်သွားတာ ညနေစောင်းသည်အထိ ပြန်ပြီးမရောက်လာသောကြောင့်

'ဒူးဝါး··တစ်ခုခုများဖြစ်နေပြီလားမသိဘူး'

'စောထူးသာရယ်··ဒူးဝါးဆိုတဲ့ကောင်က ခုနစ်ပြည်ထောင် နယ်နိမိတ်ကို သူ့လောက်ကျွမ်းကျင်တဲ့သူမရှိဘူး၊ ပြန်ရောက်လာမှာပါ'

'ကူပြောတာကို ငါလက်ခံတယ်၊ ဒူးဝါးကို ဟိုကောင်တွေဖမ်းမိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဟော··မြင်းခွာသံကြားတယ်'

မီးတောက်ဒိုးတို့(၃)ဦး ကျောက်ဂူကြီးအပြင်ဘက်သို့ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး မြင်းခွာသံကိုနားစွင့်နေလိုက်သည်။ သိပ်ပြီးမကြာ.. ဒူးဝါး မြင်းပေါ်မှဆင်းပြီး မြင်းကိုဆွဲကာ လာနေသည်ကိုတွေ့လိုက်ရမှ သက်ပြင်းချနိုင်တော့၏။

'ဟူး...ဒူးဝါးရယ်.. စိတ်ပူလိုက်ရတာ၊ ဘာလို့နောက်ကျနေတာလဲ'

'နောက်ကျဆို ဒီမှာလေ.. ရိက္ခာတွေစုနေရသေးတယ်၊ ရွာက လူတွေကတော့ ငါတို့ဘက်မှာပဲပေါ့၊ ရိက္ခာတွေတော့ ငါ့မြင်းနဲ့မသယ်နိုင်လို့ထားခဲ့ရတယ်..'

'အင်း..ရွာသူရွာသားတွေ စုလိုတာက်ကြွနေကြတာ ဝမ်းသာစရာပဲလေ... ဒူးဝါး..ဘာတွေထူးခြားလဲ'

'ထူးခြားတာတော့ မပြောနဲ့ဒိုး... သူကြီးဦးဆောင်ပြီး နဂါးမင်းခေါင်တို့နဲ့ ဟိုကောင်တွေကပါ ငါတို့ကိုမြေလှန်ရှာဖို့ ပြင်ဆင်နေပြီ၊ ရွာခုနစ်ရွာလုံးကို နဂါးမင်းခေါင်က အုပ်ချုပ်နေတယ်'

'သူကြီးက မအုပ်ချုပ်တော့ဘူးလား'

'သားကြီးကို သူကြီး ရာထူးလွှဲပေးလိုက်ပြီ၊ ဒါကြောင့် ဒီကောင်ထင်တိုင်းကြဲနေတာပဲ၊ ရွာသူရွာသားတွေဆို မထင်ရင် မထင်သလို နှိပ်စက်နေတယ်'

'တောက်...မိုက်ရိုင်းတဲ့ကောင်..'

'ရွာကလူငယ်တွေနဲ့တော့ ငါပြောသင့်တာကိုပြောခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်က ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ထားကြလိမ့်မယ်၊ ခက်နေတာက ဒီကောင်တွေက မြို့ကိုသွားပြီး သက်ဆိုင်ရာကို အကြောင်းသွားကြားတယ်'

'ဟင်..ဘာတွေအကြောင်းကြားလဲ ဒူးဝါး..'

'ရွာမှာ သူပုန်တွေနဲ့ပေါင်းပြီး ရွာကိုဖျက်ဆီးဖို့ကြိုးစားနေတဲ့ ငါတို့(၄)ယောက်ကို သွားပြီးတိုင်တာတဲ့'

'ယုတ်မာတဲ့ကောင်တွေ'

'ထားလိုက်ပါ၊ အမှန်တရားဆိုတာ တစ်နေ့တော့ ပေါ်လာရမှာပေါ့'

'ကူ..ရှော့..မင်းဇနီးကပေးလိုက်တဲ့စာ၊ အားဆေးပေါ့ကွာ..'

ကူနောင်တာကို စာလှမ်းပေးလိုက်သလို ဒိုးဘက်ကိုလှည့်ပြီး

'ဒိုး...'

'ဘာလဲ ဒူးဝါး..'

'ကျုပ်နဲ့ထိပ်ထား အဆက်အသွယ်ရခဲ့တယ်'

'ဟင်...'

'ထိပ်ထားနဲ့တော့ မဟုတ်ဘူး၊ ခင်ဦးငယ်နဲ့လေ၊ ထိပ်ထားက ဒိုးကို စိတ်ပူနေတယ်၊ ရှော့..ဟန်းဆက်... ကျုပ်တဲ့ ပေါ်မှာတွေ့တာနဲ့ပြန်ပြီးယူလာခဲ့တာ'

ကျောက်ဂူလေးပေါ်သို့ (၄)ယောက်သားဝင်ရောက်ခဲ့ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ကူနေအောင်တာကတော့ ဇနီးသည်ပေးလိုက်သော စာကိုဖတ်နေသလို၊ ဒူးဝါးတို့ ညနေစာအတွက်ပြင်ဆင်နေချိန်မှာ မီးတောက်ဒိုး ဟန်းဆက်လေးနှင့်ထိပ်ထားကို ဆက်သွယ်ပေမယ့် မရဖြစ်နေသဖြင့် စိတ်ပျက်စွာ ဘေးတွင်ချထားပြီးထိုင်နေလိုက်သည်။

'ဒီ…ဒီ…ဒီ..'

'ဟင်…'

ဒိုးခေါ် ၍မရသည့် ဟန်းဆက်လေးမှခေါ်သံကြောင့် လှမ်းပြီးယူလိုက်ကာ နားထောင်လိုက်သည်။

'ဒိုး…လား'

'ဟုတ်တယ်..ထိပ်ထား'

'ထိပ်ထား ဆက်သွယ်နေတာ (၃)ရက်လောက်ရှိပြီ၊ ဘယ်လိုမှ အဆက်အသွယ်ပြန်မရဘူး'

'စက်က ဒီနေ့မှ တို့ဆီကို ရောက်တာ၊ ဒူးဝါးယူလာလို့'

'ဒိုးတို့ဘယ်ကိုရောက်နေတာလဲဟင်'

'ဆူးတောင်တန်းထဲမှာပါ'

'ဒုက္ခရောက်မှာပေါ့နော်'

'ထိပ်ထားရယ်..ဒီလောက်ကြီးမဟုတ်ပါဘူး၊ သိပ်ပြီး စိတ်မပူပါနဲ့..ပြော်..ထိပ်ထား…တို့တောင်းပန်ပါတယ်'

'ဒိုးက ဘာလို့တောင်းပန်နေတာလဲ၊ အစ်ကိုဒယ်ကိစ္စကိုလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်..'

'ဒိုးမှာအပြစ်မရှိပါဘူး၊ သူတို့ရဲ့ရက်စက်မှုဒဏ်ကို သူတို့ပြန်ပြီးခံရတာပေါ့'

'ထိပ်ထား ခွင့်လွှတ်တယ်ပေါ့'

'ခွင့်လွှတ်ပြီးသားပါ..ဒါဟာ အမှန်တရားရဲ့အဆုံးအဖြတ်တစ်ခုပဲ..ဒိုးရယ်..ဒီအတွက် ဒိုးထိပ်ထားပေါ်မှာ ဘယ်သောအခါမှ တောင်းပန်စရာမလိုပါဘူး၊ ဒိုးနဲ့ထပ်တူ ရှိနေမယ့်သူပါ'

'ဒီစကားလေးဟာ တို့အတွက် အင်အားတစ်ရပ်ပါ ထိပ်ထားရယ်..'

'ဒိုး..'

'ပြောပါထိပ်ထား..'

'ခုနစ်ပြည်ထောင်ရွာလေးကို ကယ်တင်နိုင်မယ့်သူဟာ ဒိုးတစ်ယောက်ပဲရှိပါတယ်'

'ထိပ်ထား...တို့ တိုက်ခိုက်မယ့်သူဟာ ထိပ်ထားအစ်ကိုနဲ့ဖခင်နော်..'

'ဟုတ်ပါတယ်ဒိုး.. ဒါပေမယ့် လူထောင်နဲ့ချီပြီးအနိုင်ကျင့်ခံနေတဲ့ဘဝထက်စာရင် ထိပ်ထားခံစားရတဲ့ဘဝလေးက ကျဉ်းမြောင်းပါတယ်၊ 'မယ်'က ထိပ်ထားကိုပြောခဲ့တဲ့ စကားလေးတစ်ခွန်းရှိတယ်၊ ဘာလဲဆိုတော့..သမီး...ဖခင်နဲ့အစ်ကိုတွေရဲ့ရာဇဝင်ထဲမှာ သမီးလေး မပါစေနဲ့တဲ့လေ..သူတို့ရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတော့ဘူးတဲ့၊ ဒါကြောင့် ထိပ်ထားလေ·· သူတို့ ရာဇဝင် ထဲက ထွက်လိုက်ပါပြီ··ဒါဆိုရင် သဘောပေါက်ပေးပေါ့နော်'

'ဝမ်းသာတယ်ထိပ်ထားရယ်၊ ဒိုးအတွက် ငှဲ့ကွက်စရာမရှိ တော့ဘူးပေါ့၊ ဩော်···ထိပ်ထား··'

'ဘာလဲဟင်··'

'ဒီအချိန်မှာ ဒီစကားပြောရတာ မကောင်းလှပေမယ့် ပြော ခွင့်ပြုပါလား··'

'ခက်ပြီ··· ဒိုးက ဘာစကားပြောမှာမို့လဲ··ပြောလေ'

'တို့ပြောမယ့်စကားဟာ ထိပ်ထားစိတ်ဆိုးစရာဖြစ်နေ မလားလို့'

'ဒိုးပြောစရာရှိတာကို မြန်မြန်ပြော၊ ခုပြောနေတာ နိုးပြီး ပြောနေရတာ၊ အပြင်မှာ ခင်ဦးငယ်စောင့်နေလို့'

'တို့ထိပ်ထားကိုချစ်တယ်'

'သိသားပဲ'

'ဟင်···ဒါဆို··'

'ထိပ်ထားရင်ထဲကစကားကို အနီးကပ်ဆုံးပြောချင်တယ်၊ ခုလို တစ်ယောက်မျက်နှာတစ်ယောက် မြင်မတွေ့ရဘဲနဲ့တော့ အဖြေ မပေးချင်ဘူး ဒိုး··'

'တို့တစ်တွေ ဆုံဖို့က မလွယ်ဘူးလေ'

'ဒိုးရယ်··ဆုံချင်ရင်အနီးလေးပါ၊ ဒိုးဆီကို ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင်လာခဲ့ပါ့မယ်၊ ဒါပဲနော်..ခင်ဦးငယ်အချက်ပေးနေပြီ..ဩော်..ဒိုး..'

'ပြောပါ ထိပ်ထား'

'အလွမ်းဆိုတာ ချစ်တတ်တဲ့နှလုံးသားထဲမှာရှိတတ်သလိုချစ်သူရှိမှ အသက်ဝင်တာတဲ့၊ ခုထိပ်ထား လွမ်းတတ်နေပြီ၊ ချစ်သူရှိလို့နေမှာပေါ့နော်..'

ထိပ်ထားဆီမှ စက်ကလေးပိတ်သွားသဖြင့် ဒိုး စက်ကလေးကိုလည်း ပိတ်ပြီး ပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဘာပြောတယ်··ကူဇနီးအမာကို နဂါးမင်းခေါင်တို့ဖမ်းသွားကြပြီဟုတ်လား'

'ဟုတ်တယ်ဒိုး··'

သတင်းယူပြီးပြန်လာသော ဘော်ဒူးဝါးဆီမှ ကြားရသောသတင်းကြောင့် ခံပြင်းသွားကြသည်။

'ကျုပ်သွားမယ်ဖိုး··'

'ကူ··စိတ်ဆန္ဒမစောနဲ့၊ အားလုံးတိုင်ပင်ပြီးလုပ်သင့်တာကိုလုပ်ရမယ်၊ အမာကို ဖမ်းတယ်ဆိုတာ ကျုပ်တို့ထွက်လာအောင်လုပ်တဲ့သဘောပဲ၊ ကျုပ်တို့ဘက်က ဆန္ဒစောပြီး သွားတာနဲ့ သူတို့ဆင်ထားတဲ့ ထောင်ချောက်ထဲကိုတန်းပြီးဝင်သွားမယ်'

'ဒိုးပြောတာ ဟုတ်တယ် ကူ··မင်းရင်ထဲမှာဘယ်လိုဖြစ်နေလဲဆိုတာ ငါတို့ ကိုယ်ချင်းစာတယ်၊ ခေါင်းအေးအေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အမာကို ကယ်ရမယ်..'

'ဒူးဝါး..အမာကိုဘယ်မှာသူတို့ဖမ်းထားလဲ'

'ရွာ(၃)မှာ ဒိုး..'

'ဘယ်သူ့အိမ်မှာလဲ'

'အရင် ရက္ခမင်းခေါင်နေခဲ့တဲ့အိမ်ပဲ'

'ကျောက်တောင်တွေကြားမှ ဆောက်ထားတာ ဝင်ဖို့တော့ မလွယ်ဘူး၊ ဒါပေမယ့် တခြားသူတွေအတွက်ခက်ပေမယ့် ဒူးဝါးတို့အတွက် မခက်ဘူး၊ သွားမယ်ဆိုရင် ကျုပ်တာဝန်ထား၊ အိမ်ကြီးထဲကိုရောက်အောင်သွားနိုင်တဲ့လမ်းကို ကျုပ်သိတယ်၊ အရင် ရက္ခမင်းခေါင် လက်နက်တွေခိုးပြီးသွင်းတဲ့လမ်းကြောင်းကို ကျုပ်သိထားတယ်၊ ဥမင်လိုဏ်ခေါင်းတူးထားတာ'

'ဒါဆိုရင်ဒီညပဲသွားမယ်'

'ဒိုး...ထိပ်ထားနဲ့ဆက်သွယ်ကြည့်ပါဦးလား'

'စက်က အားကျသွားပြီး ခေါ်လို့မရတော့ဘူး'

ကျောက်ဂူအပြင်သို့ရောက်တော့ မှောင်စပြုနေလေပြီ၊ (၄) ယောက်သားမြင်းကို ဒုန်းစိုင်းပြီး ရွာ(၃)ဆီသို့လာခဲ့ကြတော့သည်။

'ရှေ့နားက တံတားအောက်မှာမြင်းတွေကို ထားပြီးခြေလျင်ဝင်မယ်'

'ဒူးဝါးပြောသည့်တံတားကြီးအောက်တွင် မြင်းတွေကို လုံခြုံသောနေရာရွေးပြီး ထားခဲ့ကာ ချောင်းရိုးအတိုင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစစ်ကာလမို့ ချောင်းကြီး၏ရေမှာ ဒူးလောက်သာရှိသည်။ ရေအလယ်ပိုင်းလောက်သာ စက်လှေတွေ သွားလို့ရသည်။

'ဘုတ်··ဘုတ်··ဘုတ်··'

'ဟင်··'

အနောက်ဆီမှ စက်လှေသံကြောင့် ဘေးနားက ချုံတွေဆီသို့ဝင်ပြီး ပုန်းနေလိုက်ကြသည်။ စက်လှေပေါ်တွင် လက်နက်ကိုင်ဆောင်ထားသော သူပုန်တွေကိုပါ တွေ့လိုက်ရသည်။

'စောထူးသာ၊ စက်လှေရှေ့ ကောင်က နဂါးမင်းခေါင်တပည့် ကွန်အိုက်မဟုတ်လား··'

''ဟုတ်တယ်ဒူးဝါး၊ ဒီကောင်တွေ သူပုန်နဲ့ပေါင်းနေပြီလားမသိဘူး'

'သူပုန်နဲ့ပေါင်းလို့ တွဲပြီးတွေ့ရတာပေါ့'

'ဟာ··ဒါဆိုရင် ရွာတွေအတွက်မကောင်းတော့ဘူး'

စက်လှေစက်သံတော်တော်လေးအလှမ်းဝေးသွားတော့မှ ချုံထဲမှထွက်ကာ ခရီးဆက်ခဲ့ကြသည်။ နာရီဝက်နီးပါးလောက်လျှောက်ပြီး ကမ်းပေါ်သို့တက်ခဲ့ကြပြီး···

'လူသံတွေကြားနေရတယ်'

သစ်ပင်ကြီးဘေးဘက်ဆီသို့ကပ်ပြီးအခြေအနေကိုချောင်းကြည့်စဉ်····

'ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးလောင်ကို··ကျုပ်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေလိုအပ်နေပြီ၊ ခုကိုင်ထားရတဲ့လက်နက်တွေက သိပ်ပြီးအသုံးမဝင်ဘူး'

'နဂါးမင်းခေါင် ‥ခင်ဗျားအတွက်အဆင်ပြေအောင် ကျုပ်တို့ဘက်လုပ်ပေးပြီးပြီ၊ အရေးကြီးတာ ပစ္စည်းဘယ်တော့ရောက်မလဲ'

'သိပ်မကြာပါဘူး၊ ဂင်ဂျာပစ္စည်းတွေနဲ့အတူ ရောက်လာမှာပါ'

'ကျုပ်တို့အတွက် ဘိန်းဖြူဟာအကောင်းဆုံးငွေပဲဗျ'

'စိတ်သာချပြီးနေပါ၊ ရက်ပိုင်းအတွင်းရောက်လာမှာပါ၊ ဂင်ဂျာဆိုတဲ့ကောင် ကျုပ်ကို မလွှန်ဆန်ဝံ့ပါဘူး'

'ဘာလဲ‥ခင်ဗျားက ညီမနဲ့ထောင်ပြီးဖမ်းထားတာလား'

'ထောင်ပြီး ဖမ်းစရာမလိုပါဘူး၊ ဒီကောင်က အရူးအမူးဖြစ်နေတာ‥ကျုပ်အတွက်အသုံးတည့်လို့ ညီမ နားကိုကပ်ခွင့်ပြုထားတာပေါ့'

'ဒါနဲ့‥မီးတောက်ဒိုးဆိုတဲ့ကောင်က ခင်ဗျားညီကိုသတ်သွားပြီဆို‥'

'ဟုတ်တယ်‥ ဒင်းကို ကျုပ်ကိုယ်တိုင်ပြန်ပြီးသတ်ရမှ ကျေနပ်နိုင်မယ်‥သက်ဆိုင်ရာအစိုးရအဖွဲ့ကိုလည်း သွားပြီးတိုင်ထားတယ်၊ ဒီကောင်ဘယ်မှပြေးစရာမရှိတော့ပါဘူး'

'သိပ်ပြီးလျှော့မတွက်နဲ့ဦး၊ မီးတောက်ဒိုးဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



လက်သံက တယ်ပြီးကောင်းတယ်နော်၊ ကျုပ်ကောင်တွေတောင် ဒီကောင့်လက်ချက်နဲ့ ကြွခဲ့ရတာ'

'ဒီကောင်ဘယ်လောက်စွမ်းလဲဆိုတာ တွေ့ကြရမှာပါ'

'ကျုပ်တို့နယ်မြေထဲ ရောက်ရင်တော့ ကောင်းကောင်းကြီးကို ဆုံးမရမယ်'

'ဗိုလ်ကြီးလောင်ကို..တစ်ခုလောက်တော့ မေတ္တာရပ်ခံပါရစေ'

'ဘာအတွက်လဲ'

'ဒီကောင့်ကို မိခဲ့ရင် မသတ်ပါနဲ့၊ ကျုပ်လက်ထဲအပ်ပေးပါ၊ ကျုပ်ကိုယ်တိုင် သတ်ချင်လို့'

'စိတ်ချ..သွားမယ်'

'ကောင်းပါပြီ..'

ရပ်ထားသောစက်လှေပေါ်သို့ပြန်ပြီးတက်ကာ ထွက်သွားမှ နဂါးမင်းခေါင်တို့အုပ်စု လျှို့ဝှက်ဖောက်လုပ်ထားသော လိုဏ်ဂူထဲသို့ဝင်သွားကြတော့သည်။

'ဒိုး...ဝင်ကြမယ်'

'နားမျက်စိတော့ လျှင်ပါစေနော်'

'စိတ်ချ..'

ဂူဝတွင် ပိတ်ဆို့ထားသော ချုံကြီးကို တွန်းဖယ်ပြီးအထဲသို့ဝင်ခဲ့ကြတော့သည်။ ဥမင်လိုဏ်ခေါင်းထဲတွင် မှောင်မဲနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ခမ်းတဝါးဝါးနှင့်လာခဲ့ကြရင်း မီးအလင်းရောင်တစ်ခုကိုတွေ့ လိုက်ရသဖြင့် သေချာစွာကြည့်လိုက်တော့ လက်နက်သေတ္တာ တွေကို နဂါးမင်းခေါင်တို့လူစု သယ်ဆောင်နေသည်ကိုတွေ့လိုက် ရသည်။

'ဒီလူတွေကြားကိုဖြတ်ပြီး သွားဖို့တော့မလွယ်ဘူးဒိုး..'

မီးတောက်ဒိုး..ပတ်ဝန်းကျင်အနေအထားကို တစ်ချက် လေ့လာလိုက်ပြီး..

'ဟုတ်ပြီ...ခင်ဗျားတို့ ဒီမှာနေခဲ့ဦး၊ ကျုပ်ဟိုတဲကို မီး သွားရှို့လိုက်မယ်... ဒီကောင်တွေရုတ်ရုတ်သဲသဲဖြစ်တာနဲ့ အိမ် ကြီးဘက်ကိုရောပြီးဝင်ဖို့ပြင်ထား'

'ကောင်းပြီ ဒိုး..'

ဒိုး..တဲနားဆီသို့မှောင်ရိပ်ခိုကာ ကပ်သွားပြီးတဲ့နောက် ဘက်ဆီသို့ မီးစတင်ပြီးရှို့ပေးကာ အမှောင်ထဲတွင်စောင့်နေသည်။

'ဟာ..မီး..မီး..တဲကိုမီးလောင်နေပြီ'

'ဟေ့ကောင်တွေ မြန်မြန်သတ်စမ်း၊ ဒီထဲမှာ ယမ်းသေတ္တာ တွေရှိတယ်..'

နဂါးမင်းခေါင် အော်ဟစ်သံကြောင့် ရေခပ်သူ၊ ငြိမ်းသတ် သူတွေနှင့်ရှုပ်ထွေးသွားသည်ကို အခွင့်ကောင်းယူပြီး မီးတောက်ဒိုး တို့ အိမ်ကြီးဘက်သို့ချဉ်းကပ်ခဲ့ကြတော့သည်။

'ဟို...ဟိုမှာ..အမာ..'



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏အရှေ့ဘက်အချုပ်ခန်းသဖွယ်လုပ်ထားသော နေရာတွင် ကူစနီး အမာကိုတွေ့လိုက်သဖြင့်....

'ကူနဲ့စောထူးသာ..မင်းတို့အမြန်သွားပြီးကယ်တော့၊ ငါတို့ ဒီကနေစောင့်နေမယ်'

ကူနှင့်စောထူးသာ အချုပ်ခန်းဆီသို့ သွားပြီးအမာကိုကယ် ပြီးနောက်ပြန်အထွက်တွင်....

'ဟိုမှာ..ရန်သူ..'

နဂါးမင်းခေါင်တပည့်တစ်ဦးတွေ့သွားပြီး အော်ဟစ်လိုက် သောကြောင့် ကျန်သည့်ကောင်တွေက သေနတ်ကိုယ်စီနှင့်ပြေး လာတော့သည်။

'ဒိုင်း..ဒိုင်း..'

'ဝိုင်းထား..မလွတ်စေနဲ့'

မီးတောက်ဒိုးတို့ကို ပိတ်ဆို့ထားခြင်းကိုခံနေရလေသည်။

'ကူ..မင်းစနီးကိုခေါ်ပြီး ထွက်ဖို့ပြင်တော့၊ ငါတို့ကာပစ် ပေးထားမယ်'

မီးတောက်ဒိုး လက်ရည်ကို သိထားကြသဖြင့် ဘယ်သူမှ အရဲစွန့်ပြီးမတက်ရဲဘဲ အဝေးမှလှမ်းပြီးသာပစ်နေကြသည်။

'ဒိုး..'

'ဟင်...ထိပ်ထား..'

'ဒီဘက်ကနေ ထွက်သွားတော့၊ ထိပ်ထားလမ်းပြမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ မြင်းရထားရပ်ထားတယ်'

ထိပ်ထားနှင့်အတူ ခြံဝန်းကြီး၏ဘေးဘက်လမ်းအတိုင်း လာခဲ့သည်။ လမ်းတွင် ငနဲ(၃)ကောင်လောက် မှောက်နေသည်။

'ထိပ်ထား တီးခဲ့တာလား'

'ဟုတ်တယ်··အမာကို လာကယ်ရင်း ဒိုးတို့နဲ့တွေ့တာ'

ခြံဝန်းအပြင်ဘက်သို့ရောက်တော့ အသင့်ရပ်ထားသော မြင်းလှည်းပေါ်သို့အားလုံးတက်ပြီးမောင်းထွက်ခဲ့တော့သည်။

'ဒိုင်း··ဒိုင်း··'

အနောက်ဆီမှ လှမ်းပြီးပစ်ပေမယ့် ထိရောက်မှုတော့ မရှိလှပေ။

'ကျေးဇူးပဲထိပ်ထား'

'ဒိုး··မလိုအပ်တဲ့စကားတွေကို ပြောမနေနဲ့'

'ထိပ်ထားကယ်တာကို သူတို့သိသွားရင် ရန်လုပ်နေဦးမယ်'

'သူတို့မသိနိုင်ပါဘူး··ဒိုး··'

'ထိပ်ထား··'

'ဘာလဲ···ဒိုး··'

'တို့နဲ့တစ်ခါတည်း လိုက်ခဲ့ပါလား··မင်းအတွက် စိတ်မချဘူး··'

'ထိပ်ထားလိုက်ချင်ပါတယ်၊ ဒါပေမယ့် 'မပယ်'နဲ့ပတ်သက်ပြီး ထိပ်ထားကိစ္စလေးမပြတ်သေးလို့ပါ၊ ရှေ့နားမှာပဲရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့၊ ဟိုမှာ ခင်ဦးငယ်စောင့်နေတယ်..'

မြင်းလှည်းလေးကို ရပ်လိုက်ပြီး ထိပ်ထားဆင်းသွားတဲ့နောက်ကို ဒိုးလိုက်ပို့ပေးရင်း..

'ဒိုး...စိတ်ချပြီးပြန်ပါ၊ သူတို့ထိပ်ထားကို ဘာမှမလုပ်ရဲသေးပါဘူး၊ တောထဲမှာ ကျန်းမာရေးဂရုစိုက်နော်'

'ထိပ်ထားနဲ့တို့ ဘယ်တော့မှဆုံရမှာလဲ'

'ဆုံရတော့မှာပါ၊ သွားတော့နော်၊ သူတို့နောက်ကလိုက်လာမှာ..'

'ထိပ်ထား..'

'ဒိုး..'

တစ်ယောက်မျက်နှာတစ်ယောက်စိုက်ကြည့်ပြီးနောက်..

'တို့ထိပ်ထားကို သိပ်ချစ်တယ်'

'ဒိုးနဲ့ထပ်တူ ချစ်ခဲ့ရသူပါ..'

ထိပ်ထားလက်ကလေးကို ဆုပ်ကိုင်ပြီးဖွဖွလေးလွှတ်ကာ မြင်းလှည်းဆီသို့ပြန်ခဲ့တော့ ဒိုးရင်မှာချစ်သူအတွက် သောကကလေးတွေကပ်တွယ်လျက်...။

✣ ✷ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'မယ်'တို့နေထိုင်သော, ဂူဆီသို့ နဂါးမင်းခေါင်နှင့်ဖခင်ဖြစ်သူ မဟာစည်သူမင်းခေါင် အပါအဝင် နဂါးမင်းခေါင် တပည့်(၂)ဦးလိုက်ပါလာသည်။

ဂူကြီးထဲတွင် 'မယ်'တရားထိုင်နေသည်ကိုတွေ့လိုက်ရပြီးနောက်...

'မင်းတို့ဘာလာလုပ်တာလဲ'

'မမနဲ့စကားပြောစရာရှိလို့'

'မင်းတို့ပြောမယ့်စကားကို ငါသိတယ်၊ သမီးထိပ်ထားနဲ့ ဟိုမျိုးမစစ်ကောင်ကို ပေးစားဖို့မဟုတ်လား'

'ဟုတ်တယ်မမ..'

'ငါလုံးလုံးသဘောမတူဘူး၊ ငါ့သမီးလေးကိုဘာဝနစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



စေမယ့် မင်းတို့လောကထဲမှာမထားနိုင်ဘူး'

'မယ်သဘောမတူလည်း ပေးစားရမှာပဲ'

'ဘာပြောတယ်...နဂါးမင်းခေါင်..ငါ့ကိုပါ အန်တုနေပြီ ပေါ့ ဟုတ်လား'

'မယ်ထင်ချင်သလို ထင်နိုင်တယ်'

'မင်းခေါင်..နင့်သားကို ခုပြန်ပြီးခေါ်သွား'

'မခေါ်နိုင်ဘူးမမ.. ခုလာပြီးအသိပေးတာထက် မင်္ဂလာပွဲကို အနှောင့်အယှက်မပေးဖို့ လာသတိပေးတာ'

'ဘာ...တွေ့ကြပြီပေါ့'

'မယ်'ဒေါသစိတ်နှင့် သူတတ်ကျွမ်းခဲ့သော မြွေအတတ်ပညာနှင့်သတ်ဖို့ပြင်ပြီးမှ အသိဝင်ကာ သူမကောင်းသော ကျင့်စဉ်အလုပ်တွေကို စွန့်လွှတ်လိုက်ပြီမို့ စိတ်ကိုချုပ်တည်းလိုက်ချိန်တွင်

'ကြာတယ်...ဆော်ကွာ'

'ဒိုင်း..ဒိုင်း..ဒိုင်း..'

နဂါးမင်းခေါင်၏ သေနတ်ကျည်ဆန်တွေ ဆက်တိုက်ပေါ်ထွက်သွားပြီး 'မယ်'မြေပြင်ပေါ်တွင် ခွေကျသွားသည်။

'သွားမယ်ဟေ့..တစ်ယောက်တော့ရှင်းသွားပြီ...ဟား ဟား...ဟား...'

နဂါးမင်းခေါင်တို့ပြန်ပြီး ထွက်သွားပြီးသိပ်မကြာ၊ သိပ်ထားနှင့် ခင်ဦးငယ် 'မယ့်'အတွက် သစ်သီးတွေ လာပြီး ပို့စဉ်...



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်...မယ်..မယ်..'

သွေးအိုင်ထဲတွင် လဲနေသော 'မယ်'ကိုပွေ့မလိုက်သည်။

'သမီး..လေး..ထိပ်ထား..'

'မယ်..ကို ဘယ်သူသတ်တာလဲ'

'မဟာစည်သူမင်းခေါင်နဲ့ နဂါးမင်း..မင်းခေါင်'

'ရှင်...ဟင်..'

'သ...သမီး..သူတို့ဟာ သမီးရဲ့အစ်ကိုရင်းတွေမဟုတ်ဘူး'

'ရှင်..'

'သမီးလေးကို 'မယ်'က မွေးစားထားတာ၊ သမီးအမေက မယ်ရဲ့ညီမလေး၊ သူတို့နှစ်ယောက်က တောထဲမှာ မြွေကိုက်ပြီး ဆုံးသွားခဲ့ရင်းက 'မယ်' မြွေအလမ္ပာယ်အတတ်ကို တစ်ဖက်ကမ်းထိ သင်ယူကျင့်ကြံခဲ့တယ်လေ..မဟာစည်သူမင်းခေါင်ဆိုတာ တကယ်တော့ မဟာနွယ်ဝင်မဟုတ်ဘူး 'မယ်'..တို့ ရိုးမျိုးစဉ်ဆက်က ကျွန်ပြုခဲ့တဲ့ သပေါက်ကျွန်တစ်ဦး၊ 'မယ်'တို့မျိုးဆက်မှာ ယောကျ်ားသားတွေ မရှိတော့လို့ သူ့ကိုနေရာပေးပြီး ခုနစ်ပြည်ထောင်ရွာလေးကို အုပ်ချုပ်နိုင်းခဲ့ရတာ၊ သမီး.. ခုတော့ ဒင်းက သစ္စာမဲ့ပြီလေ..'

'မယ်...မယ်..'

'သ...သမီးလေး....ဒီနေရာက လွတ်အောင်ပြေးတော့၊



www.burmeseclassic.com

www.burmeseclassic.com



ပြေးတော့..'

။ငံ 'မယ်..'

ထိပ်ထားခေါ်သံကို 'မယ်'တစ်ယောက် မကြားနိုင်တော့ဘဲ မေ့က်ကျိုးကျသွားလေပြီ။

'ထိပ်ထား အပြင်မှာခြေသံတွေကြားတယ်၊ သွားကြရအောင်'

ခင်ဦးငယ်မှ ထိပ်ထားလက်ကိုဆွဲပြီး ဂူအပြင်သို့ထွက်တော့....

'ဟားဟားဟား...ဘယ်လိုလဲ၊ နင်သိပ်ပြီးအားကိုးတဲ့အသွားကြီးအလောင်းကို တွေ့ခဲ့ပြီမဟုတ်လား'

'နဂါးမင်းခေါင်..နင်ဟာ..လူ့ဘီလူးကောင်ကြီး၊ သစ္စာမရှိတဲ့ကောင်'

'ဟေ့ကောင်တွေ နားငြီးတယ် ခေါ်ခဲ့စမ်းကွာ'

'ခွေးတွေ..လွှတ်..လွှတ်..'

ထိပ်ထားကိုအတင်းဆွဲခေါ်သွားတော့သည်။

✣ ✱ ✢ ✤ ✣



www.burmeseclassic.com

www.burmeseclassic.com

ဘောင်ဒူးဝါး သူရခဲ့သောသတင်းအားလုံးကို ပြောပြလိုက်သည်။

'မယ်ကို သတ်လိုက်တယ်..ဟုတ်လား'

'ဟုတ်တယ်..ဒိုး.. ကျုပ်တော့ စဉ်းစားလို့မရအောင်ပဲ'

'နဂါးမင်းခေါင်နဲ့သူ့အဖေဟာ လူစိတ်ပျောက်သွားပြီထင်တယ်..ဒိုး..ထိပ်ထားကိစ္စကို ဘယ်လိုလုပ်မလဲ၊ ဂင်ဂျာဆိုတဲ့ဘောင်အောက်ကိုထည့်လိုက်တော့မှာဆိုတော့ ကျုပ်တို့ အချိန်မီဘယ်ထုတ်နိုင်ပါ့မလား'

'ကျုပ်ရဲ့အောင်ကာယ်မယ်... ထိပ်ထားဘယ်ရွာမှာရှိသလဲဆိုတာကို တိတိကျကျ သိဖို့တော့လိုတယ်'

'ဒီအတွက် ကျုပ်စီစဉ်ခဲ့ပါတယ်၊ ကျုပ်တို့ ရွာ(၂)ကိုသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရွာက ဩဇာဆိုတဲ့လူငယ်တစ်ဦးကို စုံစမ်းနိုင်းထားခဲ့တယ်'

'ကဲ..မင်းနဲ့အမာကတော့ နေခဲ့ကွာ၊ ငါတို့(၃)ယောက်ပဲ သွားမယ်၊ တောထဲမှာ အမာတစ်ယောက်တည်း မသင့်ဘူး'

'ဒိုး...အောင်မြင်ပါစေ'

'အောင်မြင်ရမှာပေါ့၊ သွားကြမယ်ဟေ့'

မြင်းကိုယ်စီနှင့် ထွက်လာခဲ့ကြတော့၏။ ရွာ(၂)ကိုရောက်တော့ မှောင်စပြုနေလေပြီ။ မြင်းတွေကို ရွာအပြင်တွင်ထားရစ်ခဲ့ပြီး ရွာထဲသို့ မလွယ်ပေါက်မှ ဝင်ခဲ့ကြသည်။

'ဒေါက်...ဒေါက်...'

ရွာထဲမှ တဲအိမ်လေးနောက်ဘက်မှ တံခါးခေါက်လိုက်သည်နှင့် ဩဇာဆိုသည့်လူငယ်လေးထွက်လာပြီး

'ကိုဒူးဝါးတို့လာဗျာ.. အိပ်ပေါ်တက်၊ အပြင်မှာဆို ဖိုကောင်တွေက ညဘက်သွားနေကြတာ၊ တွေ့သွားနိုင်တယ်'

ဩဇာတဲလေးပေါ်သို့တက်ခဲ့ကြပြီးနောက်...

'ထိပ်ထားကို ဒီညခေါ်သွားတော့မှာ'

'ဟင်..ဘာနဲ့သွားကြမှာလဲ'

'ရေကြောင်းလမ်းကထွက်မှာ၊ မြစ်ဆုံကနေ သွားမှာ ခုလောက်ဆို ရေတက်နဲ့ချောင်းထဲက ထွက်ဖို့ပြင်လောက်ပြီ'

'ဒိုး..ကျုပ်တို့အားချင်းလိုက်မှဖြစ်မယ်'

'လိုက်တာတော့ဟုတ်ပြီ၊ သူတို့က ချောင်းရိုးက သွားမှာဆိုတော့ စက်လှေတွေနဲ့လေ'





'ကျုပ်တို့က ကညင်ချောင်းထိပ်ကို ရောက်အောင်သွားပြီး ကြိုစောင့်မယ်၊ ဒီချောင်းရိုးကထွက်ရင် အနည်းဆုံး တစ်နာရီလောက်မှ ကညင်ချောင်းထိပ်ကို ရောက်မှာ၊ ကျုပ်တို့ ခြေလျင်သွားရင် နာရီဝက်ကျော်ကျော်လောက်ဆိုရောက်မယ်၊ ဖြတ်လမ်းတွေကို ကျုပ်ကျွမ်းတယ်'

'ဒါဆို သွားမယ်..'

ဩဇာ..တဲလေးပေါ်မှဆင်းခဲ့ပြီး ဘော်ဒူးဝါး ခေါ်ဆောင်သည့် တောလမ်းအတိုင်း အပြေးကလေးသွားနေခဲ့ကြတော့သည်။

မီးတောက်ဒိုး စိတ်အာရုံကတော့ ချစ်သူထိပ်ထားဆီသို့ ရောက်ရှိနေဆဲပင်။

ကညင်ချောင်းဆုံကိုရောက်တော့မှ (၃)ယောက်သား ခြေပစ် လက်ပစ်အမောဖြေကြတော့သည်။

'ဟူး...တစ်ကိုယ်လုံးလည်း ဆူးခက်တွေနဲ့ငြိပြီး စုတ်ပြဲနေပြီ..ဒိုး..ဒီကောင်တွေလာမှာ ကမ်းပေါ်က ပစ်မှာလား'

'ကမ်းပေါ်ကပစ်ရင် ထိပ်ထားအတွက် အန္တရာယ်များတယ်၊ လကွယ်ညဆိုတော့ ဘာမှမတွေ့ရဘူး'

'ဒါဆို ဘယ်လိုလုပ်မလဲ'

'စက်ကိုင်တဲ့အကောင်နဲ့ စက်ကိုမှန်အောင်ပစ်နိုင်မှဖြစ်မယ်၊ ကြိုးစားကြည့်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မှာဆိုတော့ စက်လှေတွေနဲ့လေ’

‘ကျုပ်တို့က ကညင်ချောင်းထိပ်ကို ရောက်အောင်သွားပြီး ကြိုစောင့်မယ်၊ ဒီချောင်းရိုးကထွက်ရင် အနည်းဆုံး တစ်နာရီလောက်မှ ကညင်ချောင်းထိပ်ကို ရောက်မှာ၊ ကျုပ်တို့ ခြေလျင်သွားရင် နာရီဝက်ကျော်ကျော်လောက်ဆိုရောက်မယ်၊ ဖြတ်လမ်းတွေကို ကျုပ်ကျွမ်းတယ်’

‘ဒါဆို သွားမယ်..’

ဩဇာ..တဲလေးပေါ်မှဆင်းခဲ့ပြီး ဘော်ဒူးဝါး ခေါ်ဆောင်သည့် တောလမ်းအတိုင်း အပြေးကလေးသွားခဲ့ကြတော့သည်။

မီးတောက်ဒိုး စိတ်အာရုံကတော့ ချစ်သူထိပ်ထားဆီသို့ ရောက်ရှိနေဆဲပင်။

ကညင်ချောင်းဆုံကိုရောက်တော့မှ (၃)ယောက်သား ခြေပစ် လက်ပစ်အမောဖြေကြတော့သည်။

‘ဟူး...တစ်ကိုယ်လုံးလည်း ဆူးခက်တွေနဲ့ငြိပြီး စုတ်ပြဲနေပြီ..ဒိုး..ဒီကောင်တွေလာမှာ ကမ်းပေါ်က ပစ်မှာလား’

‘ကမ်းပေါ်ကပစ်ရင် ထိပ်ထားအတွက် အန္တရာယ်များတယ်၊ လက္ခယ်ညဆိုတော့ ဘာမှမတွေ့ရဘူး’

‘ဒါဆို ဘယ်လိုလုပ်မလဲ’

‘စက်ကိုင်တဲ့အကောင်နဲ့ စက်ကိုမှန်အောင်ပစ်နိုင်မှဖြစ်မယ်၊ ကြိုးစားကြည့်တာပေါ့’



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်တွေလာရင်တော့ မီးထိုးပြီးလာမှာပဲ၊ ဒီပေါ်မှာ ဒို့ ကြိုးစားကြည့်ပေါ့ကွာ..'

'ရေထဲဆင်းပြီး ကယ်ဖို့တာဝန်ကတော့ ကျုပ်တာဝန်ထား၊ ဒိုး..ရေနဲ့ပတ်သက်ရင် ကျွမ်းကျင်တယ်'

'ဘုတ်...ဘုတ်..ဘုတ်..'

'ဟော...လာနေကြပြီ'

စက်လှေမောင်းသံကိုကြားလိုက်သည်နှင့် ဒိုးသေနတ်ကို အသင့်အနေအထားပြင်ထားလိုက်ပြီးနောက်...

'ဟင်..'

စက်လှေပေါ်မှ မီးအရောင်မှာ လုံးဝမထွန်းထားဘဲ မောင်းလာသောကြောင့် မဲမဲသဏ္ဍာန်ကိုသာတွေ့နေရသဖြင့် ဒိုးတို့ဘာလုပ်ရမှန်းမသိဖြစ်သွားတော့သည်။

'ဝှီး...ဂဲ...'

'ဟာ...'

ကမ်းတစ်ဖက် တောထဲမှ ငှက်ကြီးတစ်ကောင်ပျံသန်းရင်း သူ့ကိုယ်ပေါ်တွင် အလင်းတန်းများထွက်နေသဖြင့် စက်လှေကို ထင်ထင်ရှားရှားတွေ့လိုက်သည်။

'ဒိုင်း..ဒိုင်း...'

ဒိုး..သေနတ်ကို ဆက်တိုက်(၂)ချက်ပစ်လိုက်သည်။ စက်လှေမောင်းသူနှင့် စက်အိမ်ကြီးကို ထိမှန်သွားပြီးစက်လှေမှာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလယ်တွင် တစ်ပတ်လည်ထွက်သွားသည်။

'ပစ်…ပစ်ကြစမ်း'

'ဒိုင်း…ဒိုင်း..'

ကမ်းဆီသို့ စက်လှေပေါ်မှ ပြန်ပြီးပစ်ခတ်ချိန်တွင် ဘော်ဒူးဝါးနှင့်စောထူးသာ ရေထဲသို့ လျှင်မြန်စွာဆင်းပြီး ကူးခတ်သွားသည်။

စက်လှေဆက်ပြီးမောင်း၍မရတော့ဘဲ လှော်တက်နှင့်အားပြုပြီးလှော်ခတ်ဖို့ကြိုးစားချိန်မှာ ဘော်ဒူးဝါးနှင့်စောထူးသာ တို့၏ရေအောက်လှုပ်ရှားမှုကြောင့် စက်လှေကြီးမှာ နစ်မြုပ်စပြုလာပြီး ခုန်ဆင်းသည့်လူက ခုန်ဆင်းပြီး ကမ်းဆီသို့ကူးချိန်တွင် ထိပ်ထားကို စောထူးသာတွဲပြီး ကမ်းဆီသို့ ကူးလာခဲ့သည်။

'ထိပ်ထား..'

'ဒိုး..'

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်လိုက်ပြီး

'စောထူးသာ ကျေးဇူးတင်တယ်'

'ဒိုး..ကျုပ်တို့ ခင်ဗျားတို့ဟာ သေဖော်သေဖက်တွေပါ..ကျေးဇူးတင်စရာမလိုဘူး'

'သွားကြမယ်ဟေ့၊ ဒီကောင်တွေ သေနတ်သံကြားလို့နောက် ကနေထပ်ပြီး လိုက်လာကြမှာ သေချာတယ်'

ထိပ်ထားလက်ကိုဆွဲပြီး တောလမ်းလေးအတိုင်း ပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတော့သည်။

'ဒိုး…ခင်ဦးငယ်ကိုကယ်ပါဦး'

'ဟင်…သူကဘယ်မှာလဲ'

'နဂါးမင်းခေါင် အခမ္ဘကြဲဖို့ကြိုးစားနေပြီ'

'တောက်…ခွေးထက်မိုက်တဲ့ကောင်၊ စောထူးသာ‥ခင်ဗျား ထိပ်ထားလေးကိုခေါ်ပြီးပြန်နှင့်‥ကျုပ်နဲ့ဒူးဝါး ခင်ဦးငယ်ကိုကယ်ပြီး လိုက်ခဲ့မယ်'

'ထိပ်ထားပါလိုက်ချင်တယ်'

'မလိုက်နဲ့ထိပ်ထား‥ကိုယ်ရအောင်ကယ်ခဲ့မှာပါ'

'ဟုတ်တယ်‥ထိပ်ထားပါလိုက်သွားရင် လှုပ်ရှားရတာအခက်အခဲရှိမယ်'

'စောထူးသာ‥စိတ်ချမယ်နော်‥'

'ကျုပ်အသက်နဲ့ရင်းပြီး ခေါ်သွားမှာပါ'

ရွာဆီသို့ လာခဲ့ကြပြီး ထိပ်ထားနှင့်စောထူးသာကို သွားနိုင်းကာ ဒိုးတို့ရွာထဲသို့ ပြန်ပြီးဝင်ခဲ့ကြရပြန်သည်။

တစ်ရွာလုံး တိတ်ဆိတ်ပြီး လူရိပ်လူကဲကိုမတွေ့ရပေ။ ခင်ဦးငယ်ကို ဖမ်းထားသော အိမ်ကြီးနားမှာတော့ နဂါးမင်းခေါင်၏လူတွေက စောင့်ကြပ်နေကြသည်။

'ဒိုး…အိမ်ကြီးထဲမှာတော့ လှုပ်ရှားမှုတွေ သိပ်မရှိဘူး။ ကျုပ်အထင်တော့ ဂင်ဂျာတို့နောက်ကိုလိုက်သွားပြီနဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း ခပ်မြန်မြန်ကယ်ထုတ်နိုင်တာပေါ့'

ခြံဝန်းကြီးထဲတွင် နဂါးမင်းခေါင် တပည့်(၅)ယောက် လောက်သာ သေနတ်ကိုယ်စီနှင့်အပြင်ဘက်တွင် ဝိုင်းဖွဲ့ပြီးထိုင် နေကြသည်။

'ဒူးဝါး‥မင်းအရောင်ပြပြီးတော့ နောက်ဘက်ပေါက်က ထွက်လိုက်‥'

'ကောင်းပြီ‥ဒိုး'

ဒူးဝါး အစောင့်(၅)ယောက်ကို အရိပ်သဏ္ဌာန်ပြပြီး ခြံကြီး နောက်ပေါက်ဆီသို့ပြေးလိုက်သည်မို့….

'ဟိုမှာ‥လူ‥လူ‥'

'လိုက်ကြစမ်း'

(၅)ယောက်ထဲမှ (၃)ယောက် ပြေးလိုက်သွားပြီး (၂) ယောက်သာကျန်တော့သောကြောင့် ဒိုးချုကွယ်ကနေ တုတ်တို တစ်ချောင်းကို ကိုင်တွယ်ပြီး အနီးဆုံးမှာရှိတဲ့ကောင်ကို ပစ်ပေါက် လိုက်သည်။

'ဒုတ်…အီး‥'

'ဟာင်‥'

ဒိုး၏တုတ်တို ထိသွားသောကောင်မှာ ရှေ့သို့စိုက်ကျသွား ပြီး ကျန်တစ်ယောက်က ချုဆီသို့ပြေးပြီးအလာတွင်‥

'ခွပ်‥အင့်‥'



www.burmeseclassic.com

www.burmeseclassic.com



ဒိုး..ပြေးဝင်လာသော သူ၏အရှိက်တည့်တည့်ကို ထိုးချ လိုက်ပြီး ရင်ဘတ်ကိုဆွဲကာ ဓားမြှောင်နှင့်တော့၍...

'ဘယ်မှာလဲ..ခင်ဦးငယ်..'

'ရှိ...ရှိပါတယ်.. ဟို..ဟို..တဲထဲမှာပါ'

'မင်းရှေ့ကသွား..'

'ဟုတ်..ဟုတ်ကဲ့..ကျွန်တော့်ကိုမသတ်ပါနဲ့'

'စကားရှည်မနေနဲ့၊ မင်းအေးအေးဆေးဆေး လိုက်ခဲ့ရင် သက်သက်သာသာပဲ၊ ပေါက်ကရကြံစည်ရင်တော့ မနက်ဆိုတာ မင်းအတွက်မရှိတော့ဘူး'

'ဘာမှ မလုပ်ပါဘူးဗျာ..'

ခြံဝန်းထဲတွင် နဂါးမင်းခေါင် တပည့်တွေနေဖို့ဆောက် ထားသော တဲပေါ်တွင် ခင်ဦးငယ်ကို ကြိုးတွေဖြင့်ချည်နှောင်ပြီး ထားသောကြောင့်....

'မင်းကြိုးဖြေလိုက်..'

ဒိုးနိုင်းသည့်အတိုင်း ခင်ဦးငယ်ကို ချည်နှောင်ထားသော ကြိုးတွေဖြေပေးပြီး..

'ဒိုင်း...ဒိုင်း...'

ဒူးဝါးနောက်ကိုလိုက်သွားသည့် ကောင်တွေပြန်ရောက်လာ ပြီး ဒိုးတို့ကိုလှမ်းပြီးပစ်နေသောကြောင့် ဒိုး..ခင်ဦးငယ်လက်ကို ဆွဲပြီး...



www.burmeseclassic.com

www.burmeseclassic.com



'မင်းလည်းသွားပေတော့'

နဂါးမင်းခေါင် တပည့်ကို နောက်မှကန်လိုက်ပြီး နောက်ဘက်အပေါက်ဆီသို့ပြေးခဲ့တော့သည်။

'လိုက်··မလွတ်စေနဲ့'

နောက်မှ အော်ဟစ်၍လိုက်ခဲ့ကြပေမယ့် ဒိုးတို့ကို လိုက်မမီတော့ပေ··· ဒူးဝါးက ကူပြီး အဝေးမှပစ်ပေးသောကြောင့်ရှေ့ဆက်မလိုက်ရဲတော့ဘဲ ကျန်ရစ်ခဲ့တော့သည်။

'ဒိုးရေ···ရှေ့က လျှိုလမ်းကသွားမယ်'

အမှောင်ထုထဲသို့တိုးဝင်ရင်း ခြေရာဖျောက်လိုက်တော့သည်။

နဂါးမင်းခေါင်တပည့်တွေ ဆက်ပြီးမလိုက်ဝံ့သောကြောင့် ခြံကြီးထဲမှာပဲနေရစ်ခဲ့ကြတော့သည်။

✣ ✷ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်တို့အတွက် ဒီနေရာကသိပ်ပြီးမလုံခြုံတော့ဘူး ထင်တယ်..'

ကူနှင့် အမာက စားသောက်ဖို့အတွက် ချက်ပြုတ်နေရင်း လှမ်းပြီးပြောလိုက်သည်။

'ဒိုး..ဘယ်လိုသဘောရလဲ'

'နဂါးမင်းခေါင်တို့ကတော့ တောနင်းပြီးရှာမှာသေချာတယ်၊ ဒီနေရာထက်လုံခြုံတဲ့နေရာ မရှိဘူးလား ဒူးဝါး..'

'ရှိတယ်ဒိုး... ရွာတွေနဲ့အရမ်းဝေးမယ်'

'ခုချိန်မှာ သူတို့ကိုခြေရာဖျောက်ပြီးမှ နောက်တစ်မျိုးကြံစည်ကြရင် ကောင်းမယ်'

'ဒါဆိုရင် စားသောက်ပြီးတာနဲ့သွားကြမယ်၊ ခရီးတော့ကြမ်းတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်ထား..လိုက်နိုင်ရဲ့လား'

'ဒိုးရယ်..ခုချိန်မှာ ဘယ်လိုခရီးပဲဖြစ်ဖြစ် ထိပ်ထားက လိုက် ရမယ့်သူပါ'

ထိပ်ထား.. မီးတောက်ဒိုးလက်မောင်းလေးကို မှီပြီးပြော လိုက်သည်။

'ဒိုးရေ..ခင်ဗျား ခုနစ်ပြည်ထောင်ကိုလာတာ လူတစ်ယောက်ကိုခေါ်ဖို့မဟုတ်လား'

'ဟုတ်တယ်လေ..'

'ဒါဆို အဆင်ပြေသွားပြီပေါ့'

'ဘာအဆင်ပြေရမှာလဲ ခေါ်ရမယ့်သူက ခုထိ တွေ့တောင် မတွေ့သေးဘူး'

'ဟိုလူကိုခေါ်မသွားဘဲ ထိပ်ထားကိုသာခေါ်သွားတော့ဗျို့'

'ဟာဗျာ..'

'အံမယ်..ဒိုးမခေါ်လည်း ထိပ်ထားက အတင်းလိုက်မှာပါ'

စိတ်အမောလေးတွေကြားမှ ရယ်မောစရာလေးတွေကို ပြောနေ (၇)ယောက်၏အနာဂတ်ဆိုတာ ဘာရယ်မသိတော့။

အားလုံးစားသောက်ပြီး ခရီးဆက်ဖို့ပြင်ကြသည်။ မိန်းကလေး(၃)ဦးကို မြင်းတွေပေါ်တက်ခိုင်းပြီးဆွဲခေါ်လာခဲ့ကြသည်။

'ဒိုး..လူသံတွေကြားတယ်'

'ဟင်...ဒါ နဂါးမင်းခေါင်တို့တောနင်းပြီးလိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်'

'ဝုတ်..ဝုတ်..ဝုတ်..'

ခွေးဟောင်သံတွေကိုဆက်ပြီးကြားသဖြင့် ခပ်သွက်သွက် ကလေးသွားကြသည်။ အမဲလိုက်ခွေးတွေက ဒိုးတို့(၇)ယောက် ဆီသို့ ဦးတည်ပြီးပြေးလာခဲ့ကြတော့သည်။

'ဒူးဝါး...ဒီအတိုင်းသွားနေရင် ဒီကောင်တွေမီသွားမယ်။ လမ်းစဖျောက်နိုင်အောင်လုပ်ရမယ်'

'လမ်းစဖျောက်မယ်ဆိုရင် ခွေးမသားတွေကို အရင်ရှင်း မှဖြစ်မယ်'

'သေနတ်သုံးလို့မရဘူး၊ နောက်ကကောင်တွေသိသွားမယ်။ ဒူးဝါးနဲ့ကျုပ် ရှင်းမယ်၊ ကူတို့က ထိပ်ထားတို့ကိုခေါ်ပြီးသွားနှင့် ကြ'

'ဒိုး...'

'တို့အမီလိုက်ခဲ့မှာပါ...သွားတော့'

သစ်ပင်အကွယ်တွင် နှစ်ယောက်ခွဲပြီးပုန်းနေလိုက်သည်။

'ဝုတ်..ဝုတ်..ဂီး..'

လိုက်လာသောခွေး(၃)ကောင်ထဲမှ တစ်ကောင်က ဒိုး ကိုမြင်သွားပြီးပြေးကိုက်လေသည်။

'ကဲကွာ..'

'ဂီး...အု...အု..'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်တောင် ကိုက်ချင်ဦး'

'ဒုတ်.... အူး..'

ဘော်ဒူးဝါး..ဒူးလေးဖြင့် ခွေးတစ်ကောင်ကိုထပ်ပြီး ပစ်ချိန်တွင် ဒိုးဓားမြှောင်ကိုထပ်ပြီးပစ်လွှတ်လိုက်ရသည်။ ခွေး (၃)ကောင်လုံး အသံတိတ်ခွေကျသွားမှ...

'သွားကြမယ်..'

အနောက်ဆီမှ ပြေးလာနေသောခြေသံတွေကို ကြားနေရပြီ ဖြစ်သည်။ (၇)ယောက်ပြန်ဆုံတော့... ရှေ့ဆက်ပြီးသွားရမယ့် နေရာက ချောက်နက်တစ်ခုဖြစ်နေသည်။

'သတိထားပြီးဆင်းကြနော်'

ခင်ဦးငယ်ကို စောထူးသာတွဲသလို အမာကို ကူနောင်တာ တွဲလျက် ဒိုးကတော့ ထိပ်ထားကို တွဲပြီးဆင်းခဲ့ကြတော့သည်။ ဘော်ဒူးဝါး ရှေ့ကနေပြီးဆင်းသွားသည်။

'ထိပ်ထား ရရဲ့လား'

'ရပါတယ်..ထိပ်ထားဘေးမှာ ဒိုးရှိနေသရွေ့ ဘာကိုမှ စိုးရိမ်ပါဘူး..'

ချောက်က နက်ပေမယ့် ကျောက်တုံးတွေက ရှိနေသဖြင့် ဆင်းရတာအခက်အခဲကြီးမဟုတ်ခဲ့ကြဘဲ အောက်သို့ရောက်ခဲ့ ကြသည်။

'ရှေ့က ကျောက်တုံးကြီးဘေးမှာ နားကြရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ ဒီချောက်ထဲကိုဆင်းပြီး လိုက်ဖို့စဉ်းစားမှာမဟုတ်ဘူး··'

ကျောက်တုံးကြီးဘေးတွင် ခဏမျှ အမောဖြေပြီး···

'ဒူးဝါး··သွားရမှာဝေးသေးလား'

'ရှေ့နားမှာ စကျင်ချောင်းတစ်ခုကိုကျော်လိုက်တာနဲ့ ရောက်ပြီ၊ ဒိုး··ကျုပ်တို့ခုရောက်နေတဲ့နေရာက သူပုန်တွေကျက်စား တဲ့နေရာဆိုတော့ သတိတော့ထားရမယ်'

'ဒူးဝါး··ကျုပ်တို့ ဒီမှာနေလို့လုံခြုံပါ့မလား၊ သူပုန်တွေနဲ့ တွေ့နေမှဖြင့်'

'စောထူးသာ··ကျုပ်က မလုံခြုံဘဲခေါ်ပါ့မလား၊ သူပုန်တွေကျက်စားတယ်ဆိုတာ သွားလာကြတဲ့သဘောပဲ၊ ခု ကျုပ်တို့ ပုန်းခိုမယ့်နေရာကို ဘယ်သူပုန်မှ မလာရဲဘူး'

'ဘာကြောင့်လဲ'

'ဂူဝါးတောင်နယ်မြေဖြစ်လို့'

ဘော်ဒူးဝါးပြောတဲ့ ဂူဝါးတောင်ဆိုတာကို ဒိုးတို့ဘာမှန်း မသိ···။ စောထူးသာနှင့်ကူတို့က သိရှိဟန်ပေါက်ပြီး မျက်လုံးလေးတွေ ပြူးသွားကြသည်။

'ဂူဝါးတောင်ဆိုတာဘာလဲ···'

'ဒီလိုဒိုးရေ···ဂူဝါးတောင်ဆိုတာ တောင်စောင့်နတ်ကြီးနာမည်ပါ၊ သိပ်ပြီးကြောက်ဖို့ကောင်းတယ်လို့ ပြောကြတာပဲ

www.burmeseclassic.com



ကျုပ်ကတော့ တစ်ခါမှ မတွေ့ဘူး မကြုံဖူးဘူး၊ ဒီလိုနယ်မြေကို ဘယ်သူပုန်မှ မလာရဲတာတော့ အမှန်ပဲ'

'သွားကြမယ်···မိုးမချုပ်ခင်ရောက်မှ ဟိုမှာပြင်ဆင်စရာတွေကိုပါ ပြင်ဆင်ရမှာ'

ဒိုးတို့ခရီးဆက်ခဲ့ရင်း စကျင်ချောင်းကြီးကိုရောက်ခဲ့ကြသည်။

စကျင်ချောင်းမှာ တောင်ပေါ်ရေတွေ စီးဆင်းနေသော ချောင်းဖြစ်ပြီး ရေမှာ ကြည်လင်နေသည်ကိုတွေ့မြင်နေရသည်။

'ကျုပ်တို့ ခုသွားမယ့်နေရာမှာ မီးလင်းငှက်တွေ ကျက်စားတယ်'

'မီးလင်းငှက်ဆိုတာ ထိပ်ထားကို ကယ်တုန်းက ပျံသွားတဲ့ငှက်လား'

'သိပ်ဟုတ်တာပေါ့'

'ဒါဆို ကျေးဇူးရှင်ပဲ၊ သူ့ကြောင့် ထိပ်ထားကို ကယ်နိုင်တာ'

စကျင်ချောင်းမှာ ရေဒူးဆစ်လောက်သာ ရှိသဖြင့် ဖြတ်ပြီးကူးခဲ့ကြသည်။ ချောင်းမှာ သိပ်ပြီးမကျယ်လှပေ။

'ဒူးဝါး··ဒီရေက သောက်လို့ရလား'

'ရတယ်··ငှက်ဖျားတွေ ဘာတွေမဖြစ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ စကျင်ချောင်းထဲကို စီးဝင်နေတဲ့ တောင်ရေတံခွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က ဆေးပေါင်းတောင်လို့ခေါ်တယ်၊ ဆေးဖက်တောင်ဝင်တယ်ဆေ
သောက်ချင် သောက်ကြ'

တစ်ဖက်ကမ်းဘေးရှိ ကျောက်တုံးတွေပေါ်မှာထိုင်ရင်း ကိုယ်လက်သန့်စင်ကာ စကျင်ရေကိုသောက်ခဲ့ကြသည်။

'ရေလေးက အေးရုံတင်မကဘူး၊ မွှေးနေသလိုပဲနော် ခင်ဦး'

'ဟုတ်တယ် ထိပ်ထား၊ ကိုယ်လက်သန့်စင်လိုက်တာ လန်းဆန်းသွားတယ်'

'သွားကြမယ်ဟေ့'

ဘော်ဒူးဝါး အော်ပြီးပြောလိုက်သဖြင့် စကျင်ချောင်းနံဘေးမှ ကျောခိုင်းထွက်လာခဲ့တော့သည်။

'ဟယ်..ငှက်ပျောသီး၊ သဘော်သီးတွေ ဝင်းနေတာပဲ'

'ထိပ်ထား စားချင်လို့လား'

'အင်း...'

'ဒူးဝါး..စားလို့တော့ရပါတယ်နော်'

'ရပါတယ်..ဒါတွေက ကျုပ်တို့ရိက္ခာတွေပဲဗျို့၊ သစ်ငင်မျိုးစုံပေါက်တဲ့တောဲဗျ'

ထိပ်ထားအတွက် ငှက်ပျောသီးတစ်ခိုင်နှင့်သဘော်သီးတွေကိုခူးပြီး လာခဲ့ရင်း ရေတံခွန်ကြီးတစ်ခုဆီသို့ရောက်ခဲ့ကြသည်။

'ဝေါ....'



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်ကြီးစီးဆင်းနေတဲ့တောင်ကြီး၏အမြင့်မှာ အတော်င်မြင့်ပြီး အပေါ်ထိဆိုရင် ပေ (၁၀၀၀) လောက်ရှိမယ်ထင်ရသည်။

ဘော်ဒူးဝါး ခေါင်ဆောင်မည့်နေရာက ရေတံခွန်ကြီး၏ဘေးဘက်ကျောက်တုံးကြီး (၂)ခုကြားပင်ဖြစ်သည်

'ဒီကနေ ဝင်သွားရင် ဂူကြီးရှိတယ်၊ ဘယ်လောက်ရှည်သဲဆိုတာတော့ မသိဘူး၊ ကျုပ်က အနီးဝန်းကျင်လောက်ပဲ ဝင်ဖူးတာ၊ ဝင်ကြမယ်..'

ရေတံခွန်မှ ကျနေသောရေတွေကိုကျော်ဖြတ်ပြီး ဂူကြီးထဲသို့ဝင်ခဲ့လေတော့သည်။ ဂူကြီးထဲတွင် မှောင်မိုက်နေသောကြောင့် ပါလာသော ဓာတ်မီးနှင့်ဝင်ခဲ့ကြရသည်။

'ဟိုမှာ သစ်ကိုင်းခြောက်တွေ၊ အတော်ပဲ မီးဖိုရမယ်'

လာကြသူအားလုံးမှာ အဝတ်အစားအပို မပါသောကြောင့် အခက်အခဲတွေ့၍နေသည်။

'ထိပ်ထား အဝတ်အစားတွေကိုချွတ်ပြီး မီးနဲ့ခြောက်အောင်လုပ်လိုက်'

'အင်း..'

ကျောက်ဂူကြီးတစ်ဖက်တွင် မိန်းကလေး(၃)ဦး အပေါ်အင်္ကျီတွေကိုချွတ်ပြီး မီးကင်ဖို့လုပ်သလို ဒိုးတို့(၄)ယောက်လည်း ဘောင်းဘီတိုလေးတွေနဲ့ အဝတ်အစားတွေကို မီးကင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခုမှ ကျောက်ခေတ်လူသားတွေဖြစ်နေကြပြီ'

'ဟား··ဟား··ဟား··'

ဒိုးတို့ သယ်လာသော ငှက်ပျောသီး၊ သခွားသီးတွေကို စားကြပြီး ဒီဂူကြီးထဲတွင် ရေရှည်နေနိုင်ဖို့အတွက် ပြင်ဆင်စရာတွေကို ပြင်ဆင်ရတော့မှာဖြစ်သည်။ ချက်ပြုတ်စရာအိုးတွေကို ဒူးဝါး··ရွာကိုသတင်းသွားပြီးစုံစမ်းစဉ်က ယူလာခဲ့သောကြောင့် သိပ်ပြီးအခက်အခဲမရှိ၊ အခက်အခဲရှိနေသည်မှာ အဝတ်အစားကိစ္စပင်။

'ဟင်းလျာကတော့ မနက်ဖြန်ကျမှပဲ တောပစ်ထွက်ပြီး ရှာကြတာပေါ့၊ ဒီနေ့တော့ သစ်သီးတွစားပြီး အိပ်ကြမယ်'

ဂူကြီးထဲတွင် နေရာကိုယ်စီယူပြီး ခရီးပန်းလာသောကြောင့် မီးကင်ထားသော အဝတ်အစားတွေကို ပြန်ပြီးဝတ်ကာ အိပ်ဖို့ပြင်တော့သည်။ ဒိုးကတော့ ပါလာသော သေနတ်တွေကို ကြည့်ပြီး···

'ဟာ··သွားပြီဟေ့'

'ဘာဖြစ်လို့လဲ ဒိုး··'

'သေနတ်တွေက ကျည်ဆန်တွေကုန်ပြီ။ ပြီးတော့ အခြေအနေက မကောင်းတော့ဘူး၊ ပစ်လို့ ကျည်ထွက်မယ့်ပုံသဏ္ဌာန် မပေါ်တော့ဘူး'

မီးတောက်ဒိုးတို့ (၇)ယောက်တွင် သေနတ်က (၃)လက်



www.burmeseclassic.com

www.burmeseclassic.com



ဘာပါလာနိုင်ပြီး သေနတ်တွေက ကြာမြင့်နေပြီဖြစ်သလို ပြုပြင်ခြင်းမရှိသဖြင့် သုံးစား၍ မရတော့ပေ။

'အမဲလိုက်ဖို့က ကျူပ်မြားနဲ့ဖြစ်ပေမယ့် ဟိုကောင်တွေကို ရင်ဆိုင်ဖို့အတွက်တော့ သေနတ်ရှိမှဖြစ်မယ်'

'တစ်ခုခုတော့ ဖြစ်အောင်လုပ်ရမှာပေါ့၊ တွေးပြီး စိတ်ပျက်နေပါနဲ့၊ အိပ်ကြမယ်၊ အလှည့်ကျတော့ ကင်းစောင့်ရမယ်နော်'

'ကျူပ်နဲ့ဒူးဝါးက အရင်စောင့်မယ်'

'ကောင်းပြီ..'

မီးတောက်ဒိုးနှင့်စောထူးသာတို့က အရင်အိပ်ကြပေမယ့် အိပ်၍ မပျော်နိုင်၊ ထိုနည်းတူ ထိပ်ထားလည်း အိပ်၍မရပေ။

'ဒိုး..'

'ထိပ်ထား ဘာပြောချင်လဲ ပြောလေ'

'ထိပ်ထား တွေးမိတယ်၊ နဂါးမင်းခေါင်နဲ့ထိပ်ထားတို့က သူသေကိုယ်သေများ ခွဲရမလားလို့'

'တို့တစ်တွေအတွက် ပြေးမယ်ဆိုရင် လွယ်ပါတယ်၊ ဒါပေမယ့် ခုနစ်ပြည်ထောင်ရွာသူရွာသားတွေအတွက်တော့ ရင်ဆိုင်ပေးရဦးမှာပဲ'

'ဒိုးရောက်လာတဲ့ကိစ္စကတစ်ခု၊ ရင်ဆိုင်နေရတာက တစ်ခုဖြစ်နေပြီနော်'

'ဒါကတော့ ထိပ်ထားရယ်၊ တိုက်ဆိုင်တဲ့ တာ[illegible]တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကိုထမ်းဆောင်ရတယ်လို့ပဲ သဘောထားပါတယ်'

'ဒီးကိစ္စရော ဘယ်လိုလုပ်မလဲ'

'ခုချိန်မှာ တို့ဘာမှ စဉ်းစားလို့မရသေးဘူး၊ ထိပ်ထားရေ..ကဲ...ထိပ်ထားအိပ်လိုက်တော့နော်၊ ပင်ပန်းနေပြီ'

'ဟုတ်ကဲ့ပါရှင်...'

✤ ✱ ✣ ✤ ✣



www.burmeseclassic.com

www.burmeseclassic.com

ဂူထဲတွင် ကျနောင်တာနှင့်စောထူးသာတို့ကို ထိပ်ထားနှင့် ထားရစ်ခဲ့ပြီး မီးတောက်ဒိုးနှင့်ဘော်ဒူးဝါးတို့ အမဲပစ်ထွက်ခဲ့ကြသည်။

'ဒူးဝါး..ခင်ဗျား ဒီတောကြီးထဲကို ဘယ်နှစ်ကြိမ်လောက် ရောက်ဖူးလဲ'

'အင်း..ခုအခေါက်နဲ့ပါဆို (၃)ခေါက်ပဲ ရောက်ဖူးတာပါ၊ သိပ်ပြီး နှံ့နှံ့စပ်စပ်တော့မရောက်ဖူးသေးဘူး၊ ဒီတောင်အဆုံး ဘက်ကိုသွားရင် ဘင်္ဂလားဒေ့ရှ်ဘက်ကိုရောက်ပြီလို့ပြောတာပဲ ဒီး...'

'ဟုတ်မှာပေါ့ဗျာ..ရှေ့မှာ ဆတ်တစ်ကောင်'

မြက်ကလေးတွေစားနေသော ဆတ်..သူ့ကြောင်ရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိ…။

'သေနတ်သုံးလို့မဖြစ်တော့… ခင်ဗျားဒူးလေးရဲ့အစွမ်းနဲ့ပဲ ရအောင်ပစ်ပေတော့ ဒူးဝါး'

ဘော်ဒူးဝါး နေရာကောင်းကိုရွေးပြီး ဆတ်ကြီးကိုလှမ်းပစ်လိုက်သည်။

'ဗိုး…ဒုတ်'

'ဟာ..ပြေးပြီ ဒီကောင်ဝေးဝေးပြေးနိုင်မှာတော့မဟုတ်ဘူး'

မြားတန်းလန်းနဲ့ဆက်ပြီးပြေးနေတော့သည်။

'အသက်ပြင်းတဲ့ကောင်ပဲ၊ ဟော…လဲပြီ'

ဆတ်ကြီးမှာ ဒိုးနှင့်သိပ်မကွာသောနေရာတွင် ပစ်လဲကျသွားသည်။

'ဟူး…ချီးမှပဲ၊ သေတာတောင် အမောခံပြီးသေရတယ်လို့..ကွာ..'

ဘော်ဒူးဝါး ဆတ်ကြီးဘေးတွင်ထိုင်ချလိုက်ပြီးနောက်…

'ဒိုးရေ..ဖျက်ပြီးယူသွားတာကောင်းမယ်'

'ခင်ဗျားသဘောပဲ'

ဘော်ဒူးဝါး..ဆတ်ကြီးကိုဖျက်ပြီးယူဆောင်ရမည့်အသားတွေကိုယူလေသည်။ မီးတောက်ဒိုးကတော့ ဘေးဘက်ကို စိတ်ဝင်စားစွာကြည့်ရင်း..



www.burmeseclassic.com

www.burmeseclassic.com



'ဒူးဝါး..ဟိုမှာကြည့်စမ်း'

'ဟင်..'

မီးတောက်ဒိုး လှမ်းပြီးပြလိုက်သောနေရာက သစ်ခေါင်းကြီးတစ်ခု..

'သွားကြည့်ရအောင်'

'ဒိုး...သတိထားနော်..ဒီလိုအထဲမှာ အန္တရာယ်ကောင်တွေ ခိုအောင်းနေတတ်တယ်'

သစ်ခေါင်းကြီးနားကိုကပ်ပြီးအထဲကိုကြည့်တော့...

'ဟိုမှာ သေတ္တာတစ်လုံးပါလား'

'ဟုတ်တယ်..ဘာသေတ္တာလည်းမသိဘူး'

နှစ်ယောက်သား သေတ္တာကြီးကို မယူပြီး အပြင်သို့ထုတ်ကာ ခတ်ထားသော်သော့ကို ရိုက်ချိုးပြီးဖွင့်လိုက်ကြသည်။ သေတ္တာကို ဖွင့်ပြီးကြည့်တော့....

'ဟင်...'

'ဟာ...'

ပြောက်ကျားဝတ်စုံတွေနှင့်သေနတ်တွေကို တွေ့လိုက်ရသည်။ ထို့အပြင် ဖောက်ခွဲရေးမိုင်းတွေပါ ရှိနေသည်။

'သူပုန်တွေထဲက လာပြီးဝှက်ထားတာဖြစ်မယ်'

'သေချာလောက်တယ်၊ အကိုကြီးမှာတော့ ဘာတံဆိပ်မှ မပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့အတွက် ဘုရားသခင်ကပေးတဲ့လက်ဆောင်ပဲ၊ ဒီဆတ်ကြီးကိုတောင် ကျေးဇူးတင်ရမယ်'

တစ်ယောက်တစ်ဖက်စီဆွဲပြီး ရေတံခွန်ကြီးထဲသို့ပြန်လာခဲ့ကြတော့သည်။

'ဘယ်လိုလဲ··အဆင်ပြေရဲ့လား၊ ဟာ··လက်ထဲက ဘာသေတ္တာကြီးလဲ···ဒိုး'

'ကျုပ်တို့ကို တောစောင့်နတ်ကြီးက သနားပြီး လက်နက်နဲ့အဝတ်အစားတွေပေးလိုက်တာ'

'တကယ်··'

'တကယ်ပေါ့ဗျာ·· ထိပ်ထားတို့(၃)ယောက်အတွက်တော့ အဆင်ပြေသွားပြီ၊ ကျွန်တော်တို့(၄)ယောက်ထဲက တစ်ယောက်တော့ဝတ်လို့ရမယ်'

'ဒါဆိုရင် ဒိုးပဲဝတ်ပါဗျာ၊ ကျုပ်တို့က ဒီအဝတ်အစားတွေနဲ့ သိပ်ပြီးအဆင်မပြေဘူး'

'လက်နက်ကတော့ ခေတ်မီတယ်နော်'

'ကျုပ်အတွက် အဆင်ပြေမယ့်သေနတ်ကို ရလိုက်ပြီ၊ ဒီမှာလေ··'

အသံတိတ်ကိရိယာတပ်ထားသော သေနတ်မှာ ရန်သူ့ကို စိတ်တိုင်းကျ ပစ်နိုင်သောသေနတ်ပင်ဖြစ်သည်။

'ဒိုး··'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ ထိပ်ထား'

'ထိပ်ထားတို့လည်း သေနတ်ပစ်သင်ပေး'

'သင်ပေးရမှာပေါ့၊ ပစ္စတိုတွေပါတယ်၊ ထိပ်ထားတို့ (၃)ယောက်အတွက်အတော်ပဲ၊ ဒါမှ ဝတ်စုံနဲ့လိုက်ဖက်သွားမှာ'

စောထူးသာနှင့်ဒူးဝါးတို့က ရသောဆတ်သားတွေကို ချက်ပြုတ်ပြီး ပိုသော အသားတွေကို မီးကင်အခြောက်ခံထားကြသည်။

'ဒူးဝါး…ကျုပ်တို့ရွာနဲ့အဆက်အသွယ်ရဖို့တော့ ကြိုးစားရဦးမယ်'

'မနက်ဖြန်လောက်ဆို ရွာဘက်သွားရင်ကောင်းမလား ဒိုး'

'ခင်ဗျားတစ်ယောက်တည်း မဖြစ်ဘူး၊ ကျုပ်ပါလိုက်ခဲ့မယ်'

'ဒါဆို သွားကြမယ်လေ…'

'ဒိုး…'

ထိပ်ထား…မီးတောက်ဒိုးဘေးတွင် ဝင်ထိုင်ပြီး စိုးရိမ်သောမျက်နှာလေးနှင့်ကြည့်နေလေသည်။

'မစိုးရိမ်ပါနဲ့ထိပ်ထားရယ်၊ ထိပ်ထားအတွက် ကိုယ်ရှင်သန်နေမယ့်သူပါ၊ ဒူးဝါးတစ်ယောက်တည်း လွှတ်ရတာ စိတ်မချသလို၊ စောထူးသာတို့နဲ့ဆိုလည်း အရေးကြုံရင်မလွယ်ဘူး၊ ကိုယ်လိုက်သွားတော့ အဆင်ပြေနိုင်တယ်'

'ထိပ်ထား…သဘောပေါက်တယ်၊ ဒါပေမယ့် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ စိတ်အေးအေးနဲ့နေလို့တော့ မရနိုင်ဘူးလေ၊ ထိပ်ထား ရင်ထဲမှာ ဒိုးနဲ့ဝေးရမယ်၊ ခွဲခွာရမယ်ဆိုတာကို အတွေးလေးနဲ့တောင် စဉ်းစားလို့မရဘူး'

'တို့ ကတိပေးပါတယ်'

'ဘာကတိလဲ ဒိုး..'

'ထိပ်ထားကိုဘယ်တော့မှ ခွဲခွာမသွားပါဘူးဆိုတဲ့ ကတိလေးပါ'

'ထိပ်ထား ယုံထားပါတယ်၊ မြို့ကိုပြန်တဲ့အခါ ထိပ်ထားကို ဒိုးခေါ်သွားမှာလား'

'ထိပ်ထားရယ်.. မခေါ်လို့ရမလား၊ ကိုယ့်ချစ်သူကိုထားခဲ့ပြီး တို့က ပြန်မှာလား'

'တော်ကြာ..ဒိုးမိဘတွေက တောသူမကို သဘောတူပါ့မလား..'

'တို့မှာ မိဘဆိုတာ မရှိတော့ဘူး၊ တို့ လူမှန်းမသိတဲ့အရွယ်ထဲက ဆုံးသွားကြတာ'

'ဟင်...ထိပ်ထားနဲ့အတူတူပေါ့နော်'

'ဟုတ်တယ်ထိပ်ထား..တို့ဘဝက ကြမ်းခဲ့ပါတယ်'

'ပြောပြပါလား'

'ပြောပြပါမယ်..'

'ဒိုးနဲ့ထိပ်ထား..စားကြရအောင် လာပျော့'



www.burmeseclassic.com

www.burmeseclassic.com



စောထူးသာ လှမ်းပြီးခေါ်သောကြောင့် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး ထလာခဲ့ကြသည်။

'ဒိုးကို ထိပ်ထား မောင်လို့ခေါ်ချင်တယ်'

'မောင်..အကြားချင်ဆုံးခေါ်သံလေးပေါ့'

'တကယ်..'

'တကယ်ပေါ့..'

'မောင်..'

ချစ်သူ၏ အပြုံးချိုလေးတွေက အမှောင်တောကြီးထဲမှာ ရောက်နေပေမယ့် သာယာလှပနေဆဲပင်။

✣ ✷ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'ဒိုး…ကျုပ်တို့ဘယ်ရွာကို အရင်သွားမလဲ'

'ကျုပ်တို့သတင်းရနိုင်တဲ့ရွာကိုသွားမယ်'

'ဩဇာဆီသွားရင်ကောင်းမယ်'

'သွားလေ…'

ရွာနားဆီသို့ တောစပ်ထဲမှ လာခဲ့ကြရင်း ရွာထိပ်ဖျားကို ရောက်တော့….

'လူတွေ အရိပ်အယောင်မတွေ့ရပါလား'

'ဟုတ်တယ်..ဘာတွေဖြစ်နေပြီလဲမသိဘူး၊ ဒိုး..ရွာအဝင် ဝမှာ နဂါးမင်းခေါင်တပည့်တွေ စောင့်နေတယ်၊ ကျုပ်တို့ဘော လျှိုပေါက်ကပဲ ရွာထဲကိုဝင်မယ်..'

'အင်း…'

ရွာထဲကိုဝင်သည်နှင့် လျှို့ဝှက်လမ်းဆီသို့လာခဲ့ရင်း လမ်း



www.burmeseclassic.com

www.burmeseclassic.com



တွင်...

'ဩဇာ..'

'ဟာ...ကိုဒူးဝါးနဲ့ဆရာဒိုး..'

'အတော်ပဲကွာ၊ မင်းဆီလာတာ၊ ရွာကလူတွေဘယ်ရောက်ကုန်ပြီလဲ'

'ကိုဒူးဝါးတို့လာဗျာ.. ဟိုအပင်ကြီးကွယ်ကိုသွားပြီးစကားပြောကြမယ်၊ ဒီနေရာ စိတ်မချရဘူး'

ဩဇာခေါ်ဆောင်သောသစ်ပင်ကြီးနောက်သို့သွားပြီး...

'ပြောစမ်းပါဦး၊ ဘာတွေဖြစ်ကုန်ပြီလဲ'

'ရွာမှာအခြေအနေမကောင်းတော့ဘူး၊ နဂါးမင်းခေါင်ကအစိုးရထက်ပိုပြီးမိုက်ရိုင်းယုတ်မာနေပြီ၊ ခုဆို သူ့ပုန်တွေကိုဆက်ကြေးပုံမှန်ပေးနေရပြီ၊ အစိုးရတပ်တွေက မလာတာကြာတော့ သူတို့ထင်တိုင်း လုပ်နေတာ၊ ခုလဲ ဆက်ကြေးမပေးတဲ့ ရွာသားတွေကို သတ်ဖို့ ရွာသချိုင်းကိုခေါ်သွားတယ်၊ တစ်ရွာလုံး မလိုက်ချင်ရဘူး'

'ဟာ..'

'ဒူးဝါး..ကျုပ်တို့ အချိန်မီလိုက်မှဖြစ်မယ်၊ ကယ်နိုင်တဲ့သူတယ်တာပေါ့'

'သွားမယ်..'

'ကိုဒူးဝါး..ကျွန်တော်လည်းလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းမလိုက်နဲ့ဦးဩဇာ.. မင်းတခြားရွာတွေကိုသွားပြီး ငါပြောတဲ့လူတွေနဲ့ဆက်သွယ်ပြီး ငါတို့နဲ့အဆက်အသွယ်လုပ်ဖို့ သွားပြောချေ..'

'ဟုတ်ကဲ့..'

ဩဇာကို တခြားရွာတွေဆီကိုလွှတ်လိုက်ပြီး သချိုင်းဘက်ဆီသို့လာခဲ့ကြတော့သည်။ သချိုင်းတွင် နဂါးမင်းခေါင် ဂူတစ်လုံးပေါ်တက်ပြီး ဆက်ကြေးမပေးလို့ သတ်မည့်(၃)ယောက်ကို ကျင်းတွေတူးထားသည့်ရှေ့တွင် ဒူးထောက်ထိုင်ခိုင်းထား သည်။

'အားလုံးကြည့်ထားကြ၊ ဆက်ကြေးမပေးရင် ခုလိုပဲဖြစ်မယ်ဆိုတာ မှတ်ထား'

'သခင်ကြီးရယ်..ကျွန်မသားလေးကို မသတ်ပါနဲ့၊ တောင်းပန်ပါတယ်'

'အဘွားကြီး...ပါးစပ်ပိတ်စမ်း၊ ခင်ဗျားပါ လိုက်သွားချင်လို့လား၊ ခင်ဗျားသားက ဆက်ကြေးမပေးရုံတင်မကဘူး၊ အစိုးရတပ်တွေကို သတင်းသွားပေးဖို့လုပ်နေတဲ့ကောင်၊ ဖယ်စမ်းဗျာ'

အဘွားကြီးကို တွန်းပစ်လိုက်ပြီးနောက်...

'ငါ့ကို သေနတ်ပေး.. အချိန်မရှိဘူး'

နဂါးမင်းခေါင် သူ့တပည့်လက်ထဲမှ သေနတ်ကိုလှမ်းယူပြီး မောင်းတင်လိုက်သည်

'ဆရာ..ကျွန်တော်ပစ်မယ်..ဟဲဟဲ..'



www.burmeseclassic.com

www.burmeseclassic.com



'အင်း..ဒီလောက်တောင်ပစ်ချင်လည်း ပစ်ကွာ၊ မင်းနဲ့ ဒီကောင်က ရာဇဝင်ကြွေးရှိနေပြီထင်တယ်..ပဒ္ဒ'

'သေချာတာပေါ့၊ ရှာက အေးပုံကို ဒင်းက လက်ဦးသွား ဘာလေ၊ ခုတော့ ဒင်းကိုသတ်ပြီး အေးပုံလေးနဲ့ နှစ်ပါးသွားရ တော့မယ်..ဟား..ဟား..ဟား..'

ပဒ္ဒ..သေနတ်ကို သတ်မည့်သူ၏ ရှေ့တည့်တည့်တွင် ချိန် ရွယ်ပြီး ပစ်မယ်အပြု မီးတောက်ဒိုး၏သေနတ်ကျည်ဆန်က ဦးစွာ ရောက်ရှိသွားသည်။

'ဖောက်...အင့်..'

'ဟင်...'

နဂါးမင်းခေါင် အံ့အားသင့်သွားသည်။ ကျည်ဆန်က အသံ ထိတ်လာပြီး ဘယ်ဆီက ပစ်လိုက်မှန်းပင်မသိလိုက်။

'ဟော့ကောင်တွေ ရှာကြစမ်း၊ ဒါ....ဟိုခွေးမသားပဲဖြစ်ရ မယ်'

ရွာသူရွာသားတွေလည်း နောက်သို့ပြန်ပြီးပြေးကုန်တော့ သည်။ မီးတောက်ဒိုးက နဂါးမင်းခေါင်တပည့်တွေကို တစ် ယောက်ချင်း ပစ်ခတ်ပြီး နဂါးမင်းခေါင်တစ်ယောက်တည်း ကျန် တော့မှ ပစ်ခတ်သည့်နေရာကထွက်ပြီး...

'ဘယ်လိုလဲ နဂါးမင်းခေါင်....'

'မင်း...မင်း...'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားလက်တွေကို ငြိမ်သက်စွာထားလိုက်ပါ၊ လှုပ်ရှားဖို့ ခင်ဗျားမှာအခွင့်အရေးမရှိဘူး၊ တွေ့တယ်နော် ခင်ဗျားကောင်တွေ..'

'မင်း..ငါ့ကိုမပစ်ပါနဲ့ကွာ၊ မင်းဘာလိုချင်လဲပြောပါ'

'ခင်ဗျားဆီကလိုချင်တာက ခင်ဗျားအသက်ပဲ၊ ခင်ဗျားလိုလူအသက်ရှင်နေခြင်းဟာ ရွာသူရွာသားတွေအတွက် အသားစားဘီလူးတစ်ကောင်ကို အစာကျွေးပြီးမွေးထားသလိုဖြစ်နေမှာပေါ့'

'ငါ..တောင်း...တောင်းပန်ပါတယ်'

'ဟင်...ဖောင်း..'

'အား...'

နဂါးမင်းခေါင်...မီးတောင်ဒိုးကို ဟန်ပြတောင်းပန်ပြီး သေနတ်နှင့်ပစ်ဖို့ပြင်သည်နှင့် ဒိုးကျည်ဆန်က ရင်ဝဆီသို့ရောက်ရှိသွားသည်။

'စိတ်မကောင်းပါဘူး၊ နဂါးမင်းခေါင်...ကျုပ်က ခင်ဗျားကို သတ်ဖို့ထိ မစဉ်းစားပါဘူး...ခုတော့..'

နဂါးမင်းခေါင် လူသတ်ပြီးမြှုပ်ဖို့ထားသော တွင်းထဲသို့ သူဝင်ရောက်သွားခဲ့ရတော့သည်။

'ကျေးဇူးတင်ပါတယ် ဆရာဒိုးရယ်..'

'ရပါတယ်ကွ... မင်းတို့လည်း ရွာကနေခဏ ရှောင်နေလိုက်၊ သူ့အဖေ သူကြီးကထပ်ပြီးအန္တရာယ်ပြုလိမ့်မယ်၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သည်း မကြာခင် မင်းတို့ဆီကိုပြန်ပြီးလာမှာပါ၊ သွားမယ် ဒူးဝါး’ ရွာသားတွေကို နှုတ်ဆက်ပြီး ပြန်ခဲ့တော့သည်။

✣ ✱ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'ခွမ်း...တောက်...'

ရက္ခမင်းခေါင် အရက်ပုလင်းကို မြေပြင်တွင်ပေါက်ခွဲ လိုက်ပြီး ခါးကြားမှ သေနတ်ကို ထုတ်ပြီးမိုးပေါ်သို့ထောင်ပြီး ပစ်လိုက်သည်။

'ဒိုင်း..ဒိုင်း..ဒိုင်း..'

'ထပ်ပြောစမ်း..ငါ့အစ်ကိုနဲ့ညီကို သတ်တာ ဘယ်သူလဲ'

'မီးတောက်ဒိုးဆိုတဲ့ ကောင်ပါ ဆရာ..'

'ခွေးမသား...ဒင်းအသက်ကို ငါကိုယ်တိုင်ပြန်ပြီးနှုတ် မယ်၊ ခုဒီကောင်တွေ ဘယ်မှာလဲ'

'သူတောင်ကြားနားမှာပဲ ရှိမယ်ဆရာ...'

'ဟိုကောင်မပါ ရှိနေတယ်ပေါ့..'

'ဟုတ်ပါတယ်..'

'အဘ..'



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ၏ ခေါင်းဘက်မှထိုင်နေသော မဟာစည်သူမင်းခေါင်ကို ခေါ်လိုက်ပြီး…

'ဘာလဲ လူလေး‥'

'အဘလည်း ဘာမှ အသုံးမကျဘူး'

'လူလေး အပြစ်တင်ရင်လည်းခံရမှာပဲကွာ၊ သားအကြီးရော အငယ်ရော သူတို့လုပ်ချင်တာကို လုပ်ကြတာ၊ ငါ့ကို ဘာတစ်ခုမှ မတိုင်ပင်ဘူး၊ ခု‥အစိုးရတပ်တွေက သံယသဖြစ်နေပြီ'

'ဘာပြောတယ်‥အစိုးရတပ်တွေက သံသယဖြစ်နေတယ်'

'ဟုတ်တယ်လူလေး‥ သူပုန်တွေနဲ့ဆက်သွယ်ပြီးလုပ်ကိုင်နေတာကို သတင်းရထားကြတယ်'

'ဒါ…ဒါ‥ရွာထဲကကောင်တွေ လက်ထောက်ချလို့ဖြစ်မှာပေါ့'

'သိပ်ဟုတ်တာပေါ့ကွာ'

'တစ်ရွာလုံးကို သတ်ပစ်လိုက်ဗျာ‥'

'လူလေး‥ဒီလိုတော့ လုပ်လို့မရဘူး‥'

'ဟုတ်တယ် ရက္ခ၊ ခုလို အစိုးရဘက်က သံသယဖြစ်နေချိန်မှာ ကိုယ့်ဘက်က ပိပိရိရိ လှုပ်ရှားဖို့လိုတယ်၊ ခုဆိုရင် နယ်စပ်ဘက်တွေမှာတောင် အခြေအနေက ကောင်းတာမဟုတ်ဘူး'

ဂင်ဂျာကပါ ဝင်ပြီးပြောသဖြင့် ရက္ခမင်းခေါင် တွေသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်...

'ဟိုကောင်တွေ..'

'ဗျာ..ဆရာ..ရက္ခ'

'မင်းတို့လည်း ဘာမှ သောက်သုံးကျတဲ့ကောင်တွေ မဟုတ်ဘူး၊ အလကားကောင်တွေ၊ ခုခုနစ်ရွာမှာ အစိုးရရဲ့ပတ်သက်ပြီး သံသယဖြစ်နေတဲ့ကောင်တွေကို ဖမ်းပြီး အပြတ်ရှင်းပြလိုက်ရင် ဘယ်ကောင်သတင်းပေးရဲတော့မှာလဲ'

'စိတ်ချ...ဖမ်းပြီး ဆရာရက္ခရှေ့ကိုခေါ်ခဲ့မှာပါ'

'ခုနစ်ရွာလုံးမှာမသင်္ကာတဲ့ကောင်မှန်သမျှ ဖမ်းခဲ့ကွာ'

'လူလေး..'

'အဘ...အသာနေစမ်းပါ၊ ဒီရွာကလူတွေကို ဒီလိုမှ မလုပ်ရင် ကြောက်တတ်မှာမဟုတ်ဘူး'

'မင်းလုပ်တာကို အဘ ဘာမှမပြောတော့ဘူး၊ တစ်ခုတော့ သတိပေးလိုက်မယ်၊ ဒီရက်ပိုင်းအတွင်း အစိုးရတပ်ရောက်လာမယ်'

'ဟင်..'

'ရက္ခ မင်းအဖေပြောတဲ့ကိစ္စပေါ်မှာတော့ မင်းနည်းနည်း စဉ်းစားဦး၊ စစ်တပ်ကို ရင်ဆိုင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မလွယ်ဘူး၊ တောထဲကိုရောက်သွားပြီဆိုရင် ခုလိုမျိုးလှုပ်ရှားမှုတွေ ပျက်စီးသွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုကောင်တွေ..ဖမ်းဆီးတာကို မလုပ်နဲ့ဦး'

'ငါတစ်ခု စဉ်းစားမိတယ်'

'ဘာလဲ ဂင်ဂျာ..'

'ဟိုကောင် မီးတောက်ဒိုးကို ချောက်ချပြီး အစိုးရတပ်နဲ့ ပူးပေါင်းပြီး ရှာဖွေရင် မကောင်းဘူးလား'

'မင်းပြောတာ မဆိုးဘူး၊ ဘယ်လိုချောက်ချမလဲ'

'လွယ်ပါတယ်ကွာ၊ မင်းညီမကို မီးတောက်ဒိုးက ပြန်ပေး ဆွဲသွားတယ်ဆိုပြီး ရှာဖွေမယ်'

'တွေ့ခဲ့ရင်ရော..'

'စစ်တပ်နဲ့ရောပြီး အပြတ်ရှင်းမယ်'

'ငါ လက်မခံဘူး ဂင်ဂျာ..'

'ဘာလို့လဲ..'

'ငါကိုယ်တိုင် ဒီကောင်ကို သတ်ချင်လို့ပဲ၊ ဟိုကောင်မပါ ရောပြီးသတ်မှာ၊ ဒါမှ ငါ့အစ်ကိုနဲ့ညီတွေအတွက် တာဝန်ကျေ မှာ..'

'ဆရာ..ရက္ခ'

'ဘာလဲ..ဂန်ချောင်း..'

'သူပုန်တပ်ဖွဲ့တွေလာနေပြီ'

'လာခိုင်းလိုက်ကွာ'

မြင်း(၁၀)ကောင်နှင့် သူပုန်တွေရောက်ရှိလာ၏၊ သူပုန်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါင်းဆောင်သူက မန်စိုးဖြစ်နေသဖြင့် ရက္ခမင်းခေါင်တို့အား လုံးထိုင်နေရာမှထပြီး ဆီးကြိုရလေသည်။

သူပုန်ဗိုလ် မန်စိုးသည် ဒီနယ်တစ်ဝိုက်တွင် ကြောက်စရာ အကောင်းဆုံး လူတစ်ယောက်ပင်ဖြစ်သည်။

'ဗိုလ်ကြီးမန်စိုးကိုယ်တိုင်လာတာကိုး၊ လာပါ·· မသိလို့ ထွက်ပြီးမကြိုမိတာ ခွင့်လွှတ်ပါ··'

ဗိုလ်မန်စိုးကို နေရာပါပေးလိုက်ပြီးနောက်··

'ဘာကိစ္စများရှိလို့ ကိုယ်တိုင်ဆင်းလာတာလဲ'

'မင်းအစ်ကို နဂါးမင်းခေါင်နဲ့လုပ်ထားတဲ့ကိစ္စအတွက် ဆက်ပြီးဆွေးနွေးဖို့လာခဲ့တာ'

'နဂါးမင်းခေါင်က ဗိုလ်ကြီးနဲ့ဘာတွေလုပ်ခဲ့တာလဲ'

'သူကြီး··'

'ဗျာ··ပြောပါ ··ဗိုလ်ကြီး'

'ခင်ဗျား မပြောပြထားဘူးလား'

'လူလေးက ခုမှရောက်တာမို့ မပြောပြရသေးပါဘူး'

'ခင်ဗျားမပြောရသေးဘူးဆိုရင် ကျုပ်ပြောလိုက်တော့ မယ်·· မင်းအစ်ကို ငါ့ဆီက လက်နက်တွေနဲ့ အပေးအယူ လုပ် ထားတဲ့ကိစ္စ၊ မင်းတို့ရွာခုနစ်ရွာက မိန်းကလေးတွေကို တစ်ဖက်ကို ပို့ဖို့ပဲ'

'ဩော်···ဒီကိစ္စလား··ကျွန်တော်စီစဉ်ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'စီစဉ်ပေးဆို··ခုရက်ပိုင်းအတွင်း နယ်စပ်ကနေထုတ်ချင်တယ်၊ ဟိုမှာ ငါ့ဘက်က စကားကျုံထားပြီးပြီကွ'

'ဗိုလ်ကြီးမန်စိုး·· ကျွန်တော့်ကို (၃)ရက်တော့အချိန်ပေးပါ'

'ကောင်းပြီ·· နောက်(၃)ရက်ကြာရင် ငါတို့တောစပ်ကနေ စောင့်နေမယ်၊ သွားကြမယ်ဟေ့'

သူပုန်ဗိုလ် မန်စိုးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာသွားကြတော့သည်။

'ဂန်ချောင်း··'

'ဗျာ··ဆရာ··'

'မင်းတို့အဖွဲ့ (၃)ဖွဲ့ခွဲပြီး ရွာခုနစ်ရွာမှာရှိတဲ့ချောပွေ့ဆိုတဲ့ဟာတွေကို ဖမ်းပြီးခေါ်ခဲ့ကြတော့'

'ကောင်းပါပြီဆရာ··'

'လူလေး··'

'အဘ··ထပ်ပြီးဘာမှဆင်ခြေတက်မနေနဲ့တော့၊ အစိုးရတပ်နဲ့တွေ့တာနောက်၊ ခုလောလောဆယ် ခေါင်းမပြတ်ဖို့ကိစ္စကို အရင်ရှင်းရမယ်၊ ဂင်ဂျာ··မင်းဘက်ကရော ဘယ်လိုလဲ'

'ငါ့ နယ်စပ်စခန်းက အေးအေးဆေးဆေးပါ၊ ဘာ··ဘာဖြစ်လို့လဲ'

'အခြေအနေမကောင်းရင် မင်းတို့ ဘင်္ဂလားဒေ့ရှ်နယ်စပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေသင့်ရင်ရွှေ့ရမှာပဲ၊ ခုတော့မဟုတ်ဘူး၊ ဟိုကောင်နဲ့ကောင်မကို သတ်ပြီးမှ..ပြီးတော့ ရွာခုနစ်ရွာကို မီးပါရှို့ခဲ့မယ်'

✣ ✷ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'ရက္ခမင်းခေါင်ဟာ ညီအစ်ကို(၃)ယောက်ထဲမှာ အရက်စက်ဆုံး၊ အယုတ်မာဆုံးပဲမောင်·· ယဉ်ကျေးမှု၊ ဘာသာတရားကင်းမဲ့ပြီး ရိုင်းစိုင်းတဲ့လူတစ်ယောက်လိုပဲ'

ဘော်ဒူးဝါးဆီက ပြန်ပြီးကြားရသည့် 'သတင်းကြောင့်မီးတောက်ဒိုးတို့ ရွာသူလေးများအတွက် စိုးရိမ်သွားသည်။

'ဒူးဝါး··သူပို့မယ့်တောစပ်နဲ့ ကျုပ်တို့နေရာနဲ့အရမ်းဝေးသလား'

'ဝေးတယ်··ဒိုး·· ညဘက်သွားရင်မနက်လောက်မှရောက်



www.burmeseclassic.com

www.burmeseclassic.com



မယ်..'

'သူတို့ပို့မယ့်ရက်က မနက်ဖြန်ဆိုတော့ ကျုပ်တို့ ခုချိန်ထဲက သွားမှ မီနိုင်မှာပေါ့'

'ဟုတ်တယ်..'

'ခေါင်...'

'ဘာများလဲ ထိပ်ထား'

'ဒီတစ်ပွဲကို ထိပ်ထားတို့ပါ လိုက်ချင်တယ်'

'ဟုတ်တယ်ဒိုး... ကျွန်မတို့လည်း သေနတ်ပစ်တတ်နေပြီပဲ'

မီးတောက်ဒိုး..အားလုံးမျက်နှာကို ကြည့်တော့ အတူတူလက်တွဲပြီး ရွာမှ မိန်းကလေးတွေကို ကယ်ချင်သည့်ဆန္ဒရှိနေသဖြင့်....

'သိပ်ပြီးလိုက်ချင်နေမှတော့ အတူတူသွားကြတာပေါ့'

'ဒါဆို ပြင်ဆင်စရာတွေကို ပြင်ဆင်ပြီး တစ်ခါတည်းသွားမယ်၊ ကိုယ့်ဘက်က ကြိုပြီးရောက်နေတော့ ကောင်းတာပေါ့'

'သွားကြမယ်..ပြင်ကြတော့'

လက်နက်ကိုယ်စီလွယ်ပြီး ဂူကြီးထဲမှ ထွက်ခဲ့ကြတော့သည်။

အပြင်သို့ရောက်ပြီး သိပ်မကြာ၊ ကောင်းကင်ကြီးတစ်ခုလုံး အုံ့နေသဖြင့်...

'ရာသီဥတုအခြေအနေကတော့ သိပ်မကောင်းဘူးဒိုး၊



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာရင် သွားလာရတာ အရမ်းကိုခက်ခဲမယ်'

'ဘယ်လိုလုပ်မလဲ'

'ကျုပ်တို့ဝါးဖောင်တစ်ခုကို အားချင်းလုပ်နိုင်ရင်တော့ အဆင်ပြေမယ်'

'ဒါဆိုလည်း လုပ်ကြတာပေါ့'

ဝါးခုတ်သည့်သူက ခုတ်သလို၊ ကြိုးကျစ်သည့်သူက ကျစ်ပြီး ဝါးဖောင်တစ်ခုကို ညနေမစောင်းခင် လုပ်နေဆဲမှာပင် မိုးကရွာချတော့သည်။

မိုးရေထဲမှာ (၇)ယောက်လုံးမမောနိုင်၊ မပန်းနိုင်ဘဲ ဖောင်ကြီးကို ပြီးစီးအောင်လုပ်ကိုင်ကြရတော့သည်။ ဘော်ဒူးဝါးက အင်ဖက်ကြီးတွေကိုပါ ယူလာပြီး ဝါးဖောင်လေးပေါ်တွင်တဲအသွင်ပါ လုပ်ပြန်သည်။

'အားလုံးပြီးပြီဟေ့၊ ဖောင်ကိုရေထဲတွန်းချမယ်'

အားလုံးတက်ညီလက်ညီ ဖောင်ကြီးကို ရေထဲတွန်းချပြီး ချောင်းရေစီးအတိုင်းမျှောလာခဲ့သည်။ မိုးက ကောင်းသထက်ကောင်းစွာရွာသွန်းနေလေသည်။ မိန်းကလေး(၃)ယောက်ကို တဲလေးထဲမှာ နေစေပြီး ယောက်ျားလေး (၄)ယောက်ကတော့ အပြင်တွင်ဖောင်ကြီးကို ဝါးလုံးဖြင့်ထိန်းကျောင်းရင်းလိုက်ပါလာကြသည်။

'ကောင်းလိုက်တဲ့မိုး..ကွာ..'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ဖောင်နဲ့ သွားရလို့ တောထဲကသွားရင်တော့ ဘယ်လိုမှ ဒီမိုးနဲ့မဖြစ်ဘူး၊ အဆိုးဆုံးကတော့ မိုးသံကြားတာနဲ့ မြွေတွေရော၊ သွေးစုပ်မျှော့ကြီးတွေကြောင့် ဘယ်လိုမှ သွားလို့ရမှာတောင် မဟုတ်ဘူး'

'ခုရေကြောင်းလမ်းကရော အချိန်မီပါ့မလား'

'ပိုပြီးမီမယ် ဒိုး..ဘာဖြစ်လို့လဲဆိုတော့ ခုရေစီးနဲ့ဆိုရင် မိုးမလင်းခင်တောင် ရောက်သွားမှာ.. လမ်းမှာတော့ သတိထားရမှာက ဟို သူပုန်ကောင်တွေရဲ့စက်လှေတွေပဲ..'

'ဟင်..ထိပ်ထား..ဘာလို့ထွက်လာတာလဲ'

'မောင်တို့နဲ့အတူ မိုးရေထဲမှာ အတူတူနေမလို့'

'မဟုတ်တာ ထိပ်ထားရယ်၊ တဲထဲပြန်ပြီးဝင်ပါ၊ မောင်တို့က ဒီမိုးလောက်ကတော့ ဘာမှမဖြစ်ဘူး၊ ထိပ်ထားဖျားနေလိမ့်မယ်'

'ဟုတ်တယ် ထိပ်ထား..သွားပြီးတဲထဲမှာနေ'

ထိပ်ထားကို မီးတောက်ဒိုး လက်မောင်းလေးဆုပ်ကိုင်ပြီး တဲလေးထဲကိုခေါ်လာခဲ့ရသည်။

'ဘယ်လိုလဲ ချမ်းနေပြီလား ခင်ဦးငယ်'

'ချမ်းတော့ချမ်းတယ်၊ ဒီလောက်ကြီးမဟုတ်ဘူး၊ သူများတွေလို နွေးထွေးစရာမှမရှိတာ'

'ခင်ဦး..ငါ့စကားမှ နင်ကနားမထောင်ဘဲ၊ ဘယ်လိုလုပ်ပြီး နွေးထွေးစရာရှိမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ထိပ်ထားကဘာပြောလို့လဲ ခင်ဦးငယ်'

'ဘာမှမဟုတ်ဘူး၊ အလကားပြောနေတာ'

'ကောင်မ..ခုမှ ရှက်မနေနဲ့၊ ငါတို့က သေတူ ရှင်မကွာ သွားနေကြရတဲ့သူတွေလေ၊ ဒီလိုမောင်ရဲ့၊ ထိပ်ထားက စောထူးသာ ကို ကြိုက်လိုက်ပါလားလို့ပြောတာလေ'

'ထိပ်ထား..နင်...နင်နော်..'

'ဟားဟားဟား...ထိပ်ထားရယ်..ခင်ဦးငယ် ရှက်နေပါဦး မယ်၊ သူတို့ချင်းနောက်တော့ ပြေလည်သွားမှာပေါ့၊ ဟုတ်ဘယ်မဟုတ်လား'

'ဟုတ်..အဲ..မဟုတ်ဘူး၊ ကိုဒိုးကြီးနော်'

မီးတောက်ဒိုး..ခပ်အုပ်လုပ်လေးရယ်မောပြီး ဘော်ဒူးဝါး ကို့နေရာကို ပြန်လာခဲ့သည်။

'ဒိုး..ဘာတွေပြောနေတာလဲ.. စောထူးသာလည်းပါတယ်'

'ဘာလဲ ခင်ဗျားနာမည်ပါတာနဲ့ စိတ်ဝင်စားသွားပြီလား'

'ဘာတွေပြောသလဲဆိုတာ သိချင်တာပါ၊ မိုးသံနဲ့ဆိုတော့ သိပ်ပြီး သဲသဲကွဲကွဲမကြားရဘူး'

'သိပ်သိချင်ရင် ပြောပြတာပေါ့၊ ခင်ဗျားနဲ့ ခင်ဦးငယ်ကို ထိပ်ထားက ကြိုက်ခိုင်းနေတာ'

'ဟာ..မလုပ်ပါနဲ့ဗျာ..'

'ဘာဖြစ်လို့လဲ..စောထူးသာ၊ ခင်ဗျားကမကြိုက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ကြိုက်တာမှ တစ်ပိုင်းတောင်သေနေပြီ'

'ဒါနဲ့များဗျာ..'

'ဟားဟားဟား...'

ဆူးခင်းသည့်ခရီးကို သွားနေကြရပေမယ့် အားလုံးစိတ်ထဲမှာ ရွှင်လန်းတက်ကြွခြင်းတွေ အပြည့်နှင့်ပင်..

'ဒူးဝါး..'

'ဘာလဲ ဒိုး..'

'ကျုပ်နားထဲမှာ စက်သံကြားနေရသလိုပဲ'

'အင်း..နေဦး..'

ဘော်ဒူးဝါး..ရေပြင်နှင့်ကပ်ပြီးနားထောင်လိုက်သည်။

'ဟုတ်တယ်..စက်လှေတစ်စီးလာနေတယ်..'

'ဒါဆို ဖောင်ကိုကမ်းမှာကပ်ပြီးအစဖျောက်မှဖြစ်မယ်'

'ဟုတ်တယ်ဒိုး..'

ဖောင်ကို ကမ်းဆီသို့ကပ်ပြီး ဖောင်ကိုပါ ချုံတွေကြားမှာ ဖျောက်ထားလိုက်ရသည်။

'ဘုတ်..ဘုတ်..ဘုတ်..'

သူပုန်အဖွဲ့တွေလိုက်ပါလာသည့် စက်လှေ(၂)စီး ခုတ်မောင်းသွားပြီး မီးတောက်ဒိုးတို့နေရာကို ကျော်ပြီးမှ တစ်စီးပြန်ကွေ့လာသည်။

'ကူ..သေနတ်ကိုပြင်ထား၊ ကျုပ်တို့ဘက်ကိုလာနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



စက်လှေပေါ်မှာ သူပုန်(၃)ယောက်ပါလာသည်။

'ဟိုမှာ··ဖောင်ကြီးကွ··'

'ဟုတ်တယ်··ဘယ်ကကောင်တွေ ဝင်လာလဲမသိဘူး၊ ရှာကြစမ်းကွာ··'

ဖောင်ကြီးကို သေချာစွာကြည့်ပြီး ကမ်းပေါ်သို့တက်လာသော (၃)ယောက်ကို ပုန်းလျှိုးနေသည့်နေရာအရောက်တွင်···

'ဟေ့··'

'မင်း··'

'ခွပ်··ဖြောင်း···အင့်··ဒုတ်··အီး··'

(၄)ယောက်သား ဖြိုင်ဖြိုင်ဆိုင်ဆိုင်ပင် တိုက်ခိုက်လိုက်သောကြောင့် (၃)ယောက်လုံးအော်ချိန်ပင်မရလိုက်ပေ။

'ဖောင်နဲ့သွားရတာ မကောင်းလို့ စက်လှေနဲ့သွားဖို့လာပြီးပေးတာပဲ'

'ဘုတ်··ဘုတ်··ဘုတ်··'

'ဟင်···'

နောက်စက်လှေတစ်စီးပါ လိုက်လာသောကြောင့် ပြန်ပြီးနေရာယူလိုက်သည်။ ဒီတစ်ခါ စက်လှေပေါ်မှာ သူပုန်က (၅)ယောက်··

'ခွေးမသားတွေ ကမ်းပေါ်တက်ပြီး ဘာလုပ်နေလို့ကြာနေတာလဲ၊ သူ့ပထွေးက ပစ္စည်းပို့တာနောက်ကျလို့ အသတ်ခံရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်·· ငှက်ဆိုး၊ နက်ကျော်၊ စံကောင်း'

စက်လှေပေါ်မှ တစ်ကောင်အရင်ဆုံးဆင်းလာပြီး ကမ်းပေါ်သို့တက်လာတာကြောင့် ခင်ဦးငယ် ခပ်တည်တည်ထွက်ပြီး

'ဘယ်သူ့ကိုရှာတာလဲ'

'ဟာ··မင်း··မင်း··'

တောထဲမှာ မိန်းကလေးတစ်ယောက်ကိုမြင်လိုက်သည်နှင့် ငနဲသား အံ့အားသင့်ပြီး စားတော့ဝါးတော့မည့်မျက်လုံးနှင့်ကြည့်ကာ···

'ခွေးမသားတွေ ဒါကြောင့်ကြာနေတာကိုး၊ ဟင်းဟင်းဟဲ··မင်းလေးက လှတော့လှတ်ပါတယ်နော်··'

'လှူဟုတ်မဟုတ် လာပြီးကိုင်ကြည့်ပါလား'

'အင်း··အင်း··ကိုင်ကြည့်မယ်·· ကိုင်ကြည့်မယ်'

ခင်ဦးငယ်နားသို့ကပ်သည်နှင့်···

'ဒုတ်··အင့်··'

စောထူးသာ သေနတ်ဒင်ဖြင့် နောက်စေ့ကို ရိုက်ချလိုက်တော့သည်။ တစ်ယောက်ကတော့ ပွဲဦးထွက် မှောက်သွားခဲ့ပြီ··

'ခွေးမသားတွေ ဘာလို့ကြာနေတာလဲ၊ ထပ်ပြီးလိုက်သွားစမ်း·· (၂)ယောက်သွား··'

စက်လှေပေါ်မှ နောက်ထပ်(၂)ယောက် ကမ်းပေါ်သို့ထပ်ပြီးတက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူ့ကိုရှာနေတာလဲဟင်..'

'ဟာ...'

'ဟီး..'

အမာနှင့် ခင်ဦးငယ်ကိုတွေ့ပြီး သူပုန်(၂)ယောက် မျက်လုံးတွေကို ပွတ်သပ်ကာကြည့်နေသည်။

'ဘာလဲ..ဥစ္စာစောင့်တွေမှတ်လို့လား၊ လူတွေပါ၊ ကျွန်မတို့အဖွဲ့ကပြေးလာရင်း ဒီနေရာကိုရောက်နေတာပါ၊ ရှင့်လူတွေကဟိုမှာ ကျွန်မတို့အဖော်တွေနဲ့ပျော်နေကြတာ'

'ခွေးကောင်တွေ ဒါကြောင့် အော်မကြား၊ ခေါ်မကြားဖြစ်နေတာကိုး..မင်းတို့(၂)ယောက်က အဖော်မရှိဘူးလား'

'မရှိလို့ပေါ့..'

'အဟိ...စားရက်ကြုံတော့ မှတ်ဆိတ်ပျားစွဲတာပဲ'

'တို့နောက်ကျလို့ ဗိုလ်ကြီးက ပြဿနာလုပ်နေဦးမယ်'

'လုပ်လုပ်ကွာ.. ဒီလိုအခွင့်အရေးကတော့ လက်မလွှတ်နိုင်ဘူး..'

အမာတို့အနားသို့ ကပ်ပြီးဖက်မယ်အပြု...

'ဒုတ်..ဒုတ်..အီး..အင့်..'

တဏှာရူမှုက်သား(၂)ကောင် နောက်ကွယ်က အန္တရာယ်ကို မမြင်တော့ဘဲ ကူနှင့် ဘော်ဒူးဝါးတို့ သေနတ်ဒင်စာကို မိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်လှေပေါ်တွင် (၂)ယောက်သာကျန်ခဲ့ပြီး စိတ်မရှည်တော့ဘဲ ကမ်းပေါ်သို့ တက်လိုက်သည်နှင့်…

'ဟော့ကောင် (၂)ကောင် ရပ်နေနော်..'

'ဟင်..မင်းတို့..'

'ငါတို့ ဘယ်သူဘယ်ဝါဆိုတာကို မင်းတို့သိဖို့မလိုဘူး၊ မင်းလက်ထဲက သေနတ်တွေကိုချပြီး ဒူးထောက်လိုက်'

'ဘုတ်…ဘုတ်..'

သူပုန်(၂)ယောက် သေနတ်ကိုယ်စီချပြီး ဒူးထောက်သည်နှင့် မီးတောက်ဒိုးနှင့် ကူဂျာ သေနတ်ဒင်နှင့်ရိုက်ချလိုက်တော့သည်။

'ဒီကောင်တွေကို ဒီအတိုင်းထားခဲ့မယ် ဒိုး..'

'ထားခဲ့လိုက်ပါ၊ သတိရလာတော့လည်း ပြန်ကြပေါ့၊ စက်လှေနဲ့ဖောင်ကိုတော့ ရေစီးအတိုင်းမျောလိုက်တော့၊ သွားကြမယ်…'

သူများစက်လှေတစ်စီးပေါ်သို့ တက်ခဲ့ပြီး ခရီးဆက်ခဲ့ကြတော့သည်။

'ကျေးဇူးတင်ဖို့တော့ကောင်းတယ်'

'ဘာလို့လဲ ကူ..'

'ကျုပ်တို့ကို စက်လှေလေးလာပြီးပို့ပေးလို့လေ၊ ခုမှ သွားရတာ ဇိမ်ကျတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား..ဒိုးဘေးတွင် ပူးကပ်စွာထိုင်သလို အမာနှင့်ကူ..ဘောထူးသာနှင့်ခင်ဦးငယ်၊ ဘော်ဒူးဝါးကတော့ တက်ကိုင်ရင်းရေးဆက်ခဲ့ကြတော့၏။

✣ ✷ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



တောစပ်ဆီသို့ မနက်အလင်းရောင်ဖျော့ဖျော့အောက်တွင် ရောက်ခဲ့ကြပြီး လုံခြုံသည့်နေရာတစ်ခုတွင် စောင့်ကာနေလိုက်သည်။

'ဒီနေရာ သေချာတယ်နော် ဒူးဝါး..'

'သေချာတယ် ဒိုး.. ဒီနေရာက နယ်စပ်ကိုထွက်ရင် အနီးဆုံးနေရာဖြစ်သလို အန္တရာယ်ကင်းတယ်၊ ကျုပ်တို့ဆင်ထားတဲ့ မိုင်းတွေက တော်ကြာ ရွာက မိန်းကလေးတွေကိုထိခိုက်မှာစိုးရ တယ်'

'မထိခိုက်လောက်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီအောင် တွေကို အပေါ်ရှိသဘောနဲ့ ခြိမ်းခြောက်သလောက်ပဲ ဆောင်ထား တာ၊ သူတို့စိတ်ထဲမှာ စစ်တပ်ကပစ်တယ်လို့ယူဆပြီးပြေးဖို့လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာပါ'

'ခုပွဲမှာ ရက္ခမင်းခေါင်ကို ရှင်းနိုင်ရင် ခုနစ်ပြည်ထောင် အတွက် တစ်ယောက်ပဲ ကျန်တော့မှာ'

'မဟာစည်သူမင်းခေါင်လား'

'သိပ်ဟုတ်တာပေါ့၊ ဒီလူကြီးပါ မရှိတော့ဘူးဆိုရင် ခုနစ် ပြည်ထောင်ရွာတွေအတွက် ငြိမ်းချမ်းရေးရသွားပါပြီ'

'မြင်းခွာသံတွေကြားတယ်'

'ဟုတ်တယ်..အရှေ့ဘက်ကဆိုတော့ သူပုန်အုပ်စု လာ နေတာပဲဖြစ်မယ်'

သူပုန်ခေါင်းဆောင် မန်စိုး မပါပေမယ့် သူ့လက်ထောက် ခေါင်းဆောင် နာဂလိုက်ပါလာသည်။ စုစုပေါင်း(၁၀)ယောက်..

'ဟော..ဟိုမှာ လာနေကြပြီ'

ရွာမှ မိန်းကလေးတွေကို မြင်း(၅)ကောင်နှင့်ခြံရံခေါ်ဆောင် လာသည်ကို တွေ့လိုက်ရပြီး ရက္ခမင်းခေါင်တော့မပါဘဲ ဂင်ဂျာ ဦးဆောင်ပြီး ခေါ်လာခြင်းပင်..

'အားလုံး (၁၀)ယောက်ပဲ..ရတယ်..'

'ဒီလောက်ဆိုအဆင်ပြေတယ်၊ ဘာထပ်ပြီးမှာလိုက်သေးလဲ'

'ဖောက်ခွဲရေးမိုင်းတွေ လိုချင်တယ်'

'ရစေရမယ်၊ မင်းတို့ဘက်က ထပ်ပြီးရှာထားဦး'

'ဘာမှမပူနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်တွေ ခေါ်သွားကြတော့'

'လွှတ်...မလိုက်ဘူး..'

'လူယုတ်မာတွေ..'

'ကောင်မတွေ ပါးစပ်ပိတ်စမ်း၊ မပိတ်ရင် ဆင်းပြီး ပိတ်လိုက်မှာ..'

'သတ်လိုက်..ရှင်တို့ခေါ်တဲ့နောက်ကိုမလိုက်ဘူး'

'ဒီမသာမ...'

နာဂ မြင်းပေါ်မှဆင်းပြီးမိန်းကလေးကို လက်ပြန်ရိုက်ချလိုက်သည်။

'မှတ်ထား..နောက်ဟာမတွေထပ်ပြီး အတွန့်တက်ကြည့်'

နာဂ မြင်းပေါ်သို့ ပြန်ပြီးတက်ချိန်တွင်...

'ဒူးဝါး..မိုင်းခလုတ်ကိုနှိပ်ချလိုက်တော့..'

'အင်း...'

'ဝုန်း...'

'ဟင်...ဟာ...'

'ဒါ..စစ်..စစ်တပ်..'

ပေါက်ကွဲသံတွေက တစ်ခုပြီးတစ်ခု ပေါက်ကွဲသွားပြီး မီးတောက်ဒိုးတို့အပေါ်ဆီးမှ ပစ်ခတ်သံတွေပါ လိုက်လာသော ကြောင့် တပ်မတော်စစ်ကြောင်းနှင့်တိုးပြီမှတ်ကာ ရုတ်တရက်သဲသဲ ဖြစ်သွားသည်။ ရွာက မိန်းကလေးတွေလည်း ပြေးလွှားကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမသာမ···မပြေးနဲ့··'

ဂင်ဂျာ··မိန်းကလေးတစ်ဦးကို ဓားစာခံလုပ်ရင်းဆွဲထားလိုက်သည်။

'ဒိုင်း··ဒိုင်း··'

သူပုန်ခေါင်းဆောင်နာဂ··သူ့လူ(၅)ယောက် အထိနာသွားပြီးနောက်ကြောင်းလှည့်ပြီး ပြေးတော့သည်။ ရက္ခမင်းခေါင် လွှတ်လိုက်သော ကောင်တွေလည်း ခြေဦးတည့်ရာပြေးကုန်တော့သည်။

'ဒီမှာတွေ့လား··ကျုပ်ကိုပစ်ရင် သူ့ကိုသတ်မှာပဲ'

'ဂင်ဂျာ···'

'ဟင်··မင်း··မီးတောက်ဒိုး··'

'မင်းမှတ်မိရင် မဆိုးဘူး၊ မင်းမိန်းကလေးကိုလွှတ်လိုက်ပါ··'

'မလွှတ်နိုင်ဘူး···မင်းတို့ရှေ့မတိုးနဲ့နော်··'

'မင်းဘာဖြစ်ချင်လဲပြော··'

'ငါ့ကို မြင်းတစ်ကောင်နဲ့ပြန်ပြီးလွှတ်ပေး··'

'ကောင်းပြီ··ရစေရမယ်··ကူရေ·· မြင်းရှာပေးလိုက်ပါ'

'ရစေရမယ်··'

ကူက မြင်းတစ်ကောင်ကို ဆွဲယူလာချိန်တွင်···

'မသာကြီး··သေစမ်း··'

'အား··'

ဂင်ဂျာ ဓားစားခံလုပ်ထားသော မိန်းကလေး ဂင်ဂျာအလစ်

www.burmeseclassic.com

www.burmeseclassic.com



တွင် လက်ကိုကိုက်ပြီး ရှန်းထွက်လိုက်သည်။

'မသာမ..'

'ဒိုင်း...အား..'

မိန်းကလေးကို ခားမြှောင်နှင့်ပစ်မယ်အပြု မီးတောက်ဒိုး ကျည်ဆန်က ရင်ဝဆီသို့ရောက်ရှိသွားပြီဖြစ်သည်။ ပွဲစဉ်က နာရီ ဝက်လောက်နှင့် ပြီးပြတ်သွားတော့သည်။

'ကူရေ..'မိန်းကလေးတွေကို ရွာစပ်နားထိပြန်ပို့ပေးလိုက် တော့..ဟိုကောင်တွေ ပြန်မလာခင်သွားကြမယ်'

'ကောင်းပြီ.ဒိုး..ဟော့...သွားကြမယ်..'

မိန်းကလေးတွေက ထိပ်ထားနှင့် မီးတောက်ဒိုးတို့ကို ကျေး ဇူးတင်စကားတွေပြောပြီး ပြန်သွားကြတော့သည်။

'မောင်...'

'ဘာလဲဟင်..'

'တကယ့်မွန်မြတ်တဲ့ ကိစ္စလေးပဲနော်..'

'ဟုတ်တယ်ထိပ်ထား.. မသမာတဲ့ကောင်တွေလက်ထဲက ကယ်တင်နိုင်လိုက်ခြင်းဟာ မိန်းကလေးတွေအတွက်ရော ကိုယ့် တိုင်းပြည်အတွက်ပါ ကောင်းမွန်တဲ့တာဝန်တစ်ခုကို လုပ်လိုက် တာပဲ'

'ဟို...မျိုးမစစ်ကောင်..ခုတော့အသေဆိုးနဲ့သေပြီ..'

'မောင် မသတ်ချင်ပါဘူး၊ မလွဲသာလို့သတ်လိုက်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို မျိုးမစစ်တဲ့လူယုတ်မာမျိုး လူ့ပြည်မှာမရှိတာ အကောင်းဆုံးပါပဲ'

မြင်းတစ်ကောင်ပေါ်တွင် နှစ်ယောက်အတူတူစီးပြီး ပြန်ခဲ့ကြသော ခရီးမှာတော့ ကျေနပ်ဆုံးပီတိလေးတွေက လွှမ်းမိုးလျက်..

'မောင်လည်း မောင့်ဘဝအကြောင်းကို ပြောပြမယ်ဆိုပြီး ခုထိမပြောပြသေးဘူးနော်'

'ထိပ်ထားရယ်.....ပြောပြပါမယ်၊ ခုရက်တွေက ပြေးလွှားလှုပ်ရှားနေရတာတွေကများနေတော့ ချစ်သူနှစ်ယောက် စကားအေးအေးဆေးဆေးမပြောရဘူး၊ ခုသွားရင်းနဲ့ပြောပြမယ်'

တောင်တန်းကြီးတွေကို ငေးကြည့်ရင်း မြင်းပေါ်တွင် ချစ်သူနှစ်ယောက် ခဏတာ အချိန်ကလေးမှာအရာအားလုံးကို မေ့လျက်..မီးတောက်ဒိုးဆိုသည့်လူတစ်ယောက်၏ဘဝကိုပြောပြလိုက်တော့သည်။

'မောင့်မိဘတွေက ရှမ်းပြည်နယ်တောင်ပိုင်းသူ တောင်ပိုင်းသားတွေ'

'ဒါဆို မောင်က ရှမ်းလူမျိုးပေါ့'

'ဟုတ်တယ်ထိပ်ထား.. တောင်ယာလုပ်ကိုင်ရင်း အသက်မွေးဝမ်းကြောင်းပြုခဲ့ကြတယ်..မောင့်ကိုမွေးပြီး (၂)နှစ်သားအရွယ်မှာ ရွာကို သူပုန်တွေ ဆက်ကြေးတောင်းရင်း အမေ့ကိုအဓမ္မကြံစည်လို့ အဖေက ဝင်ကာယ်ရင်း လင်မယားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံးအသတ်ခံခဲ့ရတယ်'

'ဖြစ်မှဖြစ်ရလေမောင်ရယ်..'

'ဒီအကြောင်းတွေကို မောင်နောက်မှသိရတာပါ.. မိဘမဲ့သွားတဲ့မောင့်ကို ဦးလေးဖြစ်သူက မွေးစားပြီး ရွာလေးကနေ အပြီးထွက်ခဲ့တယ်၊ ဒီလိုနဲ့ မန္တလေးကိုရောက်ပြီး သူငယ်ချင်းတစ်ယောက်အိမ်မှာ ကပ်နေပြီး ကြံ့ရာအရောင်းအဝယ်လုပ်ရင်းက တစ်နေ့ မောင့်ဦးလေးဟာ ကားတိုက်ခံခဲ့ရတယ်'

'ဟင်..မောင့်ဘဝကလည်း ဆိုးလိုက်တာ'

'ကံဆိုးခြင်း ကံကောင်းခြင်းနဲ့အတူ ပြောရမလားပဲ၊ ထိပ်ထား.. ဦးလေးကို ကားနဲ့တိုက်မိသွားတဲ့ ကားပိုင်ရှင် သူဌေးဦးကျော်ဖံ၊ ဒေါ်ခင်ထားနွယ်တို့က မောင့်ကိုဆက်ပြီးမွေးစားရင်း မောင့်ဘဝ အဆိုးထဲက အကောင်းဘက်ကိုရောက်ခဲ့တယ်'

'ဒီတုန်းကမောင့်အသက်က ဘယ်လောက်ရှိသွားပြီလဲ'

'(၅)နှစ်သားလေ'

'ဒါနဲ့မောင့်ဦးလေး ကားတိုက်တာ သေခဲ့လား'

'မသေခဲ့ပါဘူး၊ ခြေထောက်(၂)ဖက်လုံးကျိုးပြီး ဒုက္ခိတဘဝကို ရောက်သွားခဲ့တယ်၊ ဒါကိုလည်း ဦးကျော်ဖံတို့ဇနီးမောင်နှံက တာဝန်ယူပြီး စောင့်ရှောက်ခဲ့ကြပါတယ်၊ စိတ်ထားကောင်းတဲ့မိသားစုထဲကိုမောင်ရောက်ခဲ့ရတာပါ၊ သူတို့မှာ မင်းလေးကျော်ဖံဆိုတဲ့ သားတစ်ယောက်ရှိတယ်၊ မောင်နဲ့ရွယ်တူပဲ မောင့်ကို ညီ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်လို အရှမ်းသံယောဇဉ်ရှိခဲ့တာ..'

မီးတော်က်ဒိုးစကားကို ခဏရပ်ပြီး စမ်းချောင်းတစ်ခုကို ဖြတ်ပြီးကျော်ခဲ့လိုက်တော့သည်။

'ဒိုးရေ..'

'ဘာလဲ ဒူးဝါး..'

'ရှေ့ကတဲမှာ ခဏနားကြမယ်ဟေ့၊ အဲဒီမှာ ရိက္ခာလေး ဘာလေး စုကြရအောင်'

✣ ✱ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

မွေးစားဖခင် ဦးကျော်ဓံသည် တောပစ်ဝါသနာပါသူဖြစ်သဖြင့် ဆန္ဒမှူးနှင့်မင်းလှကျော်ဓံတို့ ကျောင်းပိတ်ရက်တိုင်း ခေါ်သွား တတ်ရင်း သေနတ်နှင့်နှစ်ယောက်လုံး ရင်းနှီးခဲ့ကြသည်။

'ဖောက်..'

'ခွမ်း..'

'ငါ့သားက လက်ဖြောင့်တဲ့ကောင်ပဲ၊ သားကြီးမင်းကတော့ ကပ်လွဲတာနဲ့ပဲ၊ မင်းညီကို မမှီသေးဘူး'

ဦးကျော်ဓံ..ဆန္ဒမှူး ပုခုံးလေးကိုဖက်ပြီးပြောလိုက်သည်။

'ညီလေးက ပါရမီပါလာသလားပဲ၊ သိပ်တော်တာ..'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုလည်း လက်ဖြောင့်ပါတယ်'

'ငါ့ညီကို မမီပါဘူးကွာ'

ညီအစ်ကိုသဖွယ် သံယောဇဉ်ကြီးခဲ့သည့် နှစ်ယောက် လေသေနတ်လေးတွေကို ပခုံးပေါ်တင်ပြီး နားခိုသည့်တဲဆီသို့ ပြန်လာခဲ့ကြသည်။

'သားတို့ ဒီနှစ် (၁၀)တန်းနော်··အရေးကြီးတယ်··'

'အောင်စေရမှာပါဖေဖေ··'

'ဖေဖေ တစ်ယောက်တည်းအောင်တာကို မလိုချင်ဘူး၊ ညီအစ်ကို(၂)ယောက်လုံးအောင်တာပဲလိုချင်တယ်'

'စိတ်ချပါ ဖေဖေ'

'သားကြီးရော·· သားငယ်ရော·တက္ကသိုလ်ကျောင်းသားကြီးတွေဖြစ်ပြီဆိုရင် သေနတ်ပစ်ပြိုင်ပွဲကို ဝင်ကြရမယ်၊ ခုဆို အာရှသေနတ်ပစ်ပြိုင်ပွဲတွေက အရမ်းကို ခေတ်စားလာပြီဆို တော့ ခုထဲက ကြိုးစားထားကြ··ဟေ့··'

'ကိုကျော်ဇံ·· သားနှစ်ယောက်နဲ့ဘာတွေပြောနေတာလဲ'

'ကိုစောလပိုင်ထူး··လာဗျာ··'

'မဝင်တော့ပါဘူးဗျာ၊ အပြင်သွားစရာလေးရှိလို့ ဝင်ပြီး နှုတ်ဆက်တာ၊ နောက်မှပဲ ဆုံမယ်၊ ဒီရွာသီက တောကောင်ပစ် ရတာ မကောင်းဘူး··'

'ဟုတ်တယ်ဗျို့·· ကျုပ်တော့ စိတ်ခတ်ကျပြီး ပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ နောက်လလောက်မှပဲ လာတော့မယ်'

ဦးစောလပိုင်ထူးထွက်သွားပြီး ဆန္ဒမှုုးတို့ပြန်ဖို့ ကားဆီသို့လာခဲ့ရင်း…

'ဖေဖေ..'

ဘာလဲ သားဆန္ဒမှုုး..'

'ဒီလူကြီးရုပ်က သူပုန်ကြီးကျနေတာပဲ'

'ငါ့သားခန့်မှန်းတာ မဆိုးဘူး၊ ဦးစောလပိုင်ထူးက တစ်ချိန်က ရှမ်းသူပုန်တွေလေ၊ နောက်ပိုင်းလက်နက်ချပြီး အလင်းဝင်ခဲ့တာ၊ ခုတော့ အေးအေးဆေးဆေးဖြစ်နေပါပြီ'

'ဪ…'

'ညီလေး..ဖေဖေနဲ့မေမေ့ကို သူပုန်တွေက သတ်သွားတာဆို..'

'ဦးလေးခွန်နောင်ကတော့ ဒီလိုပဲပြောတာပဲကိုကို…ဒီတုန်းက ညီလေးအသက်ငယ်ငယ်ဆိုတော့ ဘာမှမသိဘူး'

'ညီလေး ဖေဖေနဲ့မေမေကို သတ်တဲ့သူတွေကို ပြန်ပြီးကလဲ့စားမချေချင်ဘူးလား'

'ချေချင်တာပေါ့ ကိုကိုရာ၊ ကိုယ်မှ မသိဘဲ ဘယ်လိုလုပ်ပြီးချေမလဲ'

'ဦးလေးခွန်နောင်ကိုမေးကြည့်ပေါ့'

'ဦးလေးသိလည်း သူပုန်တွေက တောထဲမှာ ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီး လက်စားချေလို့ရမှာလဲ'

'သားကြီး..ညီလေးကိုဘာတွေမြှောက်ပေးနေတာလဲ'

'မြှောက်ပေးနေတာမဟုတ်ပါဘူးဖေဖေ၊ ရက်စက်လှတဲ့သူတွေကို တွေးပြီး မခံနိုင်လို့ပါ၊ ညီလေးနေရာမှာသားဆိုလည်း ဖြန့်ပြီးတော့ လက်စားချေမှာပဲ'

'ငါ့သားကြီးကတော့ တကယ့်ကောင်းပဲဟော့၊ သားငယ်မင်းကိုကိုစကားကို ကြပ်ကြပ်နားထောင်၊ မင်းလူဆိုးကြီးဖြစ်မယ်နော်.. တစ်ယောက်ကလည်း ထစ်ခနဲဆိုဆော်မယ်ဆိုတာနဲ့ တစ်ယောက်က ပါသွားတာပဲ'

ဦးကျော်ဇံက ဆန္ဒမှုနှင့်မင်းလှကျော်ဇံတို့ကျောင်းတွင် စာရားအနိုင်ကျင့်တာတွေဆိုရင် ညီအစ်ကို(၂)ယောက်လုံးက ထက်ရည်တူပါဝင်တတ်သည်ကိုပြောလိုက်ခြင်းဖြစ်သည်။

ဦးကျော်ဇံမောင်းလာသော ကားကလေးမှာ တည်းခိုသောအိမ်ကလေးဆီသို့ မောင်းဝင်လာသည်နှင့် ဦးလေးခွန်နောင် အိမ်ပြင်တွင်ထွက်ပြီးကြိုနေလေတော့သည်။

'ကိုကျော်ဇံ'

'ဘာလဲ ကိုခွန်နောင်..'

'မခင်ထားနွယ်ဆီက ဖုန်းလာတယ်.. သားနှစ်ယောက်ကိုခေါ်ပြီး ပြန်လာပါတော့တဲ့၊ သူ့သားတွေကို စိတ်မချဘူးတဲ့'

'မနက်ဆို ပြန်မှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ကလေးနှစ်ယောက်လုံး ရေချိုးတော့၊ ထမင်းစားကြမယ်'

ဦးကျော်ခံ အခန်းထဲဝင်ပြီး အဝတ်အစားလဲချိန်တွင်…

'ဦးလေးခွန်နောင်..'

'ဘာများလဲ သားမင်းလှရဲ့'

'ညီလေး..ဖေဖေနဲ့မေမေကို သတ်သွားတဲ့လူကို ဦးလေးသိလား'

'သားရယ် ဘာလုပ်မလို့လဲ'

'ဘာလုပ်ရမှာလဲ၊ ညီလေးနဲ့အတူ ပြန်ပြီးလက်စားချေ မလို့'

'မဟုတ်တာကွယ်..သူတို့ကတောထဲမှာနေကြတာ ဘယ်လိုလုပ်ပြီးလက်စားချေလို့ရမှာလဲ'

'တောထဲမှာနေရင် တောထဲလိုက်ပြီး လက်စားချေမယ် ညီလေး..ကိုကိုနဲ့လိုက်မှာလား..'

'ကိုကို သွားရင်လိုက်ပြီးသားပဲ'

'ခက်တော့တာပဲကွယ်.. ကဲကဲ…လက်စားချေတာ နောက်ထား၊ ရေသွားချိုးကြတော့၊ မင်းတို့ကြိုက်တဲ့တောဝက်သား ချက်ထားတယ်'

'အိမ်မှာဆို တောဝက်သား မစားရတာ ခုမှပဲတဝစားရမယ်ဟေ့..'

တစ်ယောက် ပခုံးကိုတစ်ယောက်ဖက်ပြီး ရေချိုးရေ



www.burmeseclassic.com

www.burmeseclassic.com



အတွက်ထွက်သွားကြသည်ကိုကြည့်ပြီး ဦးခွန်နောင် သက်ပြင်း ရှည်ကြီးချကာ ပြုံးလိုက်မိလေသည်။

'တကယ့်ညီအစ်ကို ရင်းတွေလိုပါပဲလား..'

✣ ✳ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'ဖောင်း..'

ဆန္ဒမျိုး နောက်ဆုံးပစ်မှတ်ကိုပစ်လိုက်ချိန်တွင်... ပြိုင်ပွဲကပြီးဆုံးသွားပြီဖြစ်တော့သည်။

တက္ကသိုလ်သေနတ်ပစ်ပြိုင်ပွဲ နောက်ဆုံးရွှေတံဆိပ်အတွက် စိုင်းခွန်သာနှင့်ယှဉ်ပြိုင်ရသော ပွဲပင်ဖြစ်သည်။

'ဖြောင်း..ဖြောင်း...ဖြောင်း..'

ဆန္ဒမျိုး... စိုင်းခွန်သာကို အနိုင်ယူလိုက်နိုင်ပြီဖြစ်သည်။

'ဆန္ဒ...ဂုဏ်ယူတယ်ကွာ..'



www.burmeseclassic.com

www.burmeseclassic.com



'မင်းအတွက် လက်စားပြန်ပြီးချေလိုက်နိုင်ပြီ..မင်းလှ'

'ကျေးဇူးတင်တယ်..ကဲ...ဆုယူဖို့သွားလိုက်ဦး'

ရွှေတံဆိပ်ဆု လက်ခံရန်အတွက် ဆန္ဒမှူးသွားစဉ် စိုင်းခွန်သာနှင့်လမ်းတွင်ဆုံပြီး..

'ဆန္ဒ...'

'ဘာလဲ စိုင်းခွန်သာ'

'ဒီပွဲမှာ ငါရှုံးသွားတော့ တစ်ပွဲစာပဲရှုံးတယ်လို့ မင်းမှတ်ထားပါ..နောက်တစ်ပွဲ မင်းနဲ့ပြန်ပြီးဆုံချင်သေးတယ်'

'ငါကလည်း ဆုံချင်ပါတယ်၊ ခုလက်ရှိကတော့ အောင်နိုင်ခြင်းဆုလေးကို ယူလိုက်ဦးမယ်'

ဆန္ဒ....စိုင်းခွန်သာကို ခပ်ထေ့ထေ့လေးပြောပြီးထွက်ခဲ့တော့သည်။

တက္ကသိုလ်စပြီးတက်ကတည်းက စိုင်းခွန်သာနှင့်ဆန္ဒတို့ကြားမှာ ပြဿနာမရှိ။

ဒါပေမယ့် မင်းလှကျော်စံနှင့်စိုင်းခွန်သာတို့က ပြိုင်ဘက်ဖြစ်ခဲ့သည်။

တက္ကသိုလ်တွင် အလှဆုံးသရဖူကို ပိုင်ဆိုင်ထားသော ရတီသူသူကို မင်းလှကျော်စံနှင့် စိုင်းခွန်သာတို့က ပြိုင်တူချစ်လာခဲ့ကြသည်။

စိုင်းခွန်သာ၏ ချမ်းသာမှု၊ မင်းလှကျော်စံတို့ ချမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com



တွေက တန်းတူအဆင့်လောက်မှာရှိကြသလို၊ ကျောင်း တွင်းပြိုင်ပွဲတွေမှာတော့ မင်းလှကျော်ဇံထက် စိုင်းခွန်သာက အားသာသည်။ သေနတ်ပစ်၊ လက်ဝှေ့၊ ရေကူးတို့တွင် စိုင်းခွန်သာသည် မင်းလှကျော်ဇံထက်သာခဲ့ပေမယ့် ဆန္ဒမှူးကိုတော့ တစ်ခါမှ မယှဉ်နိုင်ခဲ့ပေ။ ခုလည်း တက္ကသိုလ်သေနတ်ပစ်ပြိုင်ပွဲအတွက် မင်းလှကျော်ဇံကို စိုင်းခွန်သာအနိုင်ယူပြီး နောက်ဆုံးဖိုင်နယ်တွင် ဆန္ဒမှူးက အနိုင်ပြန်ပြီးယူလိုက်ခြင်းပင်ဖြစ်၏။

ဆုပေးပွဲအခမ်းအနားပြီးဆုံး၍ မင်းလှကျော်ဇံနှင့်ဆန္ဒမှူး အပြင်သို့ထွက်လာသည်။

'ဟော့..မှူး..'

'ဟာ..ရတီ..'

ရတီသူသူနှင့် သူငယ်ချင်း(၃)ယောက်ကို တွေ့လိုက်ရခြင်းပင်။

'မှူး...ဘာကျွေးမှာလဲ'

'ရတီတို့ စားချင်တာကျွေးရမှာပေါ့'

'ဒါဆိုလစ်မယ်'

မင်းလှကျော်ဇံအတွက်တော့ ရတီသူသူနှင့်ခုလိုတွေ့ဆုံခွင့်ရခြင်းကြောင့်ကျေနပ်နေသည်။

ရတီသူသူနှင့် ဆန္ဒမှူးက တက္ကသိုလ်စရောက်ပြီး တစ်နှစ်မှာ ရတီသူသူ ကားပျက်သည်ကို ကူညီပေးရင်း ခင်မင်ကြသူတွေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းလှကျော်ဇံနှင့်နောက်မှတွေ့ပြီးနောက် ရတီသူသူပေါ်မှာ ချစ်သွားခဲ့သူက မင်းလှကျော်ဇံပင်မဟုတ်လား။

တက္ကသိုလ်စားသောက်ဆိုင်လေးထဲကို ဝင်လာကြပြီးနောက်

'ကဲ...ဘာစားချင်လဲ မှာလေ..'

'တို့ကစတာပါ မှူးရယ်.. တမင်ဂုဏ်ပြုချင်လို့လာခဲ့တာပါ၊ မှူးစားချင်တာကို တို့တစ်တွေက ကျွေးမှာ..'

'ဟုတ်တယ်မှူးရဲ့...ရတီက လောင်းကြေးနိုင်ထားတယ်'

'ဘာလောင်းကြေးနိုင်ထားတာလဲ ရတီ'

'ဒီလို မှူးရဲ့၊ စိုင်းခွန်သာ ညီမ နန်းသာနော့နဲ့ခုပြိုင်ပွဲကို လောင်းထားတာလေ၊ သူက သူ့အစ်ကိုနိုင်ရမယ်၊ တို့က မှူးနိုင်ရမယ်ဆိုပြီးလောင်းခဲ့တာ၊ ခုတို့နိုင်ပြီ'

'ရတီ...ဘယ်လောက်ကြေးတောင်လောင်းတာလဲ'

'သိပ်မများပါဘူး၊ (၁)သိန်းကြေး..ငွေထက် ဒင်းကိုအနိုင်ရတာတို့က အရသာရှိတာ'

'ကွေ့နှ နန်းသာနော့နဲ့ ရတီကြားမှာ ကျောင်းတော်က ရန်စလေးတွေ ရှိနေပြီထင်တယ်'

'သိပ်ပြီးသေချာတာပေါ့ မှူးရာ၊ အထက်တန်းကျောင်းမှာ ကတည်းက သူက တို့ကို အသားလွှတ်ကြီး ပြိုင်တာလေ၊ ခုထိအောင် ပြီး ယှဉ်နေတုန်းပဲ'

'သူကသာပြိုင်နေတာ၊ သူ့အစ်ကိုကျတော့ ရတီ့ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပဲနော်..'

'အလကားပါဟာ..သူရှုပ်ပွေခဲ့တဲ့မိန်းမတွေထဲကလို မှတ်ပြီး လာကပ်တာ၊ မျက်နှာကိုမြင်တာနဲ့အန်ချင်တယ်'

ရတီသူသူစကားကြောင့် မင်းလှကျော်ဖဲပျော်နေသလို၊ သူ၏ပြုံင်ဘက်ပေါ်မှာ ရတီသူသူ၏ သဘောထားကိုသိရခြင်းကြောင့် စိုးရိမ်မှုစိတ်တွေ လျော့ပါးစေခဲ့တာအမှန်..

'ရတီ..'

'ဘာလဲဟာ...'

'နင် ရည်းစားလေးဘာလေး ထားချင်စိတ်မရှိဘူးလား'

'မှုုး...တို့က စာလာသင်တာ၊ ရည်းစားလာပြီးရှာတာ မဟုတ်ဘူး..'

'ရတီရယ်..စကားလုံးကြီးတွေ သိပ်ပြီးပြောမနေပါနဲ့၊ တက္ကသိုလ်ဆိုတာ နှလုံးသားလမ်းဆုံဆိုပြီး ရှေးက လူကြီးတွေ သတ်မှတ်ပေးခဲ့ကြတာ၊ တက္ကသိုလ်မှာ မေတ္တာဖွဲ့ဇာတ်လမ်းတွေက အများကြီးရှိတာဟ'

'ရှိရှိ.. ဒီထဲမှာ ငါမပါဘူး'

'အပျိုကြီးလုပ်မယ်ပေါ့'

'ဟုတ်တယ်..အပျိုကြီးလုပ်မှာ..'

'ဒါဆိုရင်တော့ သွားပါပြီ'

'ဘာကိုသွားရတာလဲ ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ဘဝကိုတွေးပြီး စိတ်ထဲမှာ မကောင်းလို့ပါ'

'မှုး··နင့်စကားကို ငါသိတယ်နော်'

မင်းလှကျော်ဇံတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်ကို ရတီသူသူကြည့်ပြီး ပြုံးနေလေတော့သည်။

'သိရင်လည်း သနားလိုက်ပါလား'

'နင့်ဟာလေ··တကယ်တာဝန်ကျေတဲ့ သူငယ်ချင်းပဲ၊ ငါ့အသက် (၁၉)နှစ်ပြည့်ပြီးမှ အချစ်အကြောင်းကို စဉ်းစားမယ်'

'နင့်အသက် (၁၉)နှစ်က ဘယ်တော့ပြည့်မှာလဲ'

'ခုလာမယ့် ဒီဇင်ဘာလ (၆)ရက်နေ့'

'အင်း···သိပ်မလိုတော့ဘူး မင်းလှ··သည်းခံပြီးစောင့်လိုက်တော့··'

'ဟာ···ဆ···ဆန္ဒ···'

မင်းလှကျော်ဇံ ရှက်စိတ် ကြောက်စိတ်နှင့်ရေခွေးခွက်ကို ကမန်းကတန်းမော့သောက်လိုက်တော့သည်။

'ဟူး···ပူ··လိုက်တာ'

'ဟား··ဟား··ဟွား·· ငါ့ကောင်ကတော့ ဖြစ်ကိုဖြစ်ရမယ်··'

ရတီသူသူတို့ပါ လိုက်ပြီးရယ်မောလေသည်။

ဆန္ဒမှူး၏ ကြားဝင်ပေးမှုလေးကြောင့် မင်းလှကျော်ဇံနှင့် ရတီသူသူတို့ ရင်းနှီးမှုလေးက ပိုပြီး ရင့်ကျက်လာသလို····



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးအပြင်ကိုပြန်ထွက်ရင်း..

'မှူးရေ...ခုလာမယ့်စနေနေ့ကျရင် ရေကူးကန်မှာဆုံကြရအောင်..'

'ဆုံမယ်လေ.. ငါတစ်ယောက်တည်းလား'

'ဘယ်တုန်းက နင်တစ်ယောက်တည်းလာဖူးလို့လဲ၊ ခေါ်ခဲ့လေ၊ ဒီတစ်ခါ ရေနွေးပူပူလောင်လောင်ကြီးတော့ မသောက်မိစေနဲ့ဦး'

ရတီသူသူတို့ ကားလေးထွက်သွားတော့မှ....

'မင်းလှ..မင်းနဲ့ကွာ..ဘယ်လိုဖြစ်ရတာလဲ'

'ငါလည်း ရှက်ရှက်နဲ့ လုပ်မိလုပ်ရာလုပ်မှ ပိုပြီးအရှက်ကွဲတော့တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကို အထူးကျေးဇူးတင်တယ်'

'လာပြန်ပြီ ဒီကျေးဇူး'

'ဒီတစ်ခါတင်တဲ့ကျေးဇူးက သိပ်ပြီးအရေးပါတယ်၊ ဘာလို့လဲဆိုတော့ သူသူလေးဆီက အပြုံးပွင့်လေးတွေမြင်တွေ့လိုက်ရလို့'

'မင်းလှ...အချိန်ရှိတုန်းကြိုးစားနော်'

'မင်းလည်း ကူညီဦးလေ'

'နေရာတကာဆို မကောင်းဘူးမင်းလှ၊ မင်းဘက်က အားလေးတော့စိုက်ဦး'

'အေးပါကွာ..'



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ပြီး မောင်းထွက်မည်အပြု စိုင်းခွန်သာနှင့် လူ(၃)ယောက် ကားရှေ့သို့ရောက်လာသည်။

'ဘာလုပ်တာလဲ စိုင်းခွန်သာ'

'ဆန္ဒမှူး…မင်းဘေးမှာ ခဏလေးရပ်ပြီးနေပေးပါ၊ ငါ မင်းလှကျော်စံနဲ့ စာရင်းရှင်းမလို့'

'ဘာကွ..'

'ဆန္ဒ…မင်းနေပေးလိုက်ပါ၊ ကဲ..မင်းက ဘာစာရင်းရှင်း ချင်တာလဲ'

'မင်း..ရတီနဲ့ခပ်ကင်းကင်းနေပေးရင်ကောင်းမယ်..'

'ဟော့ကောင် စိုင်းခွန်သာ..မင်းကိုယ်မင်း ဘုရင်ခံချုပ်ရဲ့ သားများမှတ်နေလား..လာပြီးအမိန့်ပေးရအောင်..'

'မင်းအတွက် ကံမကောင်းခြင်းတွေ ဖြစ်သွားမှာစိုးလို့ ပြော နေတာ'

'စိုင်းခွန်သာ… မင်းခြောက်တိုင်းကြောက်မယ်လို့ထင်နေ လား၊ မင်းသိအောင်ထပ်ပြီးပြောလိုက်မယ်၊ သူသူဟာ ငါ့အတွက် ပဲဟော့..'

'ဟော့ကောင်တွေ..'

'ယိ…ကျား..'

စိုင်းခွန်သာ အသံပြုလိုက်သည်နှင့် ငနဲသုံးကောင် ပြေးဝင် ပြီး တိုက်ခိုက်တော့သည်။ ဒါလောက်တော့ မင်းလှကျော်စံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆံနွှမှုးတို့အတွက် သိပ်ပြီးမမှုလောက်သောပွဲလေးတွေပဲဖြစ်၏။

'ဖြောင်း..ခွပ်..ခွပ်..အင့်..အီး...အား..'

(၄)ယောက် (၂)ယောက်ဆိုပေမယ့် လက်ရည်ချင်းက ကွာခြားသဖြင့် ပွဲကသိပ်ပြီးမကြာလိုက်ဘဲ ပြီးသွားသည်။ မြေပြင်ပေါ်တွင် (၃)ယောက်လောက် မှောက်သွားပေမယ့် စိုင်းခွန်သာက တော့ ရပ်လျက်..ခါးကြားကဓားမြှောင်ကိုထုတ်ပြီး မင်းလှကျော်ဇံကို အလစ်ဝင်ပြီးထိုးသောကြောင့်...

'မင်းလှ..'

'အ...'

'ဟင်..'

မင်းလှကျော်ဇံ လက်ကို ဓားမြှောင်ထိသွားခြင်းကြောင့် စိတ်ထဲက ဒေါသကို မထိန်းနိုင်ဘဲ စိုင်းခွန်သာ မျက်နှာဆီသို့ ခုန်ကန်လိုက်သည်။ စိုင်းခွန်သာ မြေပြင်တွင် မှောက်ချိန်ထပ်ပြီး ကန်မည်အပြု..

'ဆံနွှ...ထားလိုက်တော့ လက်လွန်သွားမယ်'

'ခွေးမသားကို တစ်ခါတည်း ဆုံးမချင်လို့'

'လာပါကွာ..သွားမယ်..'

'မင်းလက်က ဒဏ်ရာဆေးခန်းကိုသွားမယ်'

'မသွားနဲ့ဆံနွှ၊ အပေါ်ယံရှပ်ပြီးထိသွားတာပါ၊ ဆေးထည့်လိုက်ရင် ရပါတယ်..'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် စိုင်းခွန်သာ..မင်း ဒီလိုမျိုးနောက်တစ်ကြိမ် ဆိုရင် ဒါထက်မက နာမယ်မှတ်ထား..'

ဆန္ဒမှုူး ကားကိုကိုယ်တိုင်မောင်းပြီးထွက်လာခဲ့၏။

✣ ✳ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

စိုင်းခွန်သာ၏ ရမ်းကားမှုကြောင့် တက္ကသိုလ်ပါချုပ်ကြီး သိရှိသွားပြီး ကျောင်းထုတ်ပစ်တဲ့အထိ ဖြစ်သွားခဲ့သလို ထိုဂယက်ကြောင့် မင်းလှကျော်ဖံနှင့် ရတီသူသူတို့ ချစ်သူဘဝကိုရောက်ခဲ့ကြရသည်။ ဒီလိုနှင့် ကျောင်းကြီးပြီးဆုံး၍ ရန်ကုန်တွင် ဆန္ဒမှူး မွေးဖွားဖခင်ကြီး လုပ်ကိုင်သောဆောက်လုပ်ရေးလုပ်ငန်းကြီး တစ်ခုဆီမှာသွားရောက်လုပ်ကိုင်နေရသဖြင့် မင်းလှကျော်ဖံနှင့်ခွဲခွာကြရသည်။

ရတီသူသူနှင့် မင်္ဂလာပွဲသာ တစ်ခေါက်ပြန်ဆုံပြီး ရန်ကုန်သို့ပြန်သွားပြီး (၆)လလောက်ကြာတော့ ရတီဆီက သတင်းကြား



www.burmeseclassic.com

www.burmeseclassic.com



ိုက်ရသည်။ မင်းလုကျော်ဇံ အသတ်ခံလိုက်ရပြီတဲ့။ ဆန္ဒမှုူး ္ဌလေးသို့ ချက်ချင်းဆင်းလာပြီး အကြောင်းစုံကို မေးတော့ ရတီသူသူပြောပြလေသည်။

'အဲဒီနေ့က ကို့ဆီကို စိုင်းခွန်သာ ဖုန်းဆက်တယ်၊ ဘာ အကြောင်းလဲဆိုတာ ရတီမသိဘူး၊ ကိုအခန်းထဲကို ချက်ချင်း ၀င်သွားပြီး ဖေဖေပစ်တဲ့ အမဲပစ်သေနတ်ကြီးကိုယူထုတ်သွား တော့ ရတီကမေးတယ်၊ ဒါကို သူ့မိတ်ဆွေတစ်ယောက်က ငှားလို့ သွားပေးမယ်ဆိုပြီး ထွက်သွားတာပဲမှုူး..၊ နောက်တော့ တောင်ကြီး ဘက်မှာ သေနတ်ဒဏ်ရာနှင့်သေဆုံးတာကိုကြားရတာပဲ..'

'ဒါဆို...ဟိုကောင် စိုင်းခွန်သာ လက်ချက်ပေါ့'

'ရတီ ဘယ်လိုပြောရမှန်းတောင်မသိတော့ဘူး၊ ဒင်းဖြစ်ဖို့ တော့များတယ်..မှုူး...'

'ဖေဖေနဲ့မေမေရော..'

'ရဲစခန်းကို သွားကြတယ်လေ'

အပြင်ဘက်မှ ကားစက်သံကြောင့်ထွက်ပြီးကြည့်တော့ အဖေနှင့်မေမေတို့ကားမဟုတ်၊ တခြား ကားတစ်စီးဖြစ်နေသည်ကို ွေ့လိုက်ရသည်။ ကားရပ်ပြီးဆင်းလာသူက ဖေဖေ့မိတ်ဆွေ ဓာလပိုင်ထူး... စိုင်းခွန်သာ၏ ဖခင်။

'မင်း အဖေနဲ့အမေရော..'

'အပြင်ကိုသွားနေတယ်၊ ကိစ္စရှိလို့လားအန်ကယ်'



www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူး၊ မောင်မင်းလှကျော်ဖအသတ်ခံရတယ်ကြားလို့ သတင်းလာမေးတာပါ၊ သတ်တဲ့သူကိုရော မိပြီလား'

'မမိသေးပါဘူး၊ ဒါပေမယ့် မလွတ်စေရဘူး၊ မင်းလှ အတွက် ရအောင်ရှာပြီးလက်စားချေမှာပါ'

ဆန္ဒမှူး ရင်ထဲကခံပြင်းမှုအပြည့်နှင့်ပြောလိုက်သည်။

'လှလေး…ညှို့သည်တွေကို အိမ်ထဲခေါ်လေကွယ်'

'မဝင်တော့ဘူး သွားတော့မယ်၊ နောက်မှပဲလာတော့မယ် လာသွားတယ်လို့သာပြောလိုက်ပါ'

ဦးလေးခွန်နောင်ကို ဦးစောလပိုင်ထူးတွေ့ပြီး ချက်ချင်း ကားပေါ်ကိုပြန်တက်သွားပြီး သွားတော့မှ…

'ဦးလေးခွန်နောင်'

'ဘာလဲ လှလေး'

'ဒီလူကြီး… ဦးလေးခွန်နောင်ကိုတွေ့တာနဲ့ မျက်နှာပျက် သွားသလိုပဲနော်'

'ပျက်မှာပေါ့ကွာ၊ တစ်ချိန်က ဒင်းရက်စက်ယုတ်မာခဲ့တာ တွေကို ပြန်ပြီး ကြောက်နေပြီလေ'

'သူက တစ်ချိန်က သူပုန်ဆိုတာတော့ ကျွန်တော်သိတယ် ဖေဖေနဲ့မေမေကိုသတ်ခဲ့တာ သူလား'

'လှလေး..ပြီးခဲ့တာတွေပြီးပါစေတော့ကွယ်…သူလည်း အမှန်တရားလမ်းပေါ်ရောက်ခဲ့ပြီဆိုတော့ နေပါစေတော့..'



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးခွန်နောင်…သူနေပေမယ့် ကျွန်တော်မနေဘူး'

'လူလေး..'

'မှူး..'

'မင်းလှကိုသတ်တဲ့သူကို ငါအရင်ရှာမှာပါ၊ ပြီးမှ ရာဇဝင်ကြွေးကိုဆပ်ရမယ်'

'လူလေး..ခုဘယ်သွားမလို့လဲ'

'တောင်ကြီးဘက်ကို သွားပြီး မင်းလှနဲ့ပတ်သက်တာကို စုံစမ်းမလို့ပါ..'

'မင်းဖေဖေနဲ့မေမေ စောင့်ပါဦးလား'

'ကျွန်တော် (၂)ရက်လောက်နေပြီးပြန်လာမှာပါဦးလေး… ရတီ'

'ဖူး..'

'မင်းလှအတွက် ငါလက်တုံ့ပြန်ပေးမယ်၊'

ဆန္ဒမှူး..နာကျင်နေသော ခံစားချက်တွေက ရင်ထဲမှာ မီးလောင်ကျွမ်းပြီး နေလေပြီ။ သူ့အာရုံထဲတွင် စိုင်းခွန်သာ၊ ဦးစောလပိုင်ထူးတို့ သားအဖ (၂)ယောက်၏ မျက်နှာကိုပဲ တွေ့မြင်နေရလေသည်။

'စိုင်းခွန်သာ…. မင်းသတ်တာပဲဖြစ်ရမယ်..'

စိတ်ထဲမှ ကြိမ်းဝါးရင်းတောင်ကြီးဘက်သို့ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒမှူး…တောင်ကြီးသို့ရောက်နေသည်မှာ (၃)ရက်မြောက်ခဲ့ပြီဖြစ်၏။ မင်းလှကျော်ဖံနှင့်ပတ်သက်ပြီး သတင်းအစအနကို ပင် မရသေးပေ။

မင်းလှကျော်ဖံကိုမြှုပ်နှံခဲ့သော အုတ်ဂူလေးဆီသို့နေ့တိုင်း သွားရောက်ခဲ့ပြီး…

'မင်းလှရယ်..မင်းကိုဘယ်သူသတ်ခဲ့တယ်ဆိုတာ ငါ့ကို ပြောပြပါလားကွာ..မင်းအတွက် ငါလက်တုံ့ပြန်ပေးမယ်'

ဆန္ဒမှူး အုတ်ဂူဖြူလေးကို စိုက်ကြည့်ပြီးနောက်…

'ငါ…မင်းကို ကတိပေးပါတယ်မင်းလှ၊ မင်းအသိုသတ်သွားတဲ့ကောင်ကို ငါ မြေလှန်ရှာပြီး သတ်မယ်…'



www.burmeseclassic.com

www.burmeseclassic.com



သူသည် မြေမှ မြေတစ်ဆုပ်ကိုဆုပ်ကိုင်လိုက်ပြီး မင်းလှ အုတ်ဂူပေါ်တွင် ဖြူးချလိုက်တော့သည်။

သူသသန်ထဲမှ ပြန်ထွက်လာတော့ ညနေစောင်းနေလေပြီ။ ဆန္ဒမှူး အရက်မသောက်တတ်သော်လည်း အရက်ဆိုင် စားသောက်ဆိုင်တို့တွင် ဒုစရိုက်သမားတွေ ကျင်လည်ကျက်စားတာများသဖြင့် သတင်းရလိုရငြား တစ်ဆိုင်ပြီးတစ်ဆိုင်ဝင်ခဲ့ပြီး မသောက်တတ်သောအရက်ကိုမှာပြီး ဟန်ရေးပြသောက်ခဲ့သည်မှာ များနေလေပြီ။ ဒီနေ့တော့ အရက်သမားတစ်ယောက်ဆီက ကြားရခဲ့သော သတင်းအရ ဒုစရိုက်သမားတွေ ကျင်လည်ကျက်စားဆုံး စားသောက်ဆိုင်ဆီသို့လာခဲ့ခြင်းဖြစ်သည်။

ဆန္ဒမှူး··ဆိုင်ထဲသို့ဝင်လိုက်ချိန်တွင် ဆိုင်ထဲရှိ မျက်လုံးတော်တော်များများက ဆန္ဒမှူးကိုကြည့်နေကြသည်ကို သတိပြုမိလိုက်သည်။

ဤဆိုင်မျိုးကို လူစိမ်းဝင်ရောက်စားသောက်မှုက အလွန်နည်းပါးခြင်းကြောင့်ဖြစ်သည်။

ဆိုင်အပြင်ဘက် စားသောက်ဝိုင်းတွေ ပြင်ဆင်ထားပေမယ့်နောက်ကွယ်တွင် ဖဲဝိုင်း၊ ဂျင်ဝိုင်းတွေကို ပြုလုပ်နေသောဆိုင်ကလေးပင်ဖြစ်သည်။

ဆန္ဒမှူး··လွတ်နေသော စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင်ပြီး ဘီယာနှင့်အမြည်းတချို့ကို မှာယူပြီး ထိုင်နေစဉ် အရုပ်အမောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း၊ မျက်နှာတွင်ဓားဒဏ်ရာနှင့်လူတစ်ယောက် ရောက်လာပြီး..

'ဒီမှာထိုင်လို့ရလား..'

'ရပါတယ်..'

'မင်းကို ဒီဆိုင်မှာတစ်ခါမှ မတွေ့ဖူးဘူး'

'ဟုတ်တယ်..ခုမှ လာပြီးသောက်တာ၊ ဘာဖြစ်လို့လဲ'

'စုံထောက်များလားဆိုပြီး လာကြည့်တာပါ'

'စုံထောက်ဆိုရင် သောက်လို့မရဘူးလား'

'စုံထောက်ဆိုရင်တော့ တစ်မျိုးဆက်ခံရတာပေါ့ကွာ၊ တခြား ဘာမှ မဟုတ်တဲ့သူဆိုရင် နောက်တစ်ခါ မလာဖို့ လာ ပြောတာ'

'ခင်ဗျားတို့ဆိုင်က လူကန့်သတ်ချက်နဲ့ ဖွင့်တဲ့ဆိုင်လား'

'ဒီလိုပဲ ဆိုရမှာပေါ့..'

'ဒါဆိုရင်တော့ ရိုးသားတဲ့ဆိုင်တော့မဟုတ်နိုင်ဘူး၊ ဥပဒေနဲ့ မကင်းတဲ့အလုပ်တွေကို လုပ်တဲ့ဆိုင်ပဲဖြစ်ရမယ်'

'မင်း..ဘာစကားပြောတာလဲ'

'ကျုပ်စကားမှာ မှားတာပါသွားလို့လား'

'မင်းဆိုင်ထဲဝင်ပြီး သွေးတိုးစမ်းတာဆိုတော့..ကဲကွာ..'

'ဝို...'

ဆန္ဒမှုူးကို စားပွဲပေါ်က ဘီယာပုလင်းနှင့်လှမ်းပြီးရိုက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို အသာအယာရှောင်တိမ်းလိုက်ပြီးနောက်…

'ခွမ်း…အား..'

ဆန္ဒမှုူး··လက်ထဲမှ ဖန်ခွက်နှင့်မျက်နှာကိုရိုက်ချလိုက်သည်။

'ချကွာ··'

ဆိုင်ထဲမှ နောက်ထပ်လူဆိုးလူမိုက်တွေ လက်နက်ကိုယ်စီနှင့်ပြေးဝင်လာသောကြောင့် တစ်ယောက်ချင်းရှင်း၍ မရနိုင်သည်ကို သဘောပေါက်လိုက်ပြီး ရှောင်တိမ်းကာနောက်ဆုတ်ရင်း…

'ဒုတ်··အင့်··'

စားပွဲတစ်ခုနှင့်တိုက်မိပြီး ဟန်ချက်ပျက်ကာ လဲမလိုဖြစ်သွားသည်ကို တစ်ဖက်က တုတ်ကိုင်ထားသည့်ကောင်က အခွင့်ကောင်းယူကာ ရိုက်မည်အပြု····

'ဖြောင်း·· ဟင်··'

ဆန္ဒမှုူး နောက်မှ လူတစ်ယောက်ကရှေ့မှကောင်ကို ခြေဖြင့်ကန်လိုက်ပြီး…

'ဆန္ဒ····သွားမယ်'

ထိုလူက ဆန္ဒအမည်ကိုခေါ်ပြီး နောက်ပေါက်ဆီမှထွက်ခဲ့ကြပြီးအပြင်ရောက်တော့မှ

'ဟူး…မောလိုက်တာ··'

'ဟာ··ဇေလတ်··'



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တွင် အတန်းတူသူငယ်ချင်း ဇေလတ်ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

'ကျေးဇူးပဲ ဇေလတ်ရာ·· မင်းသာဝင်ပြီးမကူရင် မလွယ်ဘူးနော်··'

'ရပါတယ်ကွာ·· ဒါနဲ့မင်းဆိုတဲ့ကောင် အရက်မသောက်တတ်ပါဘူး၊ ဘာလို့ဆိုင်ထဲမှာဝင်ထိုင်နေရတာလဲ'

'ငါ့အတွက်သတင်းအစအနလေးဘာလေး ရမလားဆိုပြီးဝင်ထိုင်တာပါ'

'မင်းက ဘာသတင်းအတွက်လာခဲ့တာလဲ'

'မင်းလှကိစ္စပါ··'

'ငါပေါက်ပြီ·· မင်းလှအသတ်ခံရတဲ့ပေါ်မှာ မင်းလာပြီးစုံစမ်းတာပေါ့၊ ဒါက ရဲတွေလုပ်ရမယ့်အလုပ်ပဲကွာ·'

'ရဲတွေ စုံစမ်းတာက ဖမ်းဆီးဖို့၊ ငါကတော့ မင်းလှအတွက် ပြန်ပြီးလက်စားချေဖို့ ဇေလတ်··'

'ခု··ဘာတွေသတင်းရပြီလဲ'

'ဘာမှ မရသေးဘူး၊ မင်းကရော ဒီဆိုင်မှာနေ့တိုင်းလာပြီး သောက်နေတာပဲလား၊ ပြီးတော့ မင်းလှသေတာကို မင်းသိခဲ့တယ်ပေါ့··'

'ငါ··ဒီဆိုင်မှာရောက်နေတာ တစ်လလောက်ရှိပြီ၊ အရင်ရဲ့ကျေးကျွန်တော့မဟုတ်ပါဘူး၊ လောင်းကစားကျေးကျွန်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ ဆန္နဲ… ခုတော့ ငါ လောင်းကစားကိစ္စကိုအဆုံးသတ်လိုက်ပါပြီ၊ ပြီးတော့ ငါ့ကို နှုတ်ပိတ်ထားတဲ့အဖြစ်မှန်တစ်ခုကို ငါဖွင့်ပြောမယ်ဆန္န…'

'ဘာလဲ ဖေလတ်..'

'ငါဟာ မင်းလှကျော်ဇံအတွက် အမှန်တရားကိုမဖော်ထုတ်နိုင်တာကိုတွေးပြီး ခုထိစိတ်ထဲမှာမကောင်းခဲ့ဘူးကွာ.'

'ဖေလတ်..မင်း..မင်း..မင်းလှကိုသတ်တဲ့ကောင်ကို သိတယ်ပေါ့..'

'သိတယ်ဆန္န..သတ်တဲ့သူက စိုင်းခွန်သာပဲ..'

'ဘာ….'

ဆန္နမှူး စိတ်ထဲတွင် ထင်ထားသည့်အတိုင်းပင်ဖြစ်နေလေပြီ..။

'ဒီတုန်းက ငါက မထင်မှတ်ဘဲ အဲဒီနေရာကိုရောက်သွားခဲ့တယ်၊ မင်းလှကျော်ဇံနဲ့ စိုင်းခွန်သာ ရပ်စကားပြောပြီးကားပေါ်ကို မင်းလှပြန်ပြီးအတက်မှာ စိုင်းခွန်သာက သေနတ်နဲ့ပစ်ခဲ့တာပဲ၊ ငါတွေ့တာကိုလည်း စိုင်းခွန်သာတွေ့သွားပြီး ငါ့အသက်နဲ့ငွေကိုရွေးချယ်ခိုင်းခဲ့တယ်၊ ငါလည်း လောင်းကစားရှုံးထားတာရယ်၊ စိုင်းခွန်သာကိုကြောက်ရတာနဲ့ ငွေကိုယူခဲ့တာပါ၊ စိုင်းခွန်သာရဲ့လူတော့မဟုတ်ဘူးဆိုတာတော့ ယုံကွာ..'

'ယုံပါတယ်..ဖေလတ်…ငါသိချင်တာ စိုင်းခွန်သာဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှာနေလဲ…ငါ့ကိုပြောပြနိုင်မလား..'

'ဒီကောင် သူ့အဖေအိမ်မှာ မနေရင် တောင်ကြီးက နယ်လီသော်အိမ်မှာ ရှိမှာသေချာတယ်..'

'နယ်လီသော်ဆိုတာ ဒီကောင်နဲ့ဘယ်လိုပတ်သက်လဲ'

'ဒီကောင်နဲ့ ဆက်နွယ်နေတဲ့မိန်းကလေးပဲ တရားဝင်လည်း မဟုတ်၊ တရားမဝင်လည်းမဟုတ်တဲ့သူပေါ့'

'ငါသဘောပေါက်ပြီ၊ သူ့လိပ်စာပြောပြ'

'ငါပါလိုက်ခဲ့မယ်၊ ခုသွားမှာလား..'

'ခုပဲသွားမယ်..'

ဆန္ဒမှူးတို့ နယ်လီသော်ဆိုသည့် သူမဆီကိုလာသည့်လမ်းထက်မှာ ညရဲ့မှောင်ကျူရိုမီးတွေတောင် လင်းလက်နေလေပြီ။

'ဖေလတ်..'

'ဘာလဲ ဆန္ဒ'

'ငါလက်တုံ့ပြန်မှုထဲမှာ မင်းဝင်မပါနဲ့ကွာ၊ ငါ့ကြောင့် မင်း ပါ အမှုပတ်နေမယ်..'

'ဆန္ဒ..ငါဟာ မင်းလုပေါ်မှာ တာဝန်မကျေခဲ့တာကို တွေးမိတိုင်း ခံစားနေရတယ်.. ခုတစ်ခါ မင်းနဲ့ပတ်သက်ပြီး ငါမရှောင်တော့ဘူး၊ ငါ့ဘဝမှာအမှားတွေနဲ့ လုံးထွေးပြီး ဘဝကပျက်သွားပါပြီ၊ သိပ်ပြီးမထူးတော့ဘူးကွာ၊ ပြီးတော့ မင်းတစ်ယောက်တည်း စိတ်မချဘူး၊ စိုင်းခွန်သာတို့က အုပ်စုကောင်းတယ်၊ မင်း ဘာ



www.burmeseclassic.com

www.burmeseclassic.com



လက်နက်မှ မပါဘဲ မဖြစ်ဘူးနော်..၊ ဒီကောင်တွေလက်ထဲမှာ ဘုရားမဝင် သေနတ်တွေရှိနေတယ်..'

ဇေလတ် သတိပေးမှသူ့ဘက်က အားနည်းချက်ကို သိလိုက်ရတော့သည်။

'ခုလောလောဆယ်တော့ သူတို့လက်နက်ကို ကိုယ့်လက်နက်ဖြစ်အောင်အရင်လုပ်ပြီးရင်ဆိုင်ရမှာပဲ ဇေလတ်ရာ..'

'ဟိုရှေ့ကလမ်းထဲကို ကွေ့ဝင်လိုက်ပြီး ရပ်ထားလိုက်တော့'

ဇေလတ်ပြောသည့်လမ်းထဲသို့ ကွေ့ဝင်လိုက်ပြီး ကားကိုထိုးရပ်လိုက်သည်။

'ရှေ့ကမြင်နေရတဲ့ တစ်ထပ်တိုက်လေးပဲ၊ ခြံစောင့်ရှိတယ်၊ ဘယ်လိုလဲ ကျော်ပြီးဝင်မှာလား'

'ကျော်ပြီးဝင်ရမယ့်အခြေအနေဆိုတော့လည်း ကျော်ဝင်ရတာပေါ့..'

ခြံဝင်းနားရောက်တော့ ခြံထဲကိုကြည့်တော့ အိမ်ထဲမှာ မီးအလင်းရောင်ရှိနေပေမယ့် ခြံဝန်းထဲမှာတော့ တိတ်ဆိတ်လျက်..

ခြံတံခါးကိုကျော်ပြီး ခြံဝန်းထဲသို့ အဟန့်အတားမရှိဘဲ ဝင်နိုင်ခဲ့သည်။ ခြံစောင့်အရိပ်အယောင်ကိုမတွေ့ရပေ..။

အိမ်ကြီးနားကို ကပ်ပြီး ပြတင်းပေါက်မှ အိမ်ထဲသို့ကြည့်တော့ လူအရိပ်အယောင်ကိုပင်မတွေ့ရပေ။ အိမ်ရှေ့တံခါးပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှ သော့ခတ်ထားသဖြင့် နောက်ဖေးဘက်သို့လာခဲ့ကြသည်။

'ကျွီ…'

နောက်ဖေးတံခါးမှာ ပိတ်ထားခြင်းမရှိသဖြင့် အလွယ်တကူ ပင် အိမ်ထဲသို့ဝင်နိုင်ခဲ့သည်။

'ဆန္ဒ…ရေသံကြားတယ်..'

'အင်း..'

ရေချိုးခန်းထဲမှ ရေကျသံကြောင့် နယ်လီသော်တစ် ယောက်ရေချိုးနေခြင်းဖြစ်နိုင်သည်။ စိုင်းခွန်သာကိုတော့ မတွေ့ ရသေးပေ။

'ကျွီ..'

'ဟာင်…ရှင်..ရှင်…'

'မင်းပါးစပ်ပိတ်ပြီး ညှို့ခန်းထဲမှာ အေးအေးဆေးဆေး စကားပြောချင်တယ်၊ ဒါကို မင်းဘက်က သဘောမတူဘူးဆို ရင်တော့ ငါတို့အဆိုးမဆိုနဲ့'

'ရှင်တို့ကဘယ်သူတွေလဲ၊ ဘာကိစ္စလဲ'

'မင်းသိရမှာပေါ့ကွာ၊ ထိုင်ပါဦး နယ်လီသော်..'

သူမ ရေချိုးပြီး တဘက်လေးကိုခြုံပြီး သူတို့ရှေ့တွင်ငြိမ် ပြီးထိုင်သည်။

'ကျုပ်တို့က စိုင်းခွန်သာနဲ့အရေးတကြီးတွေ့ချင်တဲ့သူတွေ ပါ..'



www.burmeseclassic.com

www.burmeseclassic.com



'သူ..ဒီမှာမရှိဘူး'

'ဒီမှာ မရှိဘူးဆိုတာ ကျုပ်တို့သိပါတယ်၊ ဘယ်မှာရှိမလဲ ဆိုတာကို မင်းပြောနိုင်မလား..'

'သူက သွားချင်တဲ့နေရာကို သွားနေတာ၊ ကျွန်မ တိတိ ကျကျ မသိဘူး၊

'မင်းဆက်ပြီးလိမ်ပေးနေမယ်ဆိုရင် မင်းကို ဖမ်းသွားရ မှာပဲ..'

'ရှင်...'

'ငါတို့မင်းကို မဖမ်းချင်ဘူး၊ သက်ဆိုင်တဲ့သူနဲ့ပဲစကား ပြောချင်တာ..'

'ရှင်တို့ ကတိတည်မှာလား'

'မင်းသာ ညာမပြောဘူးဆိုရင် ကတိတည်ပြီးသားပါ'

'သူ့အဖေ ဦးစောလပိုင်ထူး အိမ်မှာအရေးကြီးတဲ့လုပ်ငန်း ကိစ္စအတွက် ဒီနေ့ပဲ ပြန်သွားတယ်'

'မင်းစကားသေချာတယ်နော်..'

'ရှင့်လိုပဲ ကျွန်မစကားက လိမ်ညာခဲ့ရင် ရှင်ကြိုက်သလို ပြုနိုင်တယ်..'

'ကောင်းပြီ..ကျေးဇူးပဲ နယ်လီသော်..သွားခွင့်ပြုပါဦး'

'ကောင်းပါပြီ..'

'မင်းအိမ်ရှေ့တံခါးဖွင့်ပေးမယ်လို့ထင်တယ်..'



www.burmeseclassic.com

www.burmeseclassic.com



'ဖွင့်ပေးမှာပေါ့..'

သူမကိုယ်တိုင် အိမ်ရှေ့တံခါးကိုဖွင့်ပေးပြီး ဆန္ဒမှူးတို့ အပြင်ကို ထွက်လိုက်ရင်း..

'နယ်လီသော်..မင်းဘဝကို မင်းပြင်ဆင်နိုင်မယ်ဆိုရင် မင်း အနာဂတ်ဟာလှပသွားမှာပါ..'

'ရှင်ဘာကို ဆိုလိုတာလဲ..'

'စိုင်းခွန်သာရဲ့ အသုံးတော်ခံဘဝထဲမှာဆက်ပြီး မနေတော့ ဘဲ ဘဝလှလှလေးတစ်စုံကို ထူထောင်ဖို့ပြောတာပါ'

'ကျေးဇူးတင်ပါတယ်၊ ကျွန်မလည်း ဒီထွက်ပေါက်ကို စတင်ပြီး ရှာဖွေနေတဲ့သူပါ၊ ဩော်..ရှင့်နာမည်ဘယ်သူလဲ'

'ဆန္ဒမှူး..'

'မှတ်ထားပါမယ်..'

နယ်လီသော် အိမ်ထဲမှပြန်လာခဲ့ပြီး...

'မင်း..ဟိုကောင်ကိုဆက်ပြီးလိုက်မှာလား'

'ဆက်ပြီးလိုက်မှာ ဖေလတ်..'

'ငါပါဆက်ပြီး လိုက်ခဲ့ချင်တယ်.'

'မင်းသဘောပဲကွာ.. ငါမှောင်ခိုကုန်နေ သေနတ်တစ်လက် လောက် ဝယ်ချင်တယ်ကွာ..'

'ဒီအတွက် မပူနဲ့၊ ဟိုမှာ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်၊ ဒီကောင့်ဆီက အကူအညီတောင်းပြီး ရှာကြတာပေါ့၊ ကားနဲ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး တက်မှာလား'

'အင်း..ကားနဲ့ခရီးဆက်မယ်၊ ဒီတစ်ညတော့ တောင်ကြီး မှာအိပ်မယ်.. မင်းလည်း ငါနဲ့အတူနေမှာလား'

'ငါဆိုတဲ့ကောင်အတွက်..အိမ်ဆိုတာမရှိတော့ဘူး'

'ဖေလတ်ရာ..မင်းကို ခုမှတော့အပြစ်မပြောတော့ပါဘူး'

'ပြောမနေနဲ့တော့ ဆန္ဒ..ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ဆက်ရှိ စေတော့..ကွာ..၊ ဒါပေမယ့် ငါ့ဘဝမှာ လုပ်ပေးစရာ တစ်ခု အတွက် ငါခုထိ မလုပ်ပေးနိုင်သေးဘူး..'

'ဘာများလဲ ဖေလတ်..'

'လူတစ်ယောက်ကို ရှာဖို့အတွက်၊ ငါ ကေနူးဆိုတဲ့မိန်း ကလေးဆီက ငွေယူထားပြီး ခုထိသူ့ခင်ပွန်းကို မရှာပေးနိုင်ခဲ့ဘူး..'

'တို့ကိစ္စပြီးသွားရင် မင်းနဲ့အတူ ငါရှာပေးပါ့မယ်'

'မင်း တကယ်ပြောတာလား'

'တကယ်ပြောတာပေါ့ ဖေလတ်ရာ..'

✤ ✳ ✣ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

ဦးဇောလပိုင်ထူးနေထိုင်သော အိမ်မှာ တောစပ်နှင့်အနီးဆုံးနေအိမ်ဖြစ်သည်။ ကားနှင့်သွားလျှင် တစ်လမ်းထဲသွားရပြီးသိရှိနိုင်သဖြင့် မြင်း(၂)ကောင်ကို ငှားရမ်းပြီးလာခဲ့ကြသည်။

'ဖေလတ်‥ မင်းက နယ်မြေတော့အတော်လေးကျွမ်းနေပြီနော်‥'

'ငါက ဒီနယ်မြေမှာ (၅)နှစ်လောက်နေခဲ့ဘူးတယ်လေ၊ တက္ကသိုလ်မတက်ခင်က ဒီမှာနေပြီး နောက်မှ တောင်ကြီးဘက်ကို မိဘတွေက ပြောင်းသွားခဲ့တာ၊ မွေးရပ်ဇာတိမဟုတ်ပေမယ့် နယ်မြေအနေအထားတော့ ကောင်းကောင်းသိတယ်၊ ခု စိုင်းနွံသာအဖေ နေတဲ့အိမ်က အရင်စော်ဘွားနေခဲ့တဲ့အိမ်ပဲ၊ နောက်ပိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဦးစောလပိုင်ထူး အလင်းဝင်ပြီးမှ ပြန်ပြီးဝယ်ယူလိုက်တာ'

'ဒီလူကြီးနဲ့ငါလည်း ရာဇဝင်ကြွေးရှိတယ်..'

'ဟင်.. ဘယ်လိုရာဇဝင်ကြွေးလဲ'

'ငါ့မိဘ (၂)ပါးကို သတ်ခဲ့တာ ဒီလူကြီးပေါ့..'

'ဟာကွာ..ဒါဆိုရင်မင်းအတွက် ပွဲကြီးပွဲကောင်းပေါ့..'

'သိပ်ဟုတ်တာပေါ့ ဖေလတ်..'

မြင်း(၂)ကောင်ကို ဒုန်းစိုင်းစီးလာပြီးအိမ်ကြီးနှင့်သိပ်ပြီး မဝေးလှသော တောစပ်တွင် မြင်း(၂)ကောင်ကို ထားခဲ့ပြီး ခြေလျင် လျှောက်ခဲ့တော့သည်။

'မင်းအတွက် သေနတ်ကအဆင်ပြေလား'

'ပြေတယ်ဖေလတ်... ငါ့အတွက် အကြိုက်ဆုံးပဲ၊ မင်း ရော..'

'ငါက သေနတ်နဲ့ပတ်သက်ပြီးဘာမှမသိတဲ့ကောင်ဆိုတော့ ကျည်ဆန်ထွက်ရင် ပြီးတာပဲ..'

အိမ်ကြီး၏ခြံဝန်းနားသို့ရောက်တော့ ဝင်ရမည့် အပေါက်ကို နှစ်ယောက်သားရှာဖွေရတော့သည်။

'ဟို..အပေါက်က ဝင်လို့ရနိုင်တယ်..'

လူတစ်ယောက်တိုးဝင်ရင် ရနိုင်သော နေရာလေးမှ ခြံထဲ ကိုတိုးဝင်ခဲ့ပြီးကြည့်လိုက်တော့ ခြံထဲတွင် ကား(၃)စီးရပ်ထား သည်ကိုတွေ့လိုက်ရပြီး ကားတစ်စီးပေါ်သို့ စက္ကူဘူးတွေတင် နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ စိုင်းခွန်သာ..'

ရှေ့ဆုံးတွင်ရပ်ထားသော ကားဆီသို့ သွားနေသော စိုင်းခွန်သာကို တွေ့လိုက်ရပြီးနောက်...

'ဖေလတ်..ပြန်ပြီးထွက်မယ်..'

'ဘာဖြစ်လို့လဲ..'

'ဒီကောင်ကို လမ်းကပဲစောင့်ပြီးရှင်းမယ်..'

'ဟုတ်တယ်..ခုပုံစံအတိုင်းဝင်ပြီးရှင်းရင် ဒီကောင်တွေက အင်အားတောင့်တယ်၊ မလွယ်လှဘူး..'

ခြံပေါက်ထဲမှ ပြန်ပြီးထွက်ကာ ကားလမ်းဆီသို့ အပြေးကလေး လာခဲ့ကြတော့သည်။ ဆန္နတို့ကားလမ်းဆီသို့ရောက်သည်နှင့် ကားစက်သံတွေကို စတင်ပြီးကြားနေရလေပြီ..

'လာပြီ ဖေလတ်..မင်း ဘေးမှာနေ ငါပစ်မယ်..'

'အင်း...'

အဝေးဆီမှ လာနေသော ရှေ့ဆုံးကားတွင် စိုင်းခွန်သာ လိုက်ပါလာသည်။ ဆန္န အရင်ဆုံးကားဘီးဆီသို့ချိန်ရွယ်ပြီး ပစ်ချလိုက်သည်။

'ဒိုင်း...ဖောင်း..'

ကားမှာ ဘေးသို့ထိုးရပ်သွားပြီး ကားတွေထဲမှ စိုင်းခွန်သာလူတွေ သေနတ်ကိုယ်စီပြင်ဆင်လာပေမယ့် စိုင်းခွန်သာက မဆင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက် ကားဘေးသို့ ပစ်ချလိုက်တော့မှ စိုင်းခွန်သာ သူ့လူတစ်ယောက်နှင့် အကာအကွယ်ယူပြီး အောက်ကိုဆင်းလာသည်။

'ဟော့ကောင်တွေ ပစ်လေ..တယ်..'

'ဒိုင်း...ဒိုင်း..ဒိုင်း..'

သေနတ်သံတွေက ဆူညံပွက်လောကရိုက်ခတ်သွားပေမယ့် ဆန္ဒမှုူးတို့ကို ထိရောက်မှုမရှိလှ။ ဆန္ဒမှူး...စိုင်းခွန်သာကို အလစ်မပေးဘဲ ကြည့်နေစဉ် စိုင်းခွန်သာ တောစပ်ထဲသို့ပြေးပြီးဝင်သွားလေသည်။

'ဖေလုတ်...လိုက်မယ်..'

နှစ်ယောက်သား တောစပ်ဆီသို့ပြေးလိုက်ချိန်တွင် သေနတ်သံများစွာကို ထပ်ပြီးကြားလိုက်ရသောကြောင့်...

'တိုက်ပွဲဖြစ်နေပြီ..'

'ဒါဆို..သက်ဆိုင်ရာတပ်ဖွဲ့ဝင်တွေနဲ့ ဖြစ်တာဖြစ်မယ်'

'သေချာတယ်..'

တောစပ်ဆီသို့ရောက်တော့ စိုင်းခွန်သာ အရိပ်အယောင် ပျောက်သွားတော့သည်။

'တောက်...'

'ဒီကောင်..ဒီနားမှာပဲရှိရမယ် ဆန္ဒ'

'ဖေလတ်...သတိထားနော်..'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွာ··ဟာ···ဆန္ဒမှူး··နောက်မှာ'

'ဒိုင်း···အား··'

'ဓေလတ်···'

ဓေလတ် ရင်ဝဆီသို့ စိုင်းခွန်သာ ကျည်ဆန်က ဖောက်ဝင်သွားပြီဖြစ်သည်။

'ဒိုင်း··ဒိုင်း···'

သေနတ်သံဆက်တိုက်ပေါ်ထွက်လာသောကြောင့် ဘေး သစ်ပင်တွင် ဆန္ဒ ဝင်ကပ်လိုက်ပြီး စိုင်းခွန်သာကို ရှာဖွေလိုက်သည်။

စိုင်းခွန်သာ··ပုန်းကွယ်နေသော သစ်ပင်ဘေးမှ စိုင်းခွန်သာ၏ သေနတ်ကိုင်ထားသောလက်ကိုတွေ့လိုက်ရသည်။

'ဒိုင်း··အီး··'

သေနတ်လွင့်စင်သွားပြီး စိုင်းခွန်သာကိုယ်ပါ တစ်ဖက်ကို ထွက်ပြီးပြေးမည်အပြု··

'ဟော့ကောင်··စိုင်းခွန်သာ··မင်းပြေးလို့လွတ်မယ်လို့ ထင်နေလား··'

'ဆ··ဆန္ဒ···ရာ··ငါတောင်းပန်ပါတယ်၊ ငါ့ကိုမသတ်ပါနဲ့ကွာ··'

'ဘာကွ···မင်းကိုမသတ်နဲ့ဟုတ်လား··ငါ့သူငယ်ချင်း မင်းလှအတွက်၊ ဓေလတ်အတွက် မင်းအသက်ကိုပြန်ယူရမယ်··'



www.burmeseclassic.com

www.burmeseclassic.com



'ချောက်…'

'ဆန္ဒ…'

ဆန္ဒမှူးသေနတ်ကိုမောင်းတင်ပြီးပစ်ဖို့ပြင်လိုက်သည်။

'ဒိုင်း..'

'ဟာင်..'

'ကိုဆန္ဒမှူး.. လက်မြှောက်လိုက်ပါ..'

ဆန္ဒမှူးနောက်တွင် ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေရောက်ရှိနေလေပြီ..

'ဥပဒေအတိုင်း သူ့အပြစ်ကိုသူခံသွားပါစေတော့ဗျာ..'

ဆန္ဒမှူး..သူ့လက်ထဲက သေနတ်ကို မြေပြင်သို့ပစ်ချပြီး ဇေလတ်ဆီသို့ ပြေးသွားခဲ့သည်။

'ဆ…ဆန္ဒ..'

'ဇေလတ်.. သူငယ်ချင်း..'

'ငါ့ကို မင်း…မင်း..တစ်ခုကူညီပါကွာ..'

'ငါဘာကူညီရမှာလဲ..ပြော…ဇေလတ်..'

'ဒေါ်ကေနူး..ခိုင်းထားတဲ့အလုပ်ကို ငါ့ကိုယ်စား မင်း လုပ်ပေးလိုက်ပါ…ကွာ..'

'စိတ်ချ..ငါ..ဆက်ပြီးလုပ်ပေးမှာပါ..ဇေလတ်..'

ဇေလတ်..သူ့လက်ကို ဆုပ်ကိုင် ခေါင်းကျိုးကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဆန္ဒမှူး··သွားကြရအောင်၊ ရဲဘော်တို့အလောင်းကို သယ်ခဲ့ကြတော့ကွာ··'

'ချောက်···'

ဆန္ဒမှူးလက်နှစ်ဖက်ကို စခန်းမှူးက လက်ထိပ်ခတ်လိုက်ပြီး ခေါ်ဆောင်လာချိန်တွင် ဦးစောလပိုင်ထူးနှင့်စိုင်းခွန်သာတို့ကို သက်ဆိုင်ရာမှ ခေါ်ဆောင်သွားပြီဖြစ်သည်။ ဆန္ဒမှူး လက်စား မချေလိုက်ပေမယ့် တရားဥပဒေကတော့ ပြစ်မှုကျူးလွန်ခဲ့သော စိုင်းခွန်သာတို့ သားအဖကို ထိုက်တန်သောအပြစ်ဒဏ်ကို ချမှတ်မှာ တော့သေချာသည်။

'မင်းလှ···မင်းအတွက် ငါကိုယ်တိုင်လက်စားမချေနိုင်တာကို ခွင့်လွှတ်ပါကွာ··'

✣ ✱ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

'မောင့်·ဓာတ်လမ်းကတော့ ဒါပါပဲထိပ်ထား··'

'မောင်··ထောင်ကျသွားသေးတယ်ပေါ့··'

'ဟုတ်တယ်··တရားမဝင်လက်နက်ကိုင်ဆောင်မှုနဲ့ ထောင်ထဲမှာ (၃)နှစ်လောက်နေပြီး ပြန်လွတ်လာတာနဲ့ ဒေါ်ကေနူးနဲ့ သွားပြီးတွေ့ခဲ့တယ်၊ သူ့ခင်ပွန်း နောက်ကိုလိုက်ခဲ့ရင်း ခုနစ်ပြည်ထောင်ကို ရောက်ခဲ့တာပဲ ထိပ်ထား··'

'ထိပ်ထား မသိလို့မေးချင်တယ်၊ မောင့်သူငယ်ချင်းက ဘာလို့ စိုင်းခွန်သာနဲ့တောင်ကြီးမှာ သွားတွေ့တာလဲဟင်'

'ရတီရဲ့ ညီမလေးကို ဖမ်းထားတယ်၊ ငွေနဲ့လာပြီးရွေးရမယ်ဆိုတာနဲ့သွားခဲ့တာ၊ တကယ်တော့ စိုင်းခွန်သာ့အကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြံပြီး ယုတ်မာခဲ့တာပါ၊ မင်းလှသေသွားရင် ရတီသူသူကိုပါ မကောင်းကြံဖို့ စီစဉ်ထားတာလေ..'

'တော်တော်ကြောက်ဖို့ကောင်းတဲ့ လူယုတ်မာတွေပဲ၊ ထောင်က ပြန်ပြီးထွက်လာရင်တောင် လူတွေကိုဆက်ပြီး ဒုက္ခ ပေးနေဦးမှာ..'

'စိုင်းခွန်သာ မပေးနိုင်တော့ပါဘူး..'

'ဘာလို့လဲမောင်..'

'ထောင်ထဲမှာ အကျဉ်းသားတစ်ယောက်နဲ့ရန်ဖြစ်ပြီး သေ သွားခဲ့ပြီလေ..'

'သူ့အမိုက်ဇာတ် သူသိမ်းသွားတာပဲ၊ ဒါနဲ့ မောင်.. ဒေါ်ကေနူးကိုပေးခဲ့တဲ့ကတိအတိုင်း ဟိုလူကို ရအောင်ပြန်ခေါ်သွား မှာလား'

'ခုအခြေအနေဆိုရင် ခေါ်လို့မလွယ်တော့ဘူး ထိပ်ထား၊ ဒီလူဟာ ဥပဒေနဲ့ ညိစွန်းနေတဲ့လူဖြစ်နေပြီလေ..'

'ဒေါ်ကေနူးကိုမောင်ရှင်းပြရမှာပေါ့'

'ရှင်းပြရမှာပေါ့၊ ဘာမှမတတ်နိုင်ဘူးလေ ထိပ်ထားရယ်..'

'ဒိုင်း...ဟီး...'

'ဟင်...ဝုန်း..'

သေနတ်ကျည်ဆန်မှ မီးတောက်ဒိုးတို့ မြင်းကို ထိမှန်ပြီး မြင်းပေါ်မှ နှစ်ယောက်သား ပြုတ်ကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟားဟားဟာ......မင်းတို့ခုတော့လည်း ဘာတတ်နိုင်သေးလဲ၊ အားလုံးကိုသတ်မယ်၊ ဟိုခွေးမ ခုလာခဲ့စမ်း..'

'မလာဘူး...ရှင့်လိုယုတ်မာကောက်ကျစ်တဲ့သူတွေဆီ ဘယ်တော့မှ မလာဘူး..'

'ယော့ကောင်တွေ.. ငါအသေမလိုချင်ဘူး၊ အရှင်လတ်လတ်လိုချင်တယ်၊ ရအောင်ဖမ်းကြစမ်း..'

ရက္ခမင်းခေါင်နှင့် ဦးမဟာစည်သူမင်းခေါင် အပါအဝင်သူပုန်အဖွဲ့တွေပါနေသောကြောင့် အင်အားက အရမ်းကိုကောင်းနေသည်။ မီးတောက်ဒိုးတို့မှာက (၇)ယောက်နှင့်ဘယ်လိုမှ ရင်ဆိုင်၍ မလွယ်ပေ။

မီးတောက်ဒိုးတို့ နားဆီသို့ ဝိုင်းရံပြီးချဉ်းကပ်နေသည်။

'ကျူ...ဒူးဝါး...သတိထားနော်..'

'စိတ်ချ..ဒီပွဲဟာ နောက်ဆုံးပွဲပဲ ဒိုးရေ..'

'သူသေကိုယ်သေပဲ..'

'ဒိုင်း...'

'အား...'

ဒိုးက တစ်ယောက်ချင်း ပစ်ခတ်နေသဖြင့် အရဲစွန့်ပြီး မတက်ရဲကြပေ။

'ခွေးမသားတွေ တက်ကြလေ၊ ငါနောက်ကနေ လိုက်ရရင် မသာပေါ်ကုန်တော့မယ်..'



www.burmeseclassic.com

www.burmeseclassic.com



ရက္ခမင်းခေါင် ဒေါသသံနှင့်ကြိမ်းမောင်းအော်ဟစ်နေသဖြင့် ရှေ့ကိုပြေးတက်ပေမယ့်မရနိုင်ဘဲဖြစ်နေသည်။

'ပေးစမ်းကွာ..လက်နက်ကြီး..'

ရက္ခမင်းခေါင် အဝေးပစ်လက်နက်ကြီးနှင့်ပစ်ခတ်ဖို့ပြင်ဆင်သည်နှင့်...

'ဒိုင်း..'

'ချွင်...'

ဒိုးသေနတ်ကျည်ဆန်မှာ ရက္ခမင်းခေါင် ပခုံးထက်ကို ထိမှန်သွားပြီးနောက်သို့လန်ပြီးကျသွားသည်။

'သား..လူ...ခွေးမသား မင်းကိုငါသတ်မယ်..'

'ဒိုင်း..ဒိုင်း...ဒက်..ဒက်..'

'ဟာ...ဟင်..'

သေနတ်သံတွေ ဆူညံပွက်လောရိုက်ခတ်ပြီးထွက်ပေါ်လာသော တိုက်ပွဲက ပြင်းထန်သွားသည်။

'မောင်..ရွာကလူငယ်တွေနဲ့ တပ်မတော်သားတွေ..'

'ဟင်...'

ခုနစ်ပြည်ထောင်လူငယ်တွေနှင့် တပ်ဖွဲ့ဝင်တွေ၏ ထိုးစစ်ကြောင့် ရက္ခမင်းခေါင်တို့ အထိနာကာ နောက်ဆုတ်ပြီးပြေးချိန်တွင် ဒိုး...ရက္ခမင်းခေါင်တို့နောက်သို့ပြေးလိုက်သွားသည်။

'မောင်...သတိထားနော်..'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ..'

ရက္ခမင်းခေါင် အရှေ့ကျောက်တောင်ကြားထဲသို့ပြေးဝင်သွားပြီး မီးတောက်ဒိုးကို အပိုင်စောင့်ပြီးပစ်နေလေတော့သည်။ ဒိုး..အခြေအနေကို ကြည့်ပြီးကျောက်တောင်ဆီသို့ကပ်မည်အပြု

'ဟော့..ကောင်...'

ဦးမဟာစည်သူမင်းခေါင်..ဒိုးနောက်ကျောမှ သေနတ်နှင့်တော့ချိန်လိုက်တော့သည်။

'ဟားဟားဟား...မင်းရဲ့သွေးကို သောက်ချင်နေတာကွ၊ မင်းကြောင့် ငါတို့ သားအဖတွေဘဝပျက်သွားပြီ၊ ငါ့အစ်ကိုတွေ ညီတွေလည်းသေပြီ၊ မင်းကို ငါသတ်ရမယ်..အဖေ..ကျုပ်သတ်မယ်ဗျာ..'

'သတ်ချင်ရင် မြန်မြန်သတ်၊ ဟိုကောင်တွေလာနေပြီ..'

'အဖေရယ်..သေတဲ့သူအရသာရှိရှိသေသွားပါစေ.. သေနတ်နဲ့ပစ်သတ်ရတာ အရသာမရှိဘူး၊ ဓားမြှောင်နဲ့သတ်မယ်၊ ကဲကွာ..'

'ဗိုး...'

'ဖြောင်း..'

ရက္ခမင်းခေါင်၏စိတ်ကူးက ကံဆိုးဖို့ဖြစ်သွားခဲ့လေပြီ မီးတောက်ဒိုးကို ခပ်ပေါ့ပေါ့လေးတွက်ပြီး ဓားမြှောင်နှင့်ပင်ပြီး ထိုးသည်ကို လက်ဖမ်းချုပ်ပြီး ဓားကိုလုယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်··ငါ့သားကိုခုလွှတ်စမ်း၊ ငါပစ်လိုက်မယ်နော်'

'ပစ်လိုက်လေ၊ ခင်ဗျားသားကိုယ်ပေါ်မှာ ကျည်ဖောက်ထွက်ပြီးမှ ကျုပ်ကိုထိမှာဆိုတော့၊ မဆိုးပါဘူး၊ ပစ်လေ··'

'ဖေဖေ··မ··မပစ်နဲ့ဗျာ··'

'မပစ်လို့မရဘူး··ပစ်ကိုပစ်ရမယ်··'

'ဟာဗျာ··ဒီလူကြီး··'

'ဒိုင်း···အား···'

ဦးမဟာစည်သူမင်းခေါင်လက်ထဲမှ သေနတ်လွင့်စင်သွားပြီး တပ်ဖွဲ့ဝင်တွေ ဖမ်းဆီးလိုက်သည်။

'ဒီကောင်ကို ခုလိုအရှင်ဖမ်းမိတာ ဒိုးကိုကျေးဇူးတင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကောင်နဲ့ အိန္ဒိယသူပုန်တွေ နယ်စပ်သူပုန်တွေနဲ့ ရှုပ်ထွေးခဲ့တာကို ဖော်ထုတ်နိုင်မှာ၊ အိုက်ကို ဆိုတဲ့လူကိုလည်း ဖမ်းထားလိုက်ပါပြီ'

'ဟင်···'

အိုက်ကိုဆိုသူမှာ မီးတောက်ဒိုး လာရောက်ရှာသော ဒေါ်ကေနူး၏ ခင်ပွန်းပင်မဟုတ်လား။ ဓနီးပေါ်မှာ သံစွာမဲ့ပြီး မကောင်းမှုနယ်ထဲမှာပျော်မွေ့ခဲ့သော လူတစ်ယောက်ကို ကံကြမ္မာက ဒဏ်ခတ်လိုက်လေပြီ။

'သွားကြစို့ဟေ့··'

ထိပ်ထား··မီးတောက်ဒိုးလက်မောင်းလေးကိုချိတ်ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာတော့သည်။

'မောင်..'

'ဘာလဲ ထိပ်ထား..'

'ခု..မောင်မြို့ကိုပြန်တော့မှာပေါ့..'

'အင်းလေ...မောင့်ဘက်က လုပ်ပေးနိုင်တဲ့ကိစ္စတွေကို လုပ်ပေးခဲ့ပြီလေ..ဒေါ်ကေနွဲကိုပြောပြသင့်တာကိုသွားပြီးပြောရဦးမှာ..'

'မောင်...ထိပ်ထားကိုထားခဲ့မှာပေါ့..'

'ခက်နေပြီ..မောင်ပြောပြမယ်..နားထောင်၊ ခုမောင်ပြန်တာနဲ့ထိပ်ထားကိုခေါ်မှာ၊ မောင့်ဖေဖေနဲ့မေမေကို ဖွင့်ပြောပြီးလက်ထပ်မယ်၊ ပြီးရင် ဘဝတစ်သက်လုံး အတူတူမခွဲဘဲနေမယ်လေ..'

'ဒိုး..'

'ဘာလဲ..ဒူးဝါး..'

'ကျုပ်တို့ ခုနယ်မြေကို ပြန်မလာတော့ဘူးလား'

'ပြန်လာရမှာပေါ့ဗျာ.. ခုနစ်ပြည်ထောင်ရွာလေးဟာ ကျုပ်နှလုံးသားရဲ့အမှတ်တရ နေရာလေးပဲ၊ မကြာခဏလာပေးရမှာပေါ့၊ ပြီးတော့ ရွာရဲ့ ဓလေ့အတိုင်း ဒီမှာ မင်္ဂလာပွဲလေးကို ကျင်းပမှာပါ..'

'ဒိုး တကယ်ပြောတာလား..'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပြောတာပေါ့၊ မယုံရင် ထိပ်ထားကိုမေးကြည့်'

'စိတ်ချ...စောထူးသာ..ခင်ဦးငယ်ကိုလည်းခေါ်သွားမှာ..'

'ဟာ..ဒါဆို ငါတို့ဇနီးမောင်နှံလည်းလိုက်မယ်..'

'မင်းတို့လိုက်မှတော့ ငါလည်းလိုက်မယ်ဟေ့..'

'လိုက်ကြဗျာ..ခုနစ်ပြည်ထောင်ရဲ့ ခုနစ်ယောက်တို့ရဲ့ ခုတစ်ခါခရီးကတော့ အပျော်ဆုံးခရီးလေးဖြစ်မှာပါ...'

*ပရိသတ်များကိုအစဉ်လေးစားလျက်..*

**ရွှေဘဝင်**



www.burmeseclassic.com